# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏၊ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၀၄၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား တက်ရောက်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**စင်ကာပူ နိုဝင်ဘာ ၁၃**

စင်ကာပူနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား၊ ASEAN Business Advisory Council မှ အာဆီယံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် အလားအလာများကို အာဆီယံနိုင်ငံ့ခေါင်းဆောင်များထံ တင်ပြသည့်အခမ်းအနား၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲနှင့် (၃၃)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် စင်ကာပူနိုင်ငံ Suntec Expo Convention Center ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ စာ » ၇



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ စာ » ၈

ရာသီဥတုပြောင်းလဲခြင်းနှင့် လူနေမှုဘဝများ ရှင်သန်နိုင်ရေး ဆောင်းပါး စာ » ၆

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး ပြည်တွင်း စာ » ၁၀

အချက်အလက်အစည်းအဝေးတက်ရန် အမေရိကန်ဒုတိယသမ္မတ ခရီးတစ်ထောက်အဖြစ် ဂျပန်သို့ရောက်ရှိ နိုင်ငံတကာ စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့၍ ပြည်ထောင်စုဝန်ကြီးဌာနအသစ်တစ်ခု ဖြည့်စွက်ဖွဲ့စည်းရန် တင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၂၀၂)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဤသို့သဝဏ်လွှာပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။ ဖြည့်စွက်ဖွဲ့စည်းမည့် ပြည်ထောင်စုဝန်ကြီးဌာနအသစ်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဖြစ်ပါသည်။

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခိုင်မာအားကောင်းရေးသည် အခြေခံကျသောလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုရာ၌ နိုင်ငံတကာစီးပွားရေးလုပ်ငန်းတို့၏ ရင်းနှီးမြှုပ်နှံမှုသာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာက ပေးအပ်သည့်ထောက်ပံ့ကူညီမှုများလည်း ပါဝင်ပါသည်။ အထက်၌တင်ပြထားသည့် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယကဦးတီခွန်မြတ်က "ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာက ပေးအပ်သည့် ကူညီထောက်ပံ့မှုများသည် နိုင်ငံတော်၏မူဝါဒစည်းမျဉ်းများနှင့်အညီ ထိရောက်စွာကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့၏ အရေးပါသောအခန်းကဏ္ဍအား ထိရောက်စွာမြှင့်တင်ရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော တာဝန်ရှိမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကို ဖြည့်စွက်ဖွဲ့စည်းရန် လိုအပ်လျက်ရှိပါသည်" ဟု တင်ပြခဲ့ပါသည်။

အချိန်နှင့်အမျှပြောင်းလဲမှုများဖြစ်ပေါ်နေသည့် ကမ္ဘာ့မျက်မှောက်စီးပွားရေးအခြေအနေ၌ ကမ္ဘာ့နိုင်ငံတိုင်းက မိမိနိုင်ငံ၊ မိမိပြည်သူတို့အကျိုးအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအား နည်းလမ်းပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပေါ်အခြေခံလျက် ပြည်ထောင်စုဝန်ကြီးဌာနအသစ် ဖြည့်စွက်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်၏ တင်ပြချက်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှလုံးသွင်းရမည့်ကိစ္စရပ် ဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတကာနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၌ တာဝန်ကျေ၊ တာဝန်သိသောနိုင်ငံဖြစ်ရန် လိုအပ်ပုံကို ထောက်ပြသကဲ့သို့ နိုင်ငံတကာနှင့်ပေါင်းစည်းမှုများမှ ရလာမည့်အခွင့်အရေးများအား ထိထိရောက်ရောက်ဆုပ်ကိုင်ရန်ကိုပါ မီးမောင်းထိုးတင်ပြခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် တိုင်းပြည်၏လိုအပ်ချက်တစ်ရပ်ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသစ် ဖြည့်စွက်ဖွဲ့စည်းရေးကို ပြည်ထောင်စုလွှတ်တော်က အလေးအနက် သုံးသပ်ဆုံးဖြတ်ပေးမည်ဟု ယုံကြည်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ဝါးခယ်မမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးမည်

**ဝါးခယ်မ နိုဝင်ဘာ ၁၃**

ဝါးခယ်မမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များသာမက အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များကို မင်းပိုင်ရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက် အာရောဂျတံခွန်ကုသိုလ်ဖြစ် မျက်စိအထူးကုဆေးရုံ၌ နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်၍ လာရောက်ပြသမည့် မျက်စိဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ကြောင်း၊ ကြိုတင်စာရင်းပေးသွင်းမှုကို မင်းပိုင်ရပ်ကွက် အာရောဂျတံခွန် ကုသိုလ်ဖြစ် မျက်စိခွဲစိတ်အထူးကုဆေးရုံ၌ နိုဝင်ဘာ ၇ ရက်မှစတင်ကာ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှမ်းသီဟ (ပြန်/ဆက်)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/M13/M14 တို့တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို တွင်းတူးစက် Semi-Submersible Tender Assisted Drilling Rig "WEST VENCEDOR" (Call Sign; 3FLT6) ဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

တွင်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Sr.No | Latitude | Longitude |
|---|---|---|
| Yetagun Platfrom | 13' 02' 57.563"N | 96 / 52' 07.736" E |

# အမျိုးသားနေ့အထိမ်းအမှတ်အကြို နယ်လှည့်အသိပညာပေး ဟောပြောပွဲကျင်းပ

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာအုပ်စု ကုန်းကလေးကျေးရွာတွင် ကျောင်းသားကျောင်းသူများအနေဖြင့် နေ့ထူးနေ့မြတ်များမှ မမေ့သင့်၊ မမေ့အပ်သော နေ့တစ်နေ့ကို အမြဲအမှတ်ရနေစေရန်ရည်ရွယ်၍ အမျိုးသားနေ့ အထိမ်းအမှတ်အကြို နယ်လှည့်အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမက ကျောင်း၌ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်သား/ရုပ်သံ ဦးမျိုးကိုကိုက အမျိုးသားနေ့တို့မမေ့ ခေါင်းစဉ်ဖြင့် အမျိုးသားရေးစိတ်ဓာတ် ထက်မြက်လာစေရန်နှင့် စည်းလုံးညီညွတ်ကြရန် အသိပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာဖတ်ရှိန် တိုးတက်မြင့်မားလာစေရေးနှင့် မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြရန် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အသိပညာပေး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြဘုတ်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

# ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့၌ ရပ်ဝန်းနှင့်လမ်းကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံကျင်းမြို့၌ နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ တရုတ်ဥပဒေအသင်းနှင့် နိုင်ငံရေးသိပ္ပံနှင့် ဥပဒေအနောက်တောင်တက္ကသိုလ်တို့ ပူးတွဲကျင်းပသော ရပ်ဝန်းနှင့်လမ်းကြောင်း အပြည်ပြည်ဆိုင်ရာ ဥပဒေပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့်အဖွဲ့တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တက္ကသိုလ်တို့အကြား ရှေ့ဆက်လက်၍ ဥပဒေပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဥပဒေပညာတော်သင်များစေလွှတ်မှု၊ ဥပဒေပညာရပ်ဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ညှိနှိုင်းဆွေးနွေးသည်။

နိုဝင်ဘာ ၉ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ အလယ်အလတ် တရားရုံးသို့လည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ကူမင်းမြို့ စီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးမှုဇုန်ရှိ ကျောက်မျက်အနုပညာလက်ရာထုတ်လုပ်မှုဌာနတွင် ကူမင်းဥပဒေအသင်းဥက္ကဋ္ဌ၊ ကူမင်း Abitration Centre မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဥပဒေရေးရာကိစ္စများ ဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့တွင် နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဗဟုသုတနှင့် အသိပညာပေး ရုပ်ရှင်ဇာတ်ကားကောင်းများပါဝင်ပြီး ယဉ်ကျေးမှုများ ပြောင်းလဲခြင်းကို လေ့လာနိုင်မည့် The MEMORY အမည်ရှိ နိုင်ငံတကာရုပ်ရှင်အမွေအနှစ်ပွဲတော်ကို (၆)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ပွဲတော်ကို ရုံတွင်းပြသမှုအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဝဇီရာပြဇာတ်ရုံတွင် နိုဝင်ဘာ ၉ ရက်မှ ၁၈ ရက်အထိလည်းကောင်း၊ ရုံပြင်ပြသမှုအနေဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိကို ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအတွင်း၌လည်းကောင်း ပြသလျက်ရှိကြောင်း သိရသည်။

ရုပ်ရှင်ပွဲတော်ဖြစ်မြောက်ရေးအတွက် ပါဝင်လုပ်အားပေးလျက်ရှိသည့် ကိုဟိန်းသီဟက "နိုင်ငံတကာမှာရှိတဲ့ အိမ်ထောင်ရေးကားတွေ၊ နောက် ဆယ်ကျော်သက်တွေက သူတို့ ဘာလုပ်ရမယ်ဆိုတာ မသိသေးဘူး။ အဲဒီအရွယ်တွေကို အဓိကပညာပေးတဲ့ ကားတွေပါ။ တချို့ကားတွေဆိုရင် ကျောင်းတက်ချင်လို့ မူးယစ်ဆေးရောင်းပြီး ပိုက်ဆံရှာတယ်။ အဲဒီပိုက်ဆံနဲ့ ကျောင်းတက်တာမျိုးတွေပေါ့" ဟု ပါဝင်ပြသသော ဇာတ်ကားအချို့အကြောင်းကို ပြောကြားသည်။

ရုပ်ရှင်ပွဲတော်ကျင်းပမည့် ၁၀ ရက်တာအတွင်း မြန်မာနှင့် နိုင်ငံတကာမှ အနုပညာဂန္ထဝင်မြောက်လက်ရာ ဇာတ်ကားပေါင်း ၇၅ ကားကို အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ပွဲတော်တွင် သည်းထိတ်ရင်ဖိုဇာတ်လမ်း၊ ဒရာမာ၊ ဟာသနှင့် အချစ်ဇာတ်လမ်းများကို ပြသလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ရုပ်ရှင်ပွဲတော်ကို ကမ္ဘာအနှံ့ရှိ "ပြသခွင့်ပိတ်ပင် ခံရသည့် ရုပ်ရှင်ဇာတ်ကားများနှင့် ဆင်ဆာဖြတ်တောက်မှု" ခေါင်းစဉ်အောက်တွင် ကျင်းပခဲ့ပြီး ရုပ်ရှင်ပေါ်ပေါက်စအချိန်တွင် နိုင်ငံအဝန်း၌ မကြာခဏကြုံတွေ့ခဲ့ရသည့် အနုပညာဖန်တီးမှုများ လွတ်လပ်စွာထုတ်ဖော်ပြသခွင့်ကို တားဆီးပိတ်ပင်ခြင်းအကြောင်း တင်ပြခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်ပွဲတော်အတွင်း မြန်မာ့အမွေအနှစ်ရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည့် မြဂနိုင် (၁၉၃၄) ကိုလည်း မဟာဗန္ဓုလပန်းခြံအတွင်း တေးဂီတသံတို့နှင့် တွဲဖက်တင်ဆက်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**




# ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေ

**ပလောက် နိုဝင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြည်ခြားကျေးရွာအုပ်စု ထီးလူးကျေးရွာ၌ ကျန်းမာရေးဌာန(ခွဲ)မှ ဆေးစိမ်ခြင်ထောင်များကို နိုဝင်ဘာ ၁၂ ရက်က ထီးလူးကျေးရွာဘုန်းကြီးကျောင်း၌ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ပြည်ခြားကျေးရွာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ)မှ သားဖွားဆရာမ ဒေါ်ဖြိုးလဲ့ရည်နှင့်အဖွဲ့က ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့်ရောဂါများ ကင်းဝေးစေရန်အတွက် ဆေးစိမ်ခြင်ထောင် အလုံး၂၀၀ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

ဖွင့်ပွဲအခမ်းအနား မစတင်မီ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီးတို့က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် Suntec Expo Convention Center အဝင်၌ ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဖွင့်ပွဲကို အာဆီယံအထိမ်းအမှတ်သီချင်းဖြင့်ဖွင့်လှစ်ပြီး အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ၊ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အခမ်းအနားတက်ရောက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့်အတူ ASEAN Business Advisory Council မှ အာဆီယံ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အလားအလာများကို အာဆီယံ နိုင်ငံ့ခေါင်းဆောင်များထံ တင်ပြသည့် အခမ်းအနားသို့ တက်ရောက်သည်။

**ညစာစားပွဲတက်ရောက်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲတို့သို့ တက်ရောက်သည်။

**တက်ရောက်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၃၃)ကြိမ်မြောက် အာဆီယံ မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲသို့တက်ရောက်လာရာ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်




(၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

## ဆိုက်ပရပ်စ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အဂျစ်(စ်) လွိုင်ဇူးအား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နယူးဒေလီမြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အဂျစ်(စ်) လွိုင်ဇူးအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အဂျစ်(စ်) လွိုင်ဇူးသည် ၁၉၉၀ ခုနှစ်တွင် ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပရောက် ဆိုက်ပရပ်စ်နိုင်ငံသားများရေးရာဌာနတွင် အကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တန်ဇန်းနီးယား၊ ယူဂန်ဒါ၊ ဇမ်ဘီယာ၊ ရဝမ်ဒါ၊ ဘူရွန်ဒီနှင့် ဆေးရှဲလ်နိုင်ငံတို့အား ပူးတွဲတာဝန်ယူဆောင်ရွက်ရသော ကင်ညာနိုင်ငံဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံ မဟာမင်းကြီးနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်နှင့် ကုလသမဂ္ဂလူသားများနေရာချထားရေးဆိုင်ရာ ဆိုက်ပရပ်စ်အမြဲတမ်းကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆိုက်ပရပ်စ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အာဖရိက-ဆာဟာရရေးရာဌာန အကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့အား ပူးတွဲတာဝန်ယူဆောင်ရွက်ရသော တရုတ်နိုင်ငံဆိုင်ရာ ဆိုက်ပရပ်စ်နိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ မော်လ်ဒိုက်၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ပူးတွဲတာဝန်ယူထားသော အိန္ဒိယနိုင်ငံဆိုင်ရာ ဆိုက်ပရပ်စ်မဟာမင်းကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ မစ္စတာ အဂျစ်(စ်) လွိုင်ဇူးသည် ဂရိ၊ အင်္ဂလိပ်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အီတာလျံနှင့် ပေါ်တူဂီဘာသာစကားများကို တတ်ကျွမ်းသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယခု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအား အောင်မြင်စွာ ကျင်းပပေးခဲ့မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အစိုးရဌာန အဖွဲ့အစည်းများ၊ နိုင်ငံတကာ အထောက်အကူပြုအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပွင့်လင်းမြင်သာမှု ရှိစေရန် ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များ၊ သံတမန်များအား ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှု၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် အမျိုးသမီးပါဝင်မှု မြှင့်တင်ရေး ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည် လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေး စသည့် စံ(၅)ချက်ဖြင့် ကိုက်ညီစေရန်အတွက် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလဟု ပိုင်းခြား၍ စီမံဆောင်ရွက်နေမှု၊ Voter Education နှင့် Civic Education ကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်မှု၊ ၂၀၂၀ ပြည့်နှစ်တွင် အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးခွင့်ရရှိလာမည့် မဲဆန္ဒရှင်လူငယ်များအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နော်ဝေသံအမတ်ကြီးက နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအား ကူညီဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား ကူညီဆောင်ရွက်ခဲ့မှု၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့အား ကူညီဆောင်ရွက်ခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကူညီဆောင်ရွက်နိုင်မည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားကြပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောမြေအသုံးပြုမှု လုပ်ပိုင်ခွင့်မြှင့်တင်ရေးဆိုင်ရာ တတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲနှင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

သစ်တောမြေအသုံးပြုမှု လုပ်ပိုင်ခွင့်မြှင့်တင်ရေးဆိုင်ရာ တတိယအကြိမ် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက Grand Amara Hotel နေပြည်တော်တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**





ပြည်ထောင်စုဝန်ကြီးက ယခု အလုပ်ရုံဆွေးနွေးပွဲတွင် မြေပြင်၌ လက်တွေ့ကျင့်သုံးလျက်ရှိသည့် ဒေသခံပြည်သူများ၏ ဓလေ့ထုံးတမ်းအစဉ်အလာ၊ လုပ်ပိုင်ခွင့်များနှင့် သဘာဝသယံဇာတများအပေါ် ထားရှိသည့်အမြင်တို့ကို ပိုမိုသိရှိနားလည်လာစေရန်၊ ဒေသခံပြည်သူများမှ ဦးဆောင်၍ သဘာဝသစ်တောများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝသယံဇာတများအပေါ် စီမံခန့်ခွဲအုပ်ချုပ်နေမှုများကို ပိုမိုသိရှိနားလည်လာစေရန်၊ သစ်တောစီမံအုပ်ချုပ်မှုနှင့် ပတ်သက်သည့် အခြေခံမူများ၊ တန်ဖိုးများနှင့် ရည်မှန်းချက်များအပေါ် ဒေသခံဌာနေတိုင်းရင်းသားများ၊ အစိုးရဌာနများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် အမြင်ချင်းဖလှယ်ပြီး မူဝါဒ၊ လက်တွေ့ကျင့်သုံးနေမှုများနှင့် ဆက်နွယ်မှုများကို ဆွေးနွေးအဖြေရှာရန်၊ ဒေသခံပြည်သူတို့၏ သစ်တောမြေနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ အသုံးချခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုမှုရရှိရေးနှင့် လုပ်ပိုင်ခွင့်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်နိုင်ရန်တို့အတွက် ရှေ့ပြေးစီမံကိန်းများမှ ရရှိသည့်ရလဒ်များကို ကျွမ်းကျင်သူပညာရှင်များက တင်ပြသွားမည်ဖြစ်ပြီး တက်ရောက်လာသူများက ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယခုကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သက်ဆိုင်ရာ သစ်တောဦးစီးဌာန ခရိုင်များအလိုက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် နိုင်ငံပိုင်သစ်တောစိုက်ခင်းတည်ထောင်ရန် မြေနေရာရွေးချယ်ခြင်း၊ စီးပွားရေးစိုက်ခင်းအဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်သည့်အတွက် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲ၊ အတားအဆီးများကို ဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးဆုံးဖြတ်နိုင်ကြမည် ဖြစ်ပါကြောင်း။

နိုင်ငံပိုင်သစ်တောစိုက်ခင်း မြေနေရာရွေးချယ်ခြင်းနှင့် စီးပွားရေးစိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းရန် ဧရိယာရွေးချယ်ခြင်းများနှင့် စီမံကိန်းပါ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ SOP နှင့်အညီ လိုက်နာဆောင်ရွက်ပြီး နည်းပညာရှုထောင့်အရ သေသေချာချာသုံးသပ်ရွေးချယ်ဆောင်ရွက်ကြရန်နှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေး သတိပြုဆောင်ရွက်ရန်လိုပါကြောင်း၊ ပင်ကျပ်နုတ်ခြင်း၊ ကိုင်းချိုင်ရှင်းလင်းခြင်းလုပ်ငန်းများမှ ထွက်ရှိကျွန်းရွက်များကို အပင်ခြေတွင် စုပုံရန်နှင့် ချောသည့်ဘက်အခြမ်းကို အောက်ဘက်တွင်ထား၍ ပုံရန်၊ လက်အောက်အဆင့်ဆင့်အား သိရှိလိုက်နာဆောင်ရွက်စေရေး ညွှန်ကြားပြသပေးရန် ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှူခင်းအသိပညာပေး ဟောပြော

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုအရ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းတွင် မှူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ပြစ်ဒဏ်အကြောင်း သိကောင်းစရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကြီးကြပ်၍ အသိပညာပေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်က ဝဏ္ဏဒီပရပ်ကွက် ဓမ္မာရုံ၌ အသိပညာပေးဟောပြောရာ ဒေသခံပြည်သူ ၇၀ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အကြိုလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အကြိုလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် MICC II ခန်းမရှေ့တွင် အခြေပြု၍ ကျင်းပသည်။

လမ်းလျှောက်ခြင်းအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြင့်ထွေး၊ ဦးအုန်းဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsen တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး**(ယာပုံ)** ပြည်ထောင်စုဝန်ကြီးများမှ ဦးဆောင်၍ စုပေါင်းလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ Myanmar Diabetes Care Program မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် ပြည်သူလူထု စုစုပေါင်းလူအင်အား ၁၇၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများဖြစ်ပွားမှုနှင့် အဆိုပါရောဂါများကြောင့် သေဆုံးမှုများသည် များပြားလျက်ရှိရာ အဆိုပါမကူးစက်နိုင်သော ရောဂါတစ်ခုဖြစ်သည့် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှု လျော့နည်းစေရန် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအား ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။



လမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခြင်း အခမ်းအနားကို "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း ဆောင်ရွက်ခြင်းကို ပြည်သူလူထုမှ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ၊ ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ဦးဆောင်၍ အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ကျင်းပရခြင်းဖြစ်သည်။

**သတင်းစဉ်**

# မြန်မာ-ဂျာမနီ နှစ်နိုင်ငံဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၃**

နှစ်စဉ်ကျင်းပသော မြန်မာ- ဂျာမနီ နှစ်နိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Dorothee Janetzke- Wenzel က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနက မြန်မာ-ဂျာမနီ နှစ်နိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဂျာမနီနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ)က မြန်မာနိုင်ငံဆိုင်ရာ Country Strategy အသစ်ကို လည်းကောင်း တင်ပြကြသည်။

ဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ၂၀၁၈ ခုနစ်မှ ၂၀၂၂ ခုနစ်အတွင်း အကူအညီ ယူရို ၃၄ ဒသမ ၅ သန်း ပေးအပ်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

ထို့ပြင် ဂျာမနီနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ဂျာမန်အဖွဲ့အစည်းများဖြစ်သော German Development Cooperation (GIZ)၊ German Development Bank (KfW) တို့မှ ကိုယ်စားလှယ်များအကြား အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြသည်။ **သတင်းစဉ်**

**❄ ကျောဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ပန်းချီဆရာကြီး ဦးသုခ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အမှတ်တရ ပန်းချီပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ပန်းချီဆရာကြီး ဦးသုခ(၁၉၁၈-၂၀၀၇)၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အမှတ်တရ ပန်းချီပြပွဲကို နိုဝင်ဘာ ၁၃ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand ဟိုတယ်၌ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ပန်းချီပြပွဲတွင် ခင်းကျင်းပြသသည့် ပန်းချီကားအရေအတွက် များပြားနေသည့်အတွက် နေရာနှစ်နေရာခွဲ၍ ကျင်းပခဲ့ပြီး The Strand ဟိုတယ်တွင် ပန်းချီကား ၃၀၀ ခင်းကျင်းကာ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လောကနတ်ခန်းမတွင် ပန်းချီကား ၇၀ ကို ပြသထားကြောင်း သိရသည်။



အဆိုပါပန်းချီပြပွဲသို့ အသက် ၉၄ နှစ်ရှိ ဆရာကြီး၏ဇနီး ဒေါ်ခင်အုန်းလည်း တက်ရောက်ခဲ့သည်။ ဆရာကြီးနှင့် ပတ်သက်၍ မှတ်မိသမျှကို ပြန်ပြောင်းပြောပြရာတွင် "သူက ငယ်ငယ်လေးကတည်းက ဆယ်တန်းအောင်ပြီး အလုပ်လုပ်တယ်။ အဲဒီတုန်းက နယူးတိုင်းမှာ လုပ်တယ်။ နောက်တော့ ပန်းချီပေါ့။ ပန်းချီမှာ နည်းပြအဖြစ် ဝင်လုပ်တယ်။ ခင်ပွန်းသည်က သူ့တပည့်တွေအပေါ်မှာ စေတနာလဲကောင်းပါတယ်။ သူ့သားနဲ့မခြား ပြုစုပျိုးထောင်ပေးတယ်"ဟု ပြောကြားခဲ့သည်။

ပန်းချီဆရာကြီး ဦးသုခသည် ဘဝသက်တမ်းတစ်လျှောက်တွင် ပန်းချီကျောင်း၌ ပန်းချီဆရာအဖြစ် မြှုပ်နှံခဲ့ပြီး ပင်စင်ယူပြီးနောက်ပိုင်းတွင်လည်း ပန်းချီကျောင်းသားများကို သင်တန်းများ ပို့ချပေးခဲ့သည်။ ဆရာကြီးသည် ပန်းချီသင်တန်းကျောင်း၌ ပထမနှစ်တွင် သင်ကြား၍ အဆောင်မှူးအဖြစ်လည်း တာဝန်ယူရသည့်အတွက် ကျောင်းသားများနှင့် ရင်းနှီးကာ ကျောင်းသားများ၏ သာရေး၊ နာရေးကိစ္စအဝဝကို ဂရုတစိုက် ဆောင်ရွက်ပေးတတ်ကြောင်း သိရသည်။

"ပန်းချီဆရာကြီး ဦးသုခက သူရှိစဉ်ကတည်းက ပန်းချီလောကအတွက် အများကြီးကျေးဇူးပြုသွားတယ်။ ပန်းချီဆရာကောင်းတွေ၊ ပန်းချီတပည့်ကောင်းတွေ အများကြီး မွေးထုတ်ပေးခဲ့တယ်" ဟု ပန်းချီဆရာကြီး ဦးသုခဖောင်ဒေးရှင်း ဥက္ကဋ္ဌ ပန်းချီဆရာမင်းဝေအောင်က ပြောကြားသည်။

ယခု ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲတွင် နိုင်ငံတကာမှ ပန်းချီဆရာများကိုပါ ဖိတ်ခေါ်ထားသည့်အတွက် အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့မှ ပန်းချီဆရာများကလည်း ပန်းချီကားများ ပေးပို့ပြသခဲ့ရာ ပြည်ပပန်းချီလက်ရာ ၅၇ ကားပါဝင်ပြသထားကြောင်း သိရသည်။ ခေတ်သစ်ပန်းချီနှင့် သဘာဝကို အခြေခံထားသော ပန်းချီကားများကို ရေဆေး၊ ဆီဆေးအသုံးပြုကာ ရေးဆွဲထား၍ ပန်းချီကားပေါင်း ၃၇၀ ပါဝင်ပြီး ပန်းပုရုပ်များလည်း ပါဝင်ကြောင်း သိရသည်။

ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The Strand ဟိုတယ်တွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ လောကနတ်ခန်းမတွင် နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိလည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသော ပန်းချီပြပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပန်းချီဆရာကြီး ဦးသုခကို ရည်စူးကန်တော့ကြသည့်အပြင် ပန်းချီဆရာကြီး ဦးသက်ညွန့်နှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့ကိုလည်း မျိုးဆက်သစ်ပန်းချီ ဆရာများက ကန်တော့ခဲ့ကြကြောင်း သိရသည်။

ပန်းချီဆရာကြီး ဦးသုခ၏ မွေးနေ့သည် ၁၉၁၈ ခုနှစ် နိုဝင်ဘာ ၁၁ ရက်ဖြစ်သော်လည်း ခန်းမများငှားရမ်းရန် အခက်အခဲဖြစ်ခဲ့သည့်အတွက် ယခုကဲ့သို့ နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-အာကာစိုး**

# ရာသီဥတုပြောင်းလဲခြင်းနှင့် လူနေမှုဘဝများ ရှင်သန်နိုင်ရေး

## ရဲရဲထွန်းတောက်(မွေးလုံး)

**ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ**

ကျွန်ုပ်တို့ကမ္ဘာ၏ ရာသီဥတုသည် အမြဲပြောင်းလဲနေပြီး အတိတ်ကာလက ပြောင်းလဲမှုများသည် သဘာဝအရ ပြောင်းလဲခြင်းဖြစ်ပြီး ယခုပြောင်းလဲမှုမှာ လူသားတို့၏အမူအကျင့်များကြောင့် ပြောင်းလဲလာရခြင်းဖြစ်သည်။

"ရာသီဥတုပြောင်းလဲခြင်း" ဆိုသည့် အသုံးအနှုန်းသည် ၁၉ ရာစုအလယ်မှစ၍ ယနေ့အထိ ပြောင်းလဲမှုများကို ဆိုလိုသည်။ ရာသီဥတုပြောင်းလဲခြင်း၏ အဓိကအကြောင်းအရင်းမှာ နေမှရသော စွမ်းအင်ဖြင့် ကမ္ဘာကြီး၏လေထုကို မှန်လုံအိမ်ကဲ့သို့ အုပ်မိုးပေးထားသော မှန်လုံအိမ်အာနိသင်တိုးလာခြင်းကြောင့်ဖြစ်သည်။ ဤသို့ဖြင့် လူများအသက်ရှင် ရပ်တည်နိုင်ရန် ကမ္ဘာကြီးကို အနွေးဓာတ် ထိန်းပေးထားသော မှန်လုံအိမ်အာနိသင်မှာ ပျက်စီးလာခဲ့သည်။

နေစွမ်းအင်သည် မြေထု၊ ရေထုနှင့်လေထုကို အနွေးဓာတ်ရစေသည်။ ထိုနွေးထွေးလာသော မြေထု၊ ရေထုနှင့် လေထုတို့သည် အပူဓာတ်ကို တစ်ဖန်ပြန်ပေးကာ ကောင်းကင်ပေါ်သို့ ပြန်ရောက်ရှိသွားသည်။ ကမ္ဘာမြေပြင်၏ လေထုထဲတွင်ရှိသော ရေငွေ့ကဲ့သို့ ဓာတ်ငွေ့များသည် အပူကို အာကာသတွင်းသို့ ပျံ့လွင့်မသွားစေရန် ထိန်းသိမ်းပေးထားသည်။ ဤသို့ဖြင့် ကမ္ဘာကြီးကို စောင်တစ်ထည်ခြုံထားသကဲ့သို့ နွေးထွေးစေပြီး လူများ၊ တိရစ္ဆာန်များနှင့် အပင်များအတွက် နေထိုင်ရန် သင့်တော်သော နေရာတစ်ခုအဖြစ် ဖန်တီးပေးထားသည်။ ထိုကဲ့သို့ သင့်လျော်မျှတသည့်အပူကို ထိန်းချုပ်ပေးထားသော စနစ်မရှိလျှင် ကျွန်ုပ်တို့ကမ္ဘာသည် ယခုအခြေအနေထက် ၁၅ ဒီဂရီဆဲလ်စီးရပ်ခန့်ပို၍ အေးနေမည်ဖြစ်သည်။

ယင်းကဲ့သို့သောဖြစ်စဉ်ကို "မှန်လုံအိမ်အာနိသင်" ဟုခေါ်ဆိုကြသည်။ ထိုအခြင်းအရာသည် လေထုထဲတွင်ရှိသော ရေငွေ့နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့(GHG) များဖြင့် တည်ရှိနေသောဖြစ်စဉ်တစ်ခုဖြစ်သည်။ ယင်းမှန်လုံအိမ်ဓာတ်ငွေ့များ လိုအပ်သည်ထက် ပိုများလာပြီး ကမ္ဘာမြေကို ပို၍နွေးထွေးလာစေလျှင် သက်ရှိများအတွက် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပိုရရှိစေမည်ဖြစ်သည်။

ကမ္ဘာကြီးသည် နှစ်ပေါင်းတစ်သောင်းကြာအောင် အပူအအေးမျှတစွာဖြင့် တည်ရှိနေခဲ့သည်။ သို့သော် သိပ္ပံပညာရှင်များသည် ပြီးခဲ့သည့်နှစ်ပေါင်း ၁၅၀ အတွင်း ကမ္ဘာကြီးသည် တဖြည်းဖြည်းလျင်မြန်စွာ ပို၍ ပူနွေးလာကြောင်း သတိထားမိလာကြသည်။

ထိုကဲ့သို့သောဖြစ်စဉ်ကို "ကမ္ဘာကြီးပူနွေးလာခြင်း" ဟုခေါ်သည်။ ယင်းသည် မှန်လုံအိမ်အာနိသင် (greenhouse effect) ကို ပို၍ ပြင်းထန်စေသော လေထုထဲမှ မှန်လုံအိမ်ဓာတ်ငွေ့များ လိုအပ်သည်ထက်များလာခြင်းကြောင့်ဖြစ်သည်။

ထိုအပြောင်းအလဲသည် မှန်လုံအိမ်ဓာတ်ငွေ့ (GHG) ကို ပို၍များစေသော လူတို့၏အပြုအမူများမှ ရလဒ်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် မှန်လုံအိမ်ဓာတ်ငွေ့ကို မည်ကဲ့သို့ ထုတ်လွှတ်နေသနည်း။

**ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)**

ကာဗွန်ဒိုင်အောက်ဆိုက်ကို အဓိကအားဖြင့် စက်ရုံများမှထွက်သော ကျောက်မီးသွေး၊ လောင်စာဆီ၊ ဓာတ်ငွေ့စသော လောင်စာများ လောင်ကျွမ်းခြင်းများကြောင့်လည်းကောင်း၊ အပူပိုထုတ်လွှတ်သော လျှပ်စစ်စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များကြောင့်လည်းကောင်း ဖြစ်စေသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းသည်လည်း ကာဗွန်ဒိုင်အောက်ဆိုက် အများအပြား ထုတ်လွှတ်သည်။

**မီသိန်း ( $CH_4$ )**

မီသိန်းကဲ့သို့သော ဓာတ်ငွေ့များမှာအဓိကအားဖြင့် ကျွဲ၊ နွားများ၏ အညစ်အကြေးများ၊ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ထုတ်လွှတ်ခြင်းဖြစ်သည်။

**နိုက်ထရပ်အောက်ဆိုက် ( $N_2O$ )**

($N_2O$) ကို အထူးသဖြင့် သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့် လောင်စာများ လောင်ကျွမ်းခြင်းနှင့် ဓာတုဗေဒစက်ရုံများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဖြစ်စေသည်။

**ကလိုရိုဖလိုရိုကာဗွန် (Chloroflurocarbons - CFCs)**

ရေခဲသေတ္တာ၊ လေအေးပေးစက်၊ စပရေးဘူးစသည်တို့နှင့် ပလတ်စတစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများတွင် CFCs နှင့် အခြားနည်းတူ အစားထိုးပစ္စည်းဖြစ်သော HCFCs နှင့် PFCs စသော ဓာတ်ငွေ့များပါဝင်သည်။

**အိုဇုန်း ( $O_3$ )**

လူကြောင့် အိုဇုန်းဓာတ်ငွေ့သည် လေထုထဲသို့ တိုက်ရိုက်မရောက်သော်လည်း နိုက်ထရိုဂျင်အောက်ဆိုက် ($NO_x$)၊ ကာဗွန်မိုနောက်ဆိုက် (CO)၊ ဗော်တိုင်းအော်ဂဲနစ်ဓာတ်ပေါင်း (VOC) စသော ဓာတ်ငွေ့များဓာတ်ပြုပြီး ဖြစ်ပေါ်စေသည်။ ထိုအိုဇုန်းဓာတ်ငွေ့၏ ရှေ့ပြေးဟု ခေါ်ဆိုကြသော ယင်းဓာတ်ငွေ့များသည် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် စက်ရုံများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ မြို့ပြနေထိုင်မှုပုံစံသည် စက်ရုံများနှင့် ကားများကြောင့် မှန်လုံအိမ်ဓာတ်ငွေ့အမြင့်ဆုံး ထုတ်လွှတ်သောအရာဖြစ်သည်။



မြို့ကြီးများသည် "Heat Island Effect" ကို ထုတ်လွှတ်ပြီး၊ "Heat Island" ဆိုသည်မှာ မြို့ပြနေထိုင်မှုပုံစံကို ရည်ညွှန်းခြင်းဖြစ်သည်။ မြို့ကြီးများတွင် အဆောက်အအုံများနှင့် ကတ္တရာလမ်းများသည် နေစွမ်းအင်ကို အခြားအရာများထက်ပို၍ စုပ်ယူကာ ထိုစွမ်းအင်ကို ပြန်လည်ထုတ်လွှတ်သောအခါ ပတ်ဝန်းကျင်လေထုနှင့် မျက်နှာပြင်အပူချိန်ကို တိုးစေသည်။ ထိုအခြင်းအရာသည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ရိုက်အကျိုးမသက်ရောက်စေသော်လည်း၊ မြို့ပြနေလူများသည် အပူဒဏ်ကို လျော့ကျစေရန် လေအေးပေးစက်များကို အသုံးပြုလာရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပို၍များပြားလာစေသည်။

မှန်လုံအိမ်ဓာတ်ငွေ့အချို့သည် သဘာဝအလျောက် လေထုထဲတွင် ဖြစ်ပေါ်တည်ရှိနေသင့်သော်လည်း ပြီးခဲ့သော ဆယ်စုနှစ်များအတွင်း ဓာတ်ငွေ့များရှိသင့်သည်ထက်ပို၍ များလာသည်ကို သိပ္ပံပညာရှင်များက တိုင်းတာသိရှိခဲ့သည်။

- ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) သည် လူကြောင့်ဖြစ်သော အဓိကမှန်လုံအိမ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုသည် ၁၉၇၀ မှ ၂၀၀၄ ခုနှစ်အထိ နှစ်စဉ် ၈၀ ရာခိုင်နှုန်းခန့် မြင့်မားလာသည်။
- ၂၀၀၆ ခုနှစ်တွင် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ပမာဏမှာ ၃၈၅ ppm အထိရှိခဲ့ပြီး ယင်းပမာဏမှာ လွန်ခဲ့သည့်နှစ်ပေါင်း ၆၅၀၀၀၀ အတွင်း မကြုံစဖူးပင်ဖြစ်သည်။
- လေထဲရှိ GHG ပမာဏတိုးလာခြင်းမှာ ကျောက်မီးသွေး၊ ဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်း၊ တောမီးလောင်ကျွမ်းခြင်းစသော လူတို့၏ အပြုအမူများကြောင့် အဓိကဖြစ်သည်။
- သိပ္ပံပညာရှင်များ၏ အဆိုအရ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ပမာဏမှာ နောင်နှစ်ပေါင်း ၅၀ အတွင်း ၃၀ ရာခိုင်နှုန်းခန့် ပို၍တိုးလာမည်ဖြစ်သည်။

၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (WMO) တို့ ပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်းအဖွဲ့အစည်း (IPCC) ကို တည်ထောင်ခဲ့သည်။ ၎င်း၏ အခန်းကဏ္ဍမှာ လူသားများကြောင့် ရာသီဥတု အပြောင်းအလဲဖြစ်စေသည့် အန္တရာယ်ကို နားလည်သဘောပေါက်ရန် သိပ္ပံနည်းကျ လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ သတ်မှတ်ရန် ဖြစ်သည်။

IPCC ၏ လေးကြိမ်မြောက် အကဲဖြတ်အစီရင်ခံစာကို ၂၀၀၇ ခုနှစ်တွင် သိပ္ပံပညာဆိုင်ရာ ကျွမ်းကျင်သူ ၃၆၀၀ ပါဝင်သော အဖွဲ့အစည်းအနေဖြင့် သုံးနှစ်ကြာပူးပေါင်းဆောင်ရွက်ပြီး ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာအရ ၁၇၅၀ ပြည့်နှစ်မှစ၍ လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် နိုက်ထရပ်အောက်ဆိုက်ပမာဏမှာ လူသားတို့၏ အပြုအမူကြောင့် သိသိသာသာ တိုးလာကြောင်း တွေ့ရှိခဲ့သည်။

- GHG ဓာတ်ငွေ့သည် အပူကိုစုပ်ယူထားမှုကြောင့် နောင်နှစ်ပေါင်းတစ်ရာအတွင်း ကမ္ဘာမြေပြင်၏ အပူချိန်မှာ ဆယ်နှစ်လျှင်ပျမ်းမျှ ၀ ဒသမ ၂ ဒီဂရီဆဲလ်စီးရပ်ခန့် တိုးလာမည်ဟု ခန့်မှန်းရသည်။
- GHG ဓာတ်ငွေ့ထုတ်လွှတ်မှု ဆက်တိုက်တက်နေသောကြောင့် ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သော ပမာဏတွင်သာ ရပ်တန့်နေမည်ဆိုလျှင်လည်း ပျမ်းမျှကမ္ဘာ့အပူချိန်မှာ ဆယ်နှစ်လျှင် ၀ ဒသမ ၁ ဒီဂရီဆဲလ်စီးရပ်ခန့် တိုးလာမည်ဟု မျှော်လင့်ရသည်။ ထိုပမာဏမှာ များသည်ဟု မဆိုနိုင်သော်လည်း ပြီးခဲ့သည့် ရာစုနှစ်အတွင်း ကမ္ဘာ့အပူချိန်သည် ဤကဲ့သို့ မြင့်တက်လာခဲ့ပေသည်။

လေထုပို၍ပူနွေးလာခြင်းသည် မိုးရွာသွန်းမှုနှင့် လေတိုက်နှုန်းပုံစံကို ပျက်ပြားစေခြင်းကြောင့် ပြင်းထန်သော ရေကြီးမှုများနှင့် အချိန်ကြာမြင့်စွာ မိုးခေါင်မှုတို့ကို ဖြစ်စေသည်။

ပင်လယ်ရေမျက်နှာပြင်နွေးလာသောအခါ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ပင်လယ်ကမ်းရိုးတန်းနှင့် ကုန်းမြေနိမ့်သောနေရာများတွင် နေထိုင်လာကြသောသူများကို ခြိမ်းခြောက်လာသည်။

ပင်လယ်ရေမျက်နှာပြင်သည် ပူနွေးလာသည်နှင့်အမျှ မြင့်တက်လာရခြင်းမှာ ပူနွေးလာသောရေသည် ပို၍အေးသော ရေထက် ပို၍နေရာပိုယူသောကြောင့်ဖြစ်သည်။ ထို့အပြင် ပင်လယ်ရေမျက်နှာပြင်သည် ရေခဲမြစ်များ အရည်ပျော်ခြင်းကြောင့် မြင့်တက်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဆားငန်ရေသည် သာမန်ရေထက်ပို၍ ထုထည်များသောကြောင့်ဖြစ်သည်။

ဂြိုဟ်တုနှင့် ဖလုပ် (float) ကဲ့သို့သော သမုဒ္ဒရာအတွင်းရှိ တိုင်းတာရေးကိရိယာများအရ အဏ္ဏဝါ သိပ္ပံပညာရှင်များ၏ ၂၀၀၆ ဇွန်လတွင် ထုတ်ပြန်သည်မှာ ၁၉၉၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ပင်လယ်ရေမျက်နှာပြင်သည် တစ်နှစ်လျှင် ၃ မီလီမီတာ(၀ ဒသမ ၁ လက်မ)စီမြင့်တက်လာသည်ဟုဆိုသည်။

အပူချိန်မြင့်တက်လာခြင်းကြောင့် ရေခဲမြစ်များအရည်ပျော်ရာ ရေးဦးစွာ ရေကြီးမှုများဖြစ်လာပြီးနောက် ရေပြတ်တောက်ခြင်းပြဿနာနှင့် ကြုံတွေ့နိုင်သည်။

**IPCC ၏ ခန့်မှန်းချက်အရ**

သက္ကရာဇ် ၂၀၅၀ ခန့်တွင် အာရှတိုက်အလယ်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့တောင်အာရှရှိ အထူးသဖြင့် မြစ်ဝှမ်းပိုင်းဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိနှုန်းနိမ့်ဆင်းလာမည်ဟု ခန့်မှန်းရသည်။

- တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှတို့၏ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ အထူးသဖြင့် လူဦးရေထူထပ်သော မြစ်ဝကျွန်းပေါ်ဒေသကြီးများတွင် ပင်လယ်ရေကြောင့် ရေကြီးမှုများ ပိုမိုများပြားလာနိုင်ပြီး အန္တရာယ်ရှိမှုကြီးလာနိုင်မည် ဖြစ်သည်။ ထို့အပြင် အချို့မြစ်ဝကျွန်းပေါ်ဒေသကြီးများတွင် မြစ်ရေကြောင့် ရေကြီးမှုများလည်း ရှိလာနိုင်မည် ဖြစ်သည်။
- ရာသီဥတုပြောင်းလဲလာခြင်းသည် မြို့ပြစနစ် လျင်မြန်စွာ ဖြစ်ထွန်းလာခြင်း၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးတိုးတက်လာခြင်းတို့နှင့် ဆက်စပ်နေပြီး သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်အပေါ် ခြိမ်းခြောက်လာနိုင်သည်ဟု ခန့်မှန်းရပါသည်။
- တောင်အာရှ၊ အရှေ့အာရှနှင့် အရှေ့တောင်အာရှတို့တွင် ရေကြီးမှု၊ မိုးခေါင်မှုကြောင့် အဓိကဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ဥပါဒ်န် (morbidity) နှင့် အသေအပျောက် (mortality) များ ဖြစ်ပွားလာဦးမည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့လူသားများအနေဖြင့် မိမိတို့၏ လူနေမှုဘဝများမပျက်စီးမဆုံးရှုံးစေရေးအတွက် လူတစ်ဦးချင်းစီ၏ စောင့်ထိန်းလိုက်နာကြရမည့် သဘာဝကျင့်ဝတ်များကို သိရှိနားလည်စေရန် လိုအပ်ပါသည်။ သို့မှသာ သဘာဝတရားတို့သည် သူ့အချိန်အခါနှင့်သူ စနစ်တကျလည်ပတ်နိုင်မည်ဖြစ်ပြီး လူသားတို့ကို အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

---

# မုံရွာမြို့နယ်အတွင်း စိုက်ပျိုးရန်နှင့် သောက်သုံးရန် ဆည်ရေအလုံအလောက် ဖြန့်ဝေပေးသွားမည်

**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း စိုက်ပျိုးရေ၊ သောက်သုံးရေတို့ကို အဓိကဖြန့်ဝေပေးနေသော ဆည်ကြီးသုံးခုဖြင့် နွေသီးနှံများအတွက် စိုက်ပျိုးရေ အလေအလွင့်မရှိစေရေး ရေပေးမြောင်းများကို ပြန်လည်ပြုပြင်လုပ်ဆောင်ကာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

"သာစည်ဆည်နဲ့ ထန်းဇလုပ်ဆည်က ဆည်ရေတွေက စပါးစိုက်ပျိုးရေးအတွက် အဓိကဖြန့်ဝေပေးနေတာပါ။ မိုးစပါးအတွက် စိုက်ပျိုးရေကို ဇွန် ၁၅ရက်ကစပြီး စတင်ဖြန့်ဝေပေးတာပါ။ နိုဝင်ဘာလ ဒုတိယပတ်အတွင်းက သုံးကြိမ်မြောက်အဖြစ် အောင်ရေအတွက် ဖြန့်ဝေပေးနေပါတယ်။ အောင်ရေပေးပြီးရင် နွေစပါးအတွက် စိုက်ပျိုးရေအလေအလွင့်မရှိ ဖြန့်ဝေပေးနိုင်ဖို့ ရေလွှတ်မြောင်းတွေကို အသေးစားပြင်ဆင်မှာပါ"ဟု ၎င်းက ပြောသည်။

၂၀၁၈ ခုနှစ် မိုးရာသီတွင် သာစည်ဆည်သည် ကန်ရေပြည့်အဖြစ် ပေ ၅၂၀ သတ်မှတ်ထားရာ ယခုနှစ် မိုးရာသီတွင် ၅၁၀ ဒသမ ၇၀ အထိ ရေဝင်ရောက်ခဲ့သည်။

ယခုအခါတွင် ၅၀၄ ပေအထိ ကျန်လျက်ရှိပြီး မိုးစပါး ဧက၃၀၀နှင့် နွေစပါး ဧက ၁၅၀ စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသည်။ ထန်းဇလုပ်ဆည်သည် ကန်ရေပြည့်အဖြစ် ပေ ၄၂၀ သတ်မှတ်ထားရာ ယခုနှစ်မိုးရာသီတွင် ၄၁၈ ပေ အထိ ရေဝင်ရောက်ခဲ့၍ ယခုအခါတွင်၄၁၃ ဒသမ ၄ပေအထိ ကျန်လျက်ရှိကာ မိုးစပါးဧက ၄၅၀နှင့် နွေစပါး ဧက ၃၅၀ စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသည်။ ဇောခိတထောင် ဆည်သည် ကန်ရေပြည့်အဖြစ် ၅၆၅ ပေသတ်မှတ် ထားရာ ယခုနှစ်မိုးရာသီတွင်၅၆၂ ဒသမ ၃ပေ အထိရေဝင်ရောက်ခဲ့ပြီး ယခုအခါတွင် ၅၅၈ ဒသမ ၄ ပေအထိ ကျန်လျက်ရှိကြောင်း ပတ်ဝန်းကျင်ကျေးရွာများ သောက်သုံးရေနှင့် သာသနာ့နယ်မြေအတွင်းရှိ သစ်တောများစိမ်းလန်းစိုပြည်ရေး အတွက်အသုံးပြုသော ဆည်တစ်ခုဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းနှင့် အဆို ၁ ခုတင်သွင်းခြင်း တို့ကို ဆောင်ရွက်ကြသည်။**



ဒုတိယဝန်ကြီး ဦးကျော်လင်း



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## ၂၈ နှစ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၁၀၀ ခွင့်ပြုခဲ့

အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၃၁-၃-၂၀၁၆ ရက်နေ့ရှိ ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၁-၄-၂၀၁၆ မှ ၃၁-၃-၂၀၁၈ထိ တိုးလာသော ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက် ကုမ္ပဏီ၊ လုပ်ငန်းအရေအတွက်၊ ရင်းနှီးပြီးငွေပမာဏ(US-ဒေါ်လာဖြင့်)၊ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်းမလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်းပိတ်သိမ်း အရေးယူခဲ့ရမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး အခွင့်အလမ်းဖော်ဆောင်ပေးမည့် အစီအမံများရှိလျှင် ရှင်းလင်းချပြနိုင်ရေး** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးဆက်အောင်က မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ၂၈ နှစ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၀၀ ခွင့်ပြုခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၇၂ ဘီလီယံဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၂နှစ်တာကာလအတွင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့မှအပ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍစသည့် လုပ်ငန်းကဏ္ဍ ၁၀ ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၆၀ ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၇ ဘီလီယံဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ၂နှစ်တာ ကာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လကုန်အထိ နှစ်ပေါင်း ၃၀ အတွင်း ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၁၆ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ တိုးတက်မှုရှိသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် MIC ပါမစ်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ စာချုပ်စည်းကမ်းမလိုက်နာမှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် လုပ်ငန်းပိတ်သိမ်းရန် အရေးယူခဲ့ရမှုများ မရှိခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်၏ အမိန့်ကြော်ငြာစာ ၁၃/၂၀၁၇ အရ ဆေးရွက်ကြီး၊ ဗာဂျီနီးယားဆေးများစိုက်ပျိုးထုတ်လုပ်ခြင်းမှလွဲ၍ လယ်ယာစိုက်ပျိုးရေး၊ သစ်တောစိုက်ပျိုးပြုစုရေးနှင့် အခြားသစ်တောလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ၎င်းတို့၏ ဆက်စပ်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ (Promoted Sector) အဖြစ် သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် ဦးစားပေးမြှင့်တင်မည့်ကဏ္ဍများမှာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅ အရ လုပ်ငန်းဆောင်ရွက်သည့် ဒေသအပေါ်မူတည်ပြီး ဝင်ငွေခွန်ကင်းလွတ်ခွင့် ၃ နှစ်မှ ၇ နှစ်အထိ လျှောက်ထားခံစားခွင့်ရရှိမည် ဖြစ်ပါကြောင်း။

ထို့အပြင် စိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းနှင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို အဆိုပြုထားပါက ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အသိပေး ကြော်ငြာခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကမ်းထောင်ကြီး-သရက်တောင်မြို့၊ ရွာချင်းဆက်လမ်းပေါ်ရှိ ပေါက်တူးတောင်ချောင်းကူးတံတားနှင့် ကမ်းထောင်ကြီး-သရက်တောင်မြို့ ရွာချင်းဆက် မြေသားလမ်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ပေးမည်နှင့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မေးခွန်း၏ ပထမအပိုင်းဖြစ်သည့် ကမ်းထောင်ကြီး-သရက်တောင်လမ်းပေါ်ရှိ ပေါက်တူးတောင် ချောင်းကူးတံတားအား တည်ဆောက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ၁၀၀ ရာခိုင်နှုန်းပြီးစီးရန်အတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

မေးခွန်းဒုတိယပိုင်းဖြစ်သည့် မြေပုံမြို့နယ် ကမ်းထောင်ကြီး-သရက်တောင်လမ်း အရှည် ၃ မိုင် ၂ ဖာလုံသည် ယာယီမြေသား တာပေါင်လမ်းအဆင့်ဖြစ်ပြီး ဒီရေကင်းလွတ်အမြင့် ၃ ပေနှင့် မြေသားလမ်းတာပေါင် အကျယ် ၂၄ ပေရရှိရန် ဆောင်ရွက်ပြီးပါက ကျောက်ချောလမ်းအဆင့် မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း၊ ကမ်းထောင်ကြီးလမ်းနှင့် ယခုဆောက်လုပ်ဆဲ ပေါက်တူးတောင် ချောင်းကူးတံတားကြားတွင် ဆောင်ရွက်ရန်ရှိနေသည့် မြေသားလမ်းကြမ်း ၆ ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ရန်ကုန်မြို့အဝင်လမ်းမကြီးများအား ပြုပြင်ထိန်းသိမ်းခြင်း၊ အကြီးစားပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိ

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **ရန်ကုန်မြို့အဝင်လမ်းမကြီးများအား လမ်းအဆင့်မြှင့်တင်ရန်၊ လမ်းမီးများထွန်းရန် မြေယာရှုခင်း(landscape) များ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့အဝင်လမ်းမကြီးများမှာ အမှတ်(၁)လမ်း (ပြည်လမ်း)၊ အမှတ်(၂)လမ်း(ရွာသာကြီးအဝင်လမ်း)၊ အမှတ်(၃)လမ်း (မင်္ဂလာဒုံအဝင်လမ်း)၊ အမှတ်(၄)လမ်း (မော်ဘီမှတစ်ဆင့် ရွှေပြည်သာမြို့အဝင်လမ်း)၊အမှတ်(၅)လမ်း(ပုသိမ်လမ်း)နှင့် အမှတ်(၆)လမ်း( သန်လျင်မြို့အဝင်လမ်း)တို့ ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့အဝင်လမ်းမကြီးများအား ပြုပြင်ထိန်းသိမ်းခြင်း၊ အကြီးစားပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ်(၁) မြို့အဝင်လမ်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၂)နှင့် (၃)လမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန မှ တာဝန်ယူလျက်ရှိပြီး Max Co.,Ltd နှင့် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၄) လမ်းမကြီးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းပြီး အဆိုပါလမ်းအား လေးလမ်းသွားကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အမှတ်(၅) လမ်းဖြစ်သော ပုသိမ်လမ်းအား ယခင်နှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိန်းသိမ်းတာဝန်ယူခဲ့သော်လည်း ယခုနှစ်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းခဲ့ပြီးဖြစ်သောကြောင့် အဆိုပါလမ်းသည် လမ်းပျက်စီးမှုများပြား၍ ယာဉ်ကြောကျပ်တည်းမှုများကြောင့် ၆ လမ်းသွားကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှတ်(၆)လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သန်လျင်တံတားအသစ်တည်ဆောက်ပြီး လမ်းတိုးချဲ့ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့အဝင်လမ်းမကြီးများအား တိုးချဲ့လျက်ရှိသကဲ့သို့ အဝင်လမ်းမကြီးများတွင် လိုအပ်သည့် လမ်းလယ်ကျွန်းများ၊ တြိဂံကျွန်းများတည်ဆောက်ခြင်း၊ အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ သစ်ပင်ပန်းမန်များပုံဖော်ခြင်း၊ လိုအပ်သည့်နေရာများတွင် လမ်းမီးနှင့် High Mast မီးတိုင်များ စိုက်ထူခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုနှစ်များတွင် ယခုထက် ပိုမိုပြည့်စုံသည့် လမ်းမီးနှင့် မြေယာရှုခင်းများ တည်ဆောက်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## Eco Green City စီမံကိန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေမှုအတွက် အထောက်အပံ့ဖြစ်စေသော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **လှည်းကူးမြို့နယ်တွင် ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ရန် ဆောင်ရွက်နေသော Eco Green City စီမံကိန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ရသင့်ရထိုက်သည့် အကျိုးအမြတ်ခွဲဝေမှု ရရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသော စီမံကိန်းတစ်ရပ်အဖြစ် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက Eco Green City စီမံကိန်းတည်ရှိသော နေရာသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်ဆက်သွယ်ထားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် တည်ရှိနေခြင်း၊ ရန်ကုန်တိုင်း-ပဲခူးတိုင်း-ဧရာဝတီတိုင်းဒေသကြီးတို့၏ ဆက်စပ်လမ်းဆုံရာတွင် တည်ရှိနေခြင်း၊ ရန်ကုန်မြို့ မြို့ရှောင်လမ်း (Outer Ring) သည် အဆိုပါ Eco Green City အတွင်းမှ ဖြတ်သန်းသွားလာမည်ဖြစ်ခြင်း၊ Korea Myanmar Industrial Complex စီမံကိန်းနှင့် ဆက်စပ်လျက်ရှိခြင်း၊ လှည်းကူး-မော်ဘီဝန်းကျင်ဖွံ့ဖြိုးမှုနှင့် ဆက်စပ်လျက်တည်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာစေမှုအတွက် အထောက်အပံ့ဖြစ်စေသော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

Eco Green City စီမံကိန်းတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဆူညံသံများမှ အနှောင့်အယှက်ဖြစ်ပေါ်မှု မရှိစေရန်အတွက် အမြန်လမ်းမကြီး၏ ပေ(၁၀၀၀) အတွင်း စိမ်းလန်းကြားခံနယ်မြေ Green Buffer Zone အား ချန်လှပ်ထားရှိပြီး ရေကြီးရေလျှံမှုများမှ ကာကွယ်နိုင်ရန် Storm Water Retention Ponds များလည်း ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## စီမံကိန်းဆိုင်ရာအချက်အလက်များအား အများပြည်သူသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်

ယခုစီမံကိန်းအကောင်အထည်ဖော်နေစဉ်ကာလအတွင်း ပြည်သူလူထုအတွက် ယာယီအလုပ်အကိုင်အခွင့်အလမ်း ငါးသောင်းခန့်နှင့် စီမံကိန်းပြီးစီးပါက အမြဲတမ်းအလုပ်အကိုင်အဖြစ် တစ်သောင်းငါးထောင်ခန့်အား ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ Eco Green City စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန Website တွင် ဖော်ပြထားပြီး စီမံကိန်းဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များ၊ ပြည်သူလူထုအတွက် ရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းများအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် စီမံကိန်းရှင်းလင်းဆောင်ခဲ့ သတင်းပြန်ကြားရေးဌာန (Media)(၁၀)ခုအား ဖိတ်ကြား၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်ခြင်းများ၊ သတင်းစာနှင့် ဂျာနယ်များတွင်လည်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်သောကြောင့် စီမံကိန်းဆိုင်ရာ အချက်အလက်များအား အများပြည်သူသိရှိနိုင်ရန် ပွင့်လင်းမြင်သာစွာ ချပြ ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်နှင့် မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူတို့၏ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က **နိုင်ငံတွင် တစ်နေ့တခြား လူဦးရေထူထပ်များပြားလာခြင်းကြောင့် နေထိုင်ရန် နေရာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စားကျက်မြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပြန်လည်စိစစ်ဖော်ထုတ်၍ မြို့ရွာစီမံချက်ကို စနစ်တကျအမြန်ဆုံး ချမှတ်ဆောင်ရွက်ပေးပါရန် အစိုးရသို့တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးကို ပြည်သူများအားလုံး ဆင်းရဲချမ်းသာမရွေး ရရှိခံစားကြစေရန်နှင့် တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းသာယာသော လူနေမှုဘဝကို ရရှိခံစားနိုင်ကြစေရန်အတွက် ရည်ရွယ်ပါကြောင်း။

စာမျက်နှာ ၈ သို့

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့အတွင်းရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအတွက် ဆေးခန်းသုံး ပစ္စည်းများ၊ ဆေးဝါးများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံအတွင်းတာဝန်ထမ်းဆောင်မည့် ဆေးရုံဝန်ထမ်းများ အချိန်မီချထားပေးနိုင်ခြင်း ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးရုံသုံး ပရိဘောဂများဖြစ်သည့် လူနာခုတင် ၁၆ လုံး၊ Locker ၁၆ လုံး၊ လူနာတင်တွန်းလှည်း နှစ်စီး၊ လူနာစမ်းသပ်ခုတင် လေးလုံးတို့အပြင် ဆက်စပ်ဆေးရုံသုံးပစ္စည်း နှစ်မျိုးနှင့် ရုံးအသုံးအဆောင်ပစ္စည်း ပရိဘောဂ ခုနစ်မျိုးတို့ကို ထုတ်ပေးခဲ့ပါကြောင်း၊ ဆေးရုံအုပ်မှ လက်ခံရရှိကြောင်းစာကို တိုင်းရင်းဆေးညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ခဲ့ပါကြောင်း။

## တစ်နိုင်ငံလုံးရှိ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံးဆေး တစ်နှစ်လျှင် သုံးကြိမ် ပုံမှန်ထုတ်ပေးလျက်ရှိ

ဆေးဝါးများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တစ်နိုင်ငံလုံးရှိ တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံးဆေး တစ်နှစ်လျှင် သုံးကြိမ် ပုံမှန်ထုတ်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသို့ ဆေးကုဌာနသုံးဆေး ၁၂ မျိုး၊ ၁၄ ပိဿာ ၅၀ ကျပ်သားနှင့် ဆေးကုဌာနသုံး ဆေး ၂၁ မျိုး၊ ၃၆ ပိဿာနှင့် ဖယောင်းချက် လေးဘူးတို့အား ထုတ်ပေးထားပြီး ဆေးရုံအုပ်မှ လက်ခံရရှိကြောင်း စာပေးပို့ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ကျောက်တော်မြို့၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ဒုတိယဆေးရုံအုပ် ဦးအောင်ကျော်စိုး၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နီလာအေးတို့ တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ထောက်တိုင်းရင်းဆေးမှူး ဦးချစ်ကိုကိုအား ထပ်မံခန့်ထား၍ ပြင်ပလူနာနှင့် အတွင်းလူနာများအား လက်ခံကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သန့်ရှင်းရေးဝန်ထမ်း တစ်ဦးနှင့် လုံခြုံရေးဝန်ထမ်း တစ်ဦးတို့ကို ဒီဇင်ဘာလအတွင်း ပြင်ပလုပ်သားအနေဖြင့် ခန့်ထားရေးကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါဆေးရုံတွင် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ အောက်တိုဘာအထိ စုစုပေါင်း လူနာဦးရေ ၂၁၅၄ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါကြောင်း၊ လာရောက်ကုသမှုခံယူသည့် အတွင်းလူနာများအပေါ်မူတည်၍ ဆေးဝါးများလိုအပ်၍ ထပ်မံတောင်းခံလာပါက ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့် ရန်ကုန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းစက်ရုံတို့ ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုနိုင်မှုအပေါ်မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ် စီမံကိန်းတွင် လျာထား၍ ထည့်သွင်းဆောင်ရွက်ပေးသွားမည်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ **ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် မိုးလုံလေလုံ အားကစားရုံတစ်ခုစီ ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် လက်ရှိဘောလုံးကွင်း၏ အနောက်တောင်ဘက် (၂၀၄×၁၄၅)ပေရှိ မြေနေရာနှင့် ရွာငံမြို့နယ်တွင် လက်ရှိဘောလုံးကွင်း၏အနောက်ဘက် (၃၄၀×၁၈၀)ပေရှိ မြေနေရာတို့တွင် မိုးလုံလေလုံအားကစားရုံ တစ်ရုံစီ ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာလျာထားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုနိုင်မှုအပေါ် မူတည်၍ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်စီမံကိန်းတွင် လျာထား၍ ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်နေသော**




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

**လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားပေးရန်နှင့် ကူမဲမြို့ ၂၅ ခုတင်ဆံ့ဆေးရုံတွင် လိုအပ်နေသော ဆရာဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ထောက် ဆရာဝန်အင်အား ခြောက်ဦး ခွင့်ပြုထားပြီး ခန့်ထား လေးဦး၊ လစ်လပ် နှစ်ဦး ရှိနေပါကြောင်း၊ ခန့်ထား လေးဦးအနက် နှစ်ဦးမှာ ဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိသောကြောင့် လက်ရှိလက်ထောက်ဆရာဝန် ဒေါက်တာမျိုးထက်နှင့် မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာချိုချိုသင်းရီအား မြစ်သားပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ခန့်ထားပြီး ဖြစ်ပါကြောင်း။

## လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ လက်ထောက်ဆရာဝန်များခန့်ထားပေးရန် စီစဉ်ဆောင်ရွက်သွားမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ယခုအခါ လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းနေသော ကာလဖြစ်၍ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သစ်လွင်လက်ထောက်ဆရာဝန်များ ခေါ်ယူခန့်ထားရန် ဆောင်ရွက်လျက်ရှိပြီး အဆိုပါသစ်လွင်ဆရာဝန်များခန့်ထားချိန်တွင် ဆေးရုံကြီးများမှ လုပ်သက်ရ လက်ထောက်ဆရာဝန်များအား ပြောင်းရွှေ့ပေးချိန်၌ ကူမဲမြို့ပြည်သူ့ဆေးရုံသို့ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ လက်ထောက်ဆရာဝန်များခန့်ထားပေးရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လတ်တလောအနေဖြင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး တစ်ဦး၊ လက်ထောက် ဆရာဝန် နှစ်ဦး ရှိနေသော မြစ်သားမြို့နယ်ဆေးရုံမှ တာဝန်ကျဆရာဝန်များအား အခါအားလျော်စွာ တွဲဖက်တာဝန်ထမ်းဆောင်စေရန်အတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိမ်းနှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အခန်း(၁)၏ အပိုဒ်(၁)ကို မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်းမဟုတ်ဘဲ ပြည်သူ့လွှတ်တော်၏ အဆိုပြုချက်အတိုင်း ထားသင့်ပါကြောင်း၊ အခန်း(၅) အပိုဒ် ၁၅ တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ဖြစ်သည့် ရာခိုင်နှုန်းဖြင့်ခွဲဝေထားသည့်စနစ်ဖြင့် လုပ်ကိုင်ရမည်ဖြစ်ပြီး နိုင်ငံတော်က ၄၀ ရာခိုင်နှုန်းထက်မနည်းသော ထုတ်လုပ်ခံစားမှုကို ရရှိစေရမည်ဟု ထပ်မံဖြည့်စွက် ပြင်ဆင်လိုပါကြောင်း၊ အခန်း(၅) အပိုဒ် (၁၇)တွင် ပြည်နယ်လွှတ်တော်က အဆိုပြုသော လူထုကိုယ်စားပြု အရပ်သား ရပ်မိရပ်ဖ ပုဂ္ဂိုလ် ၃ ဦးထက်မနည်းဟု ပြင်ဆင်ဖြည့်စွက်လိုပါကြောင်း။

## ကျောက်မျက်ခိုးထုတ်ခြင်း၊ ဈေးနှိမ်ဝယ်ယူခြင်းတို့မှ ကင်းလွတ်နိုင်ရန် ပယ်ဖျက်ခြင်းကို ထောက်ခံ

အခန်း(၆) အပိုဒ် ၂၃ (ဂ) - (၄)အတိုင်း ပြည်သူ့လွှတ်တော်မှ ပယ်ဖျက်ထားခြင်းကို ထောက်ခံပါကြောင်း၊ မူလဥပဒေအဆိုပြုပြဋ္ဌာန်းချက်တွင် ကျောက်မျက်ရတနာ အရိုင်းကို မှတ်ပုံတင် အခွန်ဆောင်ပြီးသည်နှင့် ပြည်ပသို့ နိုင်ငံခြားသုံးငွေနှင့် တင်ပို့ရောင်းချခွင့်ဖြစ်ပြီး အမျိုးသားလွှတ်တော်ကလည်း မူလအဆိုပြုချက်အတိုင်းပင်ဖြစ်သော်လည်း ယခုကဲ့သို့ ပယ်ဖျက်ထားခြင်းဖြင့် ကျောက်မျက်ခိုးထုတ်ခြင်း၊ ဈေးနှိမ်ဝယ်ယူခြင်းတို့မှ ကင်းလွတ်နိုင်ရန် ပယ်ဖျက်ခြင်းကို ထောက်ခံရခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကွက်အတွင်းမှ ကျောက်မျက်ရတနာမဟုတ်သော အခြားတွင်းထွက် (သို့မဟုတ်) သတ္တုဒြပ်ပေါင်းများတွေ့ရှိပါက ဝန်ကြီးဌာနသို့ သတင်းပေးအပ်နှံရမည်ဆိုသည့် ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက်ကို လက်ခံပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုပြဋ္ဌာန်းချက်မှ အခန်း(၈) အပိုဒ် (၃၁)(က)နှင့် ၃၂(က) တွင် သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သူ၏နောက်တွင် ဒေသခံဌာနေတိုင်းရင်းသားများနှင့် အခြားသင့်လျော်သူများ ပါဝင်သောဟူ၍ ထပ်မံဖြည့်စွက်လိုပါကြောင်း။

အခန်း (၁၄) အပိုဒ် ၅၇ (ဂ)တွင် ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းဆောင်ရွက်ရာဒေသအား ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ ၂ ရာခိုင်နှုန်းထက်မနည်းကို ပြည်ထောင်စုအစိုးရထက် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရထံ ထူထောင်ထားရှိခြင်းသည် ပို၍သင့်လျော်သည့်အတွက် ပြည်သူ့လွှတ်တော်အတိုင်းပင် အတည်ပြုလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

**ပြည်သူ့လွှတ်တော်အစည်းအဝေးမှ**

## ကျန်ရှိနေသည့် စားကျက်မြေကေများကို ပြန်လည် ဖော်ထုတ်ပြီး အမှန်တကယ် နေစရာမရှိ၍ အခက်အခဲ ဖြစ်နေသည့် မိမိတို့နိုင်ငံသားများကို နေရာချထားပေးစေလို

မိမိတို့နိုင်ငံတွင် လူဦးရေထူထပ်လာခြင်းကြောင့် နေစရာအခက်အခဲရှိပြီး နေစရာနေရာလိုအပ်နေသောကြောင့် ကျူးကျော်နေထိုင်မှုများ တစ်နေ့တခြားများပြားလာသည့် ပြဿနာသည် အစိုးရတစ်ရပ်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါကြောင်း၊ ယခင်တွင်လည်း စားကျက်မြေများကို လိုအပ်ချက်အရ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်နုတ်ဆောင်ရွက်သည်များရှိသကဲ့သို့ တစ်ပြည်လုံးအတိုင်းအတာနှင့် ကျန်ရှိနေသည့် စားကျက်မြေကေများကို ပြန်လည်ဖော်ထုတ်ပြီး အမှန်တကယ် နေစရာမရှိ၍ အခက်အခဲဖြစ်နေသည့် မိမိတို့နိုင်ငံသားများကို နေရာချထားပေးစေလိုပါကြောင်း။

ပြည်သူကို မျက်နှာမူသည့်အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိစေရန် စနစ်တကျစီမံချက်ချ၍ လုပ်ဆောင်ပေးခြင်းဖြင့် နောက်နောင်အထိ အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသည့် အိုးမဲ့အိမ်မဲ့ကျူးပြဿနာများကို ဆိုးမွေအဖြစ် လက်ဆင့်မကမ်းဘဲ မိမိတို့ပြည်သူ့အစိုးရက စံပြအနေဖြင့် ဆောင်ရွက်ပေးသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၁၀ ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို သဘောတူသောကြောင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိရာ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန်တင်ပြသင့်ကြောင်း ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသွားမည် ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်သူ့နီတိ အသိပညာ မြို့ရွာအနှံ့ ပြန့်ပါစေ

**ကောင်းသန့်**

ရန်ကုန်မြို့တော်ဝန်ဆု ပြည်သူ့နီတိစာမေးပွဲ (၂၀၁၈) အောင်မြင်စွာပြီးဆုံးခဲ့ပြီ ဖြစ်သည်။

ဆုရရှိသူများသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် သုံးဆင့်စလုံးတွင် မြို့ပေါ်က နာမည်ကြီးအထက်တန်းကျောင်းကြီးများ မပါဝင်ခဲ့ပါ။ မူလတန်းအဆင့်တွင် မမိုးသက်ချို (အ.လ.က (၄) မင်္ဂလာဒုံ) က ပထမ၊ မပိုးအိဆွေဇင် (အ.ထ.က (ခွဲ) လ-၆ လှိုင်) က ဒုတိယ၊ မသက်ဆုဝင်း (အ.မ.က (၆) တာမွေ)က တတိယ၊ အလယ်တန်းအဆင့်တွင် မခင်ခင်ကျော် (အ.ထ. က (ခွဲ)၊ လ-၁၂၊ မင်္ဂလာဒုံ)က ပထမ၊ မချစ်စနိုးဦး (အ.ထ.က (၂) ဒဂုံတောင်)က ဒုတိယ၊ မောင်လင်းကျော်သူ (အ.ထ.က (၃) စမ်းချောင်း)က တတိယ၊ အထက်တန်းအဆင့်တွင် မဆက်မီမီပိုင် (အ.ထ.က (၄) သင်္ဃန်းကျွန်း)က ပထမ၊ မဖြိုးပြည့်ပြည့်ပို (အ.ထ.က (၇) လှိုင်သာယာ)က ဒုတိယ၊ မမြတ်သီရိသူ (အ.ထ.က (၂) သန်လျင်)က တတိယ ရရှိခဲ့ကြသည်။

**အမြင်ကို ပြောင်းလဲစေ**

ထိုကဲ့သို့ ဆုရရှိခဲ့ကြသူများကို ကြည့်ခြင်းအားဖြင့် တချို့သောကျောင်း၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ အမြင်ကို ပြောင်းလဲစေလိမ့်မည်ဟု ထင်မြင်မိပါသည်။ တချို့သော ဆရာ၊ ဆရာမများက ပြောကြပါသည်။ "ကျွန်မတို့လို မြို့စွန်ကျောင်းတွေက မြို့ထဲက နာမည်ကြီးကျောင်းတွေကို မယှဉ်နိုင်ပါဘူး။ ဘာပြိုင်ပွဲလုပ်လုပ်၊ သူတို့ ကျောင်းတွေချည်းပဲ ဆုရကြတာပဲ။ သူတို့က အဘက်ဘက်က တော်ကြတာကိုး ဆရာရယ်။ ကျွန်မတို့ကျောင်းက ကလေးတွေက ကျောင်းကြီးတွေနဲ့ ပြိုင်ရမှာဆိုတော့ အားငယ်တယ်ဆရာရဲ့။ ဖြေလည်း မထူးပါဘူး။ အဖြည့်ခံ သက်သက်ပဲ နေမှာပါ"ဟု ပြောကြသည်။

ထိုကဲ့သို့ ဆရာမများ၏ အားငယ်စကားကြားရသည်ကို စိတ်မကောင်း ဖြစ်မိပါသည်။ ကျောင်းကြီးတွေလို အဘက်ဘက်က ပြည့်စုံမှု၊ ပံ့ပိုးကူညီနိုင်မှုများ နည်းသည့်အခါ ဒီလိုစကားမျိုး ပြောမိတတ်တာက လူ့သဘာဝပင်။

မြန်မာစာရေးဆရာ ကလပ်အဖွဲ့ဝင် စာရေးဆရာများက စာမေးပွဲအထောက်အကူပြုဟောပြောပွဲများ ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုက်လံဟောပြောခဲ့ပါသည်။ ထိုသို့ ကျွန်တော်တို့ လိုက်လံဟောပြောသည့်အခါမှာလည်း ကျောင်းငယ်များ မပါဝင်ခဲ့ပါ။ တိုင်းဒေသကြီးအတွင်း ၄၃ မြို့နယ် ဟောပြောရာမှာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ပြီး ခန်းမကျယ်ကျယ်ရှိသော ကျောင်းများကိုသာ ရွေးချယ်ခဲ့ကြပါသည်။

အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများကိုသာ ရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရသည့်အကြောင်းက ယင်းကျောင်းသား ကျောင်းသူလေးများသည် ဆရာ၊ ဆရာမများ၏ ဆိုဆုံးမမှုလောင်းရိပ်အောက်က စောစီးစွာ ထွက်ခွာသွားကြမည့်သူများဖြစ်တာကြောင့် ဖြစ်ပါသည်။ ထိုသို့ကျောင်းများ ရွေးချယ်ဟောပြောသည့်အခါ "သူတို့ကျောင်းတော့ လာဟောပြောတယ်။ တို့ကျောင်းတော့ လာဟောမပေးဘူး။ သူတို့ပဲ ဆုရမှာပါ" ဟု ပြောဆိုသံများကိုလည်း ကြားရပါသည်။

**ဝမ်းသာကြမည် ထင်ပါသည်**

တကယ်တမ်း ဆုရရှိသူစာရင်း ထွက်လာသည့်အခါ သန်လျင် အ.ထ.က (၂) တစ်ကျောင်းသာ စာရေးဆရာများ ဟောပြောခဲ့ပါသည်။ ဟောပြောမှုကတော့ ထိရောက်ပါသည်။



ဒုတိယအကြိမ် ပြည်သူ့နီတိ အသိပညာပေး လူတွေ့စာမေးပွဲ၌ ကျောင်းသူတစ်ဦးကို စာရေးသူ ဆရာ ကောင်းသန့်နှင့် ဆရာ ဟိန်းလတ်တို့က တွေ့ဆုံမေးမြန်းစဉ်။

လူတွေ့ နှုတ်ဖြေတွင် သန်လျင် အ.ထ.က (၂) ကျောင်းသူလေးက ဆရာမ နုနုရည် (အင်းဝ) နှင့် ဆရာမောင်သာချို ပြောခဲ့သည်များကို ပြန်ပြောပြပါသည်။ ကျောင်းသူလေးက ထိုစာရေးဆရာများကြောင့် သူ့ရင်ထဲတွင် ပြည်သူ့နီတိ အသိစိတ်ဓာတ်ကိန်းအောင်းခဲ့ပါသည်ဟု ဆိုသည်။ သူ့စကားကြောင့် စစ်မေးနေသူ ဆရာ ဟိန်းလတ်နှင့် ကျွန်တော် ဝမ်းသာပီတိဖြစ်ခဲ့ရပါသည်။ ကိုယ်တိုင်ဟောပြောခဲ့သူ ဆရာမ နုနုရည်(အင်းဝ) နှင့် ဆရာ မောင်သာချိုတို့ ကြားလျှင်လည်း အတော်ဝမ်းသာကြမည် ထင်ပါသည်။

**အခြေခံပါလာကြ**

စာရေးဆရာများ ဟောပြောမှုကို နားမထောင်ရဘဲ ဆုရခဲ့တဲ့ ကျောင်းသား ကျောင်းသူလေးများသည် ခေသူမဟုတ်ကြ။ ငယ်စဉ်ကတည်းက စာဖတ်ကြသည့် ကလေးများ ပါပါသည်။ ဆရာ၊ မိဘများက စာဖတ်ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးထားကြသူများ ဖြစ်ကြပါသည်။ သူတို့ထဲတွင် တစ်ပွဲတိုးစာကျက်ပြီး ရောက်လာကြသူ နည်းပါးသည်။ စာပေဗဟုသုတ၊ ယဉ်ကျေးမှုအခြေခံပါလာကြသူများ ဖြစ်ကြပါသည်။

လှိုင်သာယာကျောင်းက ဒုတိယဆုရသည့် ကျောင်းသူလေးက အင်တာဗျူးပြီး၍ ပြန်ခါနီးတွင် ကျွန်တော်နှင့် ဆရာ ဟိန်းလတ်ကို တစ်ခုလောက်တောင်းဆိုလို့ရရင် တောင်းဆိုချင်ပါတယ်ဟု ပြောပါသည်။ ကျွန်တော်တို့က ရပါတယ် ပြောပါဟု ခွင့်ပေးလိုက်သည့်အခါ ဆရာ မြသန်းတင့် ရေးသည့် ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဆိုသည့်စာအုပ် ဘယ်မှာမှ ရှာဝယ်မရလို့ပါ။ အဲဒီစာအုပ် ဖတ်ချင်ပါတယ်။ အဲဒါရနိုင်မယ့် နေရာသိပါရစေတဲ့။ ကိုဟိန်းလတ်က ကျောင်းသူလေးရဲ့ ဖုန်းနံပါတ် တောင်းထားပြီး ရှာပေးမယ်ဟု ပြောလိုက်ပါသည်။

"လှိုင်သာယာမှာနေလို့ လူတွေက အထင်သေးကြတယ်။ လှိုင်သာယာမှာလည်း တော်တဲ့သူ၊ ထူးချွန်တဲ့သူတွေ ရှိပါတယ်။ လှိုင်သာယာနေတိုင်းလည်း အထင်သေးစရာ မဟုတ်ပါဘူး" ဟု ဆိုပြီး ကျောင်းသူလေးက သူ့ရင်ထဲက ခံစားချက်ကိုလည်း ဖွင့်ထုတ်သွားတာ အမှတ်ရပါသည်။

ယခုတော့ သူ့လုပ်ရပ်က သူ့စကားကို သက်သေပြခဲ့ပါပြီ ဖြစ်ပါသည်။

ယခုဆုရကြသည့် ကလေးများသည် ထိုက်ထိုက်တန်တန် ရခဲ့ကြခြင်း ဖြစ်ပါသည်။ ဆုလည်း ထိုက်တန်စွာရကြလိမ့်မည်။ ပထမဆု ရွှေတစ်ကျပ်သား ငွေကျပ် ၅ သိန်း၊ ဒုတိယဆု ရွှေငါးမူးသား ငွေကျပ် ၄ သိန်း၊ တတိယဆု ရွှေတစ်မတ်သား ငွေကျပ် ၃ သိန်း၊ အထူးဆု တစ်သိန်းစီရမည် ဖြစ်ပါသည်။

ပြည်သူ့နီတိ ရေးဖြေမေးခွန်းများသည် အလွတ်ကျက်ဖြေရသည့် မေးခွန်းမျိုး မဟုတ်ပါ။ မေးခွန်း (၁)နှင့် (၂)မှာ ဝေါဟာရ၊ စကားလုံး၊ စကားပုံတွေကို ခပ်လွယ်လွယ်မေးထားပြီး မေးခွန်း (၃)၊ (၄) (၅) သည် သူ့ခေါင်းထဲက စိတ်ကူးအတွေးအခေါ်၊ အယူအဆ၊ သဘောထားများကို သူ့အမြင် သူ့အတွေး ရေးခိုင်းသည့်မေးခွန်းမျိုး ဖြစ်ပါသည်။ အလွတ်ကျက်ဖြေ၍မရပါ။ ကျက်ဖြေဖို့လည်း ပြဋ္ဌာန်းစာအုပ်မပေးပါ။ သူ့အသက်အရွယ် အတန်းအရ၊ တွေးနိုင် ရေးနိုင်တာမျိုး မေးထားခြင်းမျိုး ဖြစ်ပါသည်။

ဥပမာဆိုရလျှင် သင့်ကျောင်းအတွက် သာယာလှပသည့် ပန်းဥယျာဉ်လေးတစ်ခုပြုလုပ်မည်ဆိုလျှင် သင်ဦးစားပေး လုပ်ဆောင်ရမည့်လုပ်ငန်း ငါးခုကို ဖော်ပြပါ။ ပြည်သူ့နီတိကို အလေးထားမသင်ကြားသော နိုင်ငံသည် အရာရာကိုဆုံးရှုံးသွားနိုင်ကြောင်း အထောက်အထားပြဖြေဆိုပါ။ လူတွေ့နှုတ်ဖြေတွင်လည်း ဝတ်စားဆင်ယင်မှု၊ သွက်လက်ဖျတ်လတ်မှု၊ ပြည်သူ့နီတိ (ကိုယ်တွေ့)၊ ပြည်သူ့နီတိ (ဗဟုသုတ)၊ ပြည်သူ့နီတိ (ဉာဏ်စမ်း)ဆိုပြီး မေးမြန်းအမှတ်ပေးပါသည်။ ထို့ကြောင့် အလွတ်ကျက် လာရုံနှင့် ဖြေနိုင်ချင်မှ ဖြေနိုင်ပါလိမ့်မည်။

ထို့ကြောင့် မိမိတပည့်၊ သားသမီးများကို ရန်ကုန်တစ်တိုင်းလုံးပြိုင်သော မြို့တော်ဝန်ဆု ရယူ လိုချင်ပါက သတိပြုလေ့ကျင့်ပေးရမည့် အောက်ပါအချက်များကို အကြံပြုလိုပါသည်။

- မိမိတပည့်၊ သားသမီးများကို စာများများ ဖတ်ခိုင်းပါ။
- ပြည်သူ့နီတိက နယ်ပယ်ကျယ်သဖြင့် ပြည်သူ့နီတိစာအုပ်လောက်ဖြင့် မလုံလောက်ပါ။
- ကိုယ့်အားကိုယ်ကိုးစေသော စိတ်ဓာတ်မျိုးရအောင် ဘာမဆို သူ့ဘာသာ လုပ်ကိုင်နိုင်အောင် တာဝန်ပေးပါ၊ အခွင့်အရေးပေးပါ။
- သူ့စိတ်ကူးလေးနှင့် သူလုပ်တတ်အောင် လမ်းဖွင့်ပေးပါ။
- ပြောရဲဆိုရဲ ပြောတတ်ဆိုတတ်အောင် ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စကားရည်လုပွဲ၊ ဉာဏ်စမ်းပဟေဠိ ဖြေဆိုပွဲများတွင် ပါဝင်ခွင့်ပေးပါ။
- အိမ်၊ လမ်း၊ ကျောင်း၊ စာသင်ခန်း စသည့် ယဉ်ကျေးမှုများအကြောင်း ဆွေးနွေးပြောဆို သွန်သင်၊ လမ်းညွှန်ပေးပါ။
- အနားနီးမှ စာအုပ်ရှာပြီး အလွတ်ကျက်စေတာမျိုးက ဆုနှင့်သိပ်မနီးစပ်ပါ။

**တစ်နိုင်ငံလုံးပြိုင်ပွဲဖြစ်လာနိုင်**

ရေးဖြေအမှတ်က အမှတ် ၁၀၀ ပေးပြီး လူတွေ့နှုတ်ဖြေက အမှတ် ၅၀ ပေးပါသည်။ ပြည်သူ့နီတိ (လက်တွေ့)က ကိုယ်တိုင်ကျင့်သုံးမသုံး မေးထားပြီး အမှတ် (၁၀) မှတ်ပေးပါသည်။ ပြည်သူ့နီတိရေးဖြေပြိုင်ပွဲသည် ရန်ကုန်တိုင်းမှစတင်ပြီး နောင်တစ်နိုင်ငံလုံးပြိုင်ပွဲ ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။

ယခုမှစတင်၍ မိမိသားသမီး တပည့်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးကြပါ။ ထိုသို့ ပြုစုပျိုးထောင်ပေးခြင်းသည် လူကောင်း လူတော်ဖြစ်စေရုံသာမက နိုင်ငံ့သားကောင်းများဖြစ်စေရန် ပြုစုပျိုးထောင်ပေးခြင်းလည်း မည်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံ့အကျိုး သယ်ပိုးခြင်းလည်း မည်ပါ၏။

ထို့ကြောင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**"ယခုမှစတင်၍ မိမိသားသမီး တပည့်များကို ပြုစုပျိုးထောင်လေ့ကျင့်ပေးကြပါ။ ထိုသို့ ပြုစုပျိုးထောင်ပေးခြင်းသည် လူကောင်းလူတော်ဖြစ်စေရုံသာမက နိုင်ငံ့သားကောင်းများဖြစ်စေရန် ပြုစုပျိုးထောင်ပေးခြင်းလည်း မည်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံ့အကျိုး သယ်ပိုးခြင်းလည်း မည်ပါ၏"**

**သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီးတွင် တည်ဆောက်လျက်ရှိသော ဓာတ်လှေကားနှင့် ဘက်စုံလုပ်ငန်းများအတွက် သန်လျင်မြို့နေ သုခမ္မ မဏိဇောတရေ ဦးဇော်ဝင်း(ဥက္ကဋ္ဌ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ) - ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံ-သန်လျင်)၊ သမီး အိမွန်မွန် မိသားစုက အလှူငွေကျပ်သိန်း ၁၀၀ ကို နိုဝင်ဘာ ၁၃ ရက်က ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည်နှင့် အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။** သန်းဝင်း(သန်လျင်)



## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ဝန်ထမ်းများ ပိုမိုသိရှိနားလည်ပြီး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲ၌ ပထမနေ့ ဆွေးနွေးပွဲရလဒ်များအပေါ် တက်ရောက်လာကြသူများက ပြန်လည်သုံးသပ် ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ **ဆက်သွယ်ဆက်ဆံရေး** ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် UEHRD မှ သတင်းနှင့် ဆက်သွယ်ရေး ဒါရိုက်တာ ဦးကျော်မြိုင်တို့က မီဒီယာ၏ အခန်းကဏ္ဍ၊ အများပြည်သူ သိရှိသင့်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးခြင်းဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် **မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ငြိမ်းဖောင်ဒေးရှင်း၏ မူဝါဒနှင့် မဟာဗျူဟာ ဒါရိုက်တာ ဒေါ်ဇက်နန်ရော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် တို့က လည်းကောင်း၊ **နိုင်ငံခြားဆက်ဆံရေးနှင့် သံတမန်ရေးရာများ** ခေါင်းစဉ်ဖြင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ် ဦးမောင်ဝေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးတို့က လည်းကောင်း၊ **ငြိမ်းချမ်းရေး ရန်ပုံငွေဆိုင်ရာ** ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့မှ ဒေါ်စုမွန်ငြိမ်းနှင့် ဦးကမ်ရှန်ထန် တို့က လည်းကောင်း၊ **အစည်းအဝေးမှတ်တမ်းဆိုင်ရာ သိသင့်သည့်အချက်** ခေါင်းစဉ်ဖြင့် ISEAS's Myanmar Studies Programme မှ ညှိနှိုင်းရေးမှူး ဒေါ်မိုးသူဇာနှင့် MYPOL Myanmar မှ အကြီးတန်းအကြံပေး ဒေါ်ခိုင်မြတ်ချစ်တို့က လည်းကောင်း အသီးသီးဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်၏ အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် ဦးအေးလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အမေရိကန်နိုင်ငံသံရုံးမှ ပြည်သူ့ရေးရာအရာရှိ မစ္စတာ ဂျွန်ဂရော့ချ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် အမေရိကန်နိုင်ငံသံရုံးမှ ပြည်သူ့ရေးရာအရာရှိ မစ္စတာ ဂျွန်ဂရော့ချ်အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် စာနယ်ဇင်းသမားများအတွက် ပညာရပ်ပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးနှင့် မီဒီယာအသိပညာပေးရေး အစီအစဉ်များ ပြန့်ပွားရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




◆ *ကျောဖုံးမှ*

ဒီပြိုင်ပွဲဝင်ဖို့ တစ်နှစ်လောက် လေ့ကျင့်ခဲ့ရတယ်။ ခက်ခက်ခဲခဲ ကြိုးစားပြီးတော့ ရောက်လာခဲ့တာပါ။ နိုင်ငံတကာ ပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်ဖူးပါတယ်။ ဗီယက်နမ်၊ မလေးရှား၊ ဟောင်ကောင်၊ စင်ကာပူ နိုင်ငံတွေ သွားရောက်ပြီး ယှဉ်ပြိုင်ဖူးပါတယ်။ ဗီယက်နမ်နိုင်ငံမှာတော့ တတိယဆု ရရှိခဲ့ပါတယ်။ တချို့ပြိုင်ပွဲတွေမှာ လူတော်တွေပိုများတာကြောင့် အတွေ့အကြုံလောက်ပဲရခဲ့ပါတယ်''ဟု ပြောသည်။

မြန်မာနိုင်ငံရွက်လှေ အသင်းချုပ်အနေဖြင့် ရွက်လှေအားကစားကို လူအများ စိတ်ဝင်စားလာစေရန်၊ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ ခိုင်မာလာစေရန်၊ ရွက်လှေ အားကစားဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အထောက်အပံ့များ ပိုမိုတိုးတက်လာစေရန်နှင့် နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖုန်းကျော်မိုးမြင့် က ''ရန်ကုန်မှာ ရွက်လှေသင်တန်း ဖွင့်လှစ်ထားပါတယ်။ အဲ့ဒီသင်တန်းကနေ ဆင့်ပွားပြီး ငွေဆောင်မှာ ရွက်လှေသင်တန်းဖွင့်ဖို့ စီစဉ်နေပါတယ်။ အဲ့ဒီကနေ မျိုးဆက်သစ် ရွက်လှေအားကစားသမားတွေ မွေးထုတ်ပေးသွားမှာပါ။ ငွေဆောင်မှာ နည်းပြတွေထားမယ်။ ပရိုဂရမ်တွေကိုလည်း ရန်ကုန်မှာလုပ်သလို လုပ်သွားမယ်။ ကလေးတွေကို သေသေချာချာ သင်တန်းတွေပေးပြီး မွေးထုတ်သွားမယ်'' ဟု ပြောသည်။

**၁၆ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်**

ငွေဆောင်ကမ်းခြေတွင် ကျင်းပလျက်ရှိသည့် ၁၅ နှစ်နှင့်အောက် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၁၀ဦး၊ အမျိုးသမီး ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ပြီး အာရှ-ပစိဖိတ်ဒေသနှင့် မြောက်အမေရိကတို့မှ လူငယ်ရွက်လှေကစားသမားအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အားကစားသမား ၁၃၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရွက်လှေအသင်း မန်နေဂျာ ဦးစိုင်းပြည့်စုံဟိန်း က ''ဒီပွဲမှာ ဒေသခံ ငွေဆောင်ဘူးကွဲက ကလေးသုံးယောက်ပါတယ်။ ရွက်လှေအသင်းက ကလေးတွေပါမယ်။ အား/ကာသိပ္ပံက ကလေးတွေပါတယ်။ အများစုကတော့ အတွေ့အကြုံတွေ ရှိပါတယ်။ စင်ကာပူပြိုင်ပွဲမှာလည်း အတွေ့အကြုံရှိတယ်။ အသက်အငယ်ဆုံး မောင်ထက်လင်းဆို ဒုတိယရခဲ့တယ်။ ဒေသခံတွေထဲက လွင်ကိုကိုထက် ဆိုလည်း ဗီယက်နမ်မှာလုပ်တဲ့ ပြိုင်ပွဲမှာ ဆုရတဲ့ အတွေ့အကြုံလေးတွေရှိခဲ့ဖူးတယ်။ သူတို့အနေနဲ့ အတွေ့အကြုံလေးကိုတော့ ကောင်းကောင်း ပြန်အသုံးချနိုင်မယ်လို့ မျှော်လင့်ပါတယ်''ဟု ပြောသည်။

**ငွေဆောင်ဒေသအတွက် ဂုဏ်ယူရ**

ငွေဆောင်ကမ်းခြေတွင် ကျင်းပနေသည့် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲသို့ နိုင်ငံတကာ ဆုတံဆိပ်များကို ရယူနိုင်ခဲ့သည့် ရွက်လှေအားကစားသမား ဒေသခံကလေးများ ပါဝင်ယှဉ်ပြိုင်ကြပြီး ငွေဆောင်ဒေသရှိ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများကိုလည်း လာရောက်လေ့လာရန် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ဖိတ်ခေါ်ထားသည်။

ငွေဆောင်ဒေသခံ ဦးမြင့်လွင်က ''ငွေဆောင်ကမ်းခြေဒေသက ဖွံ့ဖြိုးမှုနည်းသေးတယ်။ တခြား အားကစားနည်းနဲ့ ပတ်သက်လို့လည်း အားနည်းတယ်။ ရွက်ကလပ်လာဖွင့်ပြီး ရွက်လှေပြိုင်ပွဲတွေလာလုပ်တော့ ဒေသက ကလေးတွေက ရွက်လှေအားကစားအပေါ်မှာ စိတ်ဝင်စားနေကြတယ်။ ဒီဒေသကနေ ရွက်လှေပြိုင်ပွဲတွေမှာ ထူးချွန်တဲ့ အားကစားသမားတွေ ပေါ်ထွက်လာတယ်ဆိုတော့ ငွေဆောင်ဒေသအတွက် ဂုဏ်ယူရပါတယ်''ဟု ပြောသည်။

နိုင်ငံတကာအဆင့်မီ ရွက်လှေပြိုင်ပွဲများကို ငွေဆောင်ကမ်းခြေတွင် ကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစား ပွဲတော်ကြီးတွင် အပျော်စီးရွက်လှေပြိုင်ပွဲ၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာ အားကစားသမားများ ပါဝင်သည့် Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲတို့အပြင် ပြည်တွင်း ရွက်လှေပြိုင်ပွဲများကိုလည်း နှစ်စဉ် ကျင်းပနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံ ရွက်လှေအဖွဲ့နည်းပြ အစ္စရေးနိုင်ငံသား Lior J Lavie က ''ဒီတစ်ခေါက်က ကျွန်တော့်အတွက်တော့ IODA က စီစဉ်တဲ့ ပွဲ ၁၀ ပွဲမြောက်ပဲဖြစ်ပါတယ်။ အခုအချိန်ထိတော့ ကျွန်တော် သွားရောက်ဖူးသမျှ နေရာတွေထဲမှာ ငွေဆောင်ကမ်းခြေက အကောင်းဆုံးဖြစ်ပြီးတော့ နေထိုင်မှုတွေ၊ အစားအသောက်တွေ ၊ပွဲကျင်းပမှုတွေရယ် မြန်မာနိုင်ငံသားတွေရဲ့ ညှို့ဝတ်ကျေပွန်မှုတွေဟာ အလွန်ကို ပျော်ရွှင်ဖို့ကောင်းပါတယ်''ဟု ပြောသည်။

**သန့်ရှင်းသပ်ရပ်လှပ**

ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ငွေဆောင်ရုံးခွဲ တာဝန်ခံလက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ''ငွေဆောင်ကမ်းခြေကို နိုင်ငံတကာ ရွက်လှေပြိုင်ပွဲတွေ ကျင်းပတဲ့အတွက် ငွေဆောင်ကမ်းခြေရဲ့သဘာဝအလှတွေ ကမ်းခြေရဲ့အခြေအနေတွေကို ရွက်လှေပြိုင်ပွဲမှာလာတဲ့ နိုင်ငံခြားသားတွေ သိသွားတယ်ဆိုရင် သူတို့နိုင်ငံကို ပြန်ရောက်သွားလို့ မျှဝေပေးလိုက်မယ်ဆိုရင် ငွေဆောင်ကမ်းခြေက သန့်ရှင်းသပ်ရပ်လှပပြီး လာရောက်လည်ပတ်ချင်စရာကောင်းတဲ့ ကမ်းခြေဆိုတာ ကမ္ဘာက သိသွားမယ်''ဟု ပြောသည်။

ကမ္ဘာလှည့်ခရီးသွားများ အကြိုက်တွေ့စေမည့် ခေတ်မီသန့်ရှင်းသည့် ဟိုတယ်များ၊ လှပသော ကမ်းခြေအနေအထားတို့ဖြင့် သဘာဝအတိုင်းရှိနေသော ငွေဆောင်ကမ်းခြေတွင် နိုင်ငံတကာ အဆင့်မီ ရွက်လှေပြိုင်ပွဲများကို ကျင်းပနိုင်ခြင်းဖြင့် အုန်းစိမ်းရည်သောက်၊ ပင်လယ်စာစား၊ ရေကူးအပန်းဖြေရုံသာမက နိုင်ငံတကာ အဆင့်မီရွက်လှေပြိုင်ပွဲများ ကျင်းပနိုင်သည့် ကမ်းခြေတစ်ခုအဖြစ် နိုင်ငံတကာမှ ပိုမိုသိရှိလာတော့မည် ဖြစ်သည်။

**မင်းသစ် (MNA)**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ကျပ်ငွေဖြင့် ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**
အရင်းအနှီးနည်းပါးသည့် ပြည်တွင်းကျောက်စိမ်းကျောက်မျက်ကုန်သည်များ ကုန်ကြမ်းရစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့ ဆက်လက်ကျင်းပပြီး ကျောက်မျက်အတွဲ (၉၆) တွဲနှင့် ကျောက်စိမ်းအသားကျောက်အတွဲ (၃၃၃၉) တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

မြန်မာ့ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမပြင်ပ သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှု ရွေးချယ်မှတ်သားကြသည်။

ယခုရောင်းချပွဲတွင် ကျောက်စိမ်းအသားကျောက်များကို အဓိကရောင်းချလျက်ရှိပြီး ရောင်းချပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ကျောက်မျက်အတွဲ (၉၆) တွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ လေ့လာကြည့်ရှုခွင့်ပြုထားပြီး နိုဝင်ဘာ ၁၄ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ထို့အတူ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၁၄ ရက်အထိ လေ့လာကြည့်ရှုခွင့်ပြုထားပြီး အတွဲအမှတ် (၁) မှ အတွဲအမှတ် (၁၁၅၀) အထိ အတွဲစုစုပေါင်း ၁၁၅၀ တွဲကို နိုဝင်ဘာ ၁၅ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် (၁၁၅၁) မှ အတွဲအမှတ် (၂၃၀၀) အထိ အတွဲစုစုပေါင်း ၁၁၅၀ တွဲကို နိုဝင်ဘာ ၁၆ ရက်တွင်လည်းကောင်း၊ အတွဲအမှတ် (၂၃၀၁) မှ အတွဲအမှတ် (၃၃၃၉) အထိ အတွဲစုစုပေါင်း ၁၀၃၉ တွဲကို နိုဝင်ဘာ ၁၇ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရောင်းချပွဲအစီအစဉ်အတိုင်း ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်ရက်မတိုင်မီ ညနေခင်းအထိ ကြည့်ရှုခွင့်ပြုထားပြီး ကျောက်အတွဲ ဝယ်ယူခွင့်ရရှိသော ရတနာကုန်သည်၏ အမည်စာရင်း၊ ကျောက်အတွဲ အမှတ်နှင့် တန်ဖိုးများကို အမှတ်စဉ် ကြီးငယ်အလိုက် KIOSK စက်များ၊ Display Board များတွင် အောင်စာရင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိထားသူများ၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ရတနာအရောင်းဆိုင် ဖွင့်လှစ်၍ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူများ၊ ကျောက်စိမ်းအချောထည် ရုပ်တုရုပ်ထွင်းများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း လိုင်စင်ရယူထားသူများ၊ ကျောက်မျက်အရိုင်း၊ အချောများ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်း လိုင်စင်ရယူထားသူများ၊ ကျောက်မျက်ရတနာ ကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို တက်ရောက်ခွင့်ပြုထားကြောင်းနှင့် ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၁၁၈၆ ဦး လာရောက်ကြည့်ရှုလေ့လာရန် မှတ်ပုံတင်ထားကြောင်း သိရသည်။



ယခု ရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၇ ရက်အထိကျင်းပပြီး ကျောက်မျက်အတွဲ (၉၆) တွဲနှင့် ကျောက်စိမ်းအသားကျောက်အတွဲ (၃၃၃၉) တွဲတို့ကို အိတ်ဖွင့်တင်ဒါစနစ်များဖြင့် ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

**မော်စီ (သတင်းစဉ်)**

## နိုဝင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၉၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၃**
အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေမှာ အစိုးရအလုပ်အကိုင် ၇၉၈ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၀၇၉၂ ဦး စုစုပေါင်း ၂၁၅၉၀ ကို အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေမှာ မလေးရှားနိုင်ငံသို့ ၂၉၂၇ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၇ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၂၅ ဦး၊ ထိုင်းနိုင်ငံသို့ ၁၅၁၇၂ ဦး၊ ဂျပန်နိုင်ငံသို့ ၄၇၄ ဦး၊ ယူအေအီးသို့ ၂၁ ဦး၊ ကာတာနိုင်ငံသို့ တစ်ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၈၆ ဦး စုစုပေါင်း ၁၉၁၂၃ ဦး တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် နိုဝင်ဘာ ၁၃**
မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ဝ၄ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၆ဝ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၁ လက်မ၊ ရန်ကုန် (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်) တွင် ၁ ဒသမ ၂၆ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ လှိုင်လင်မြို့တွင် ဝ ဒသမ ၈၃ လက်မနှင့် ရန်ကုန်(မြို့လယ်) တွင် ဝ ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## လာမည့်သောကြာ ရှုဖွယ်ရာ

# ကယားပြည်နယ်ရှိ ရိုးရာဓလေ့များအကြောင်းကို ပုံဖော်ထားသည့် ကြတ်ဂူ ရုပ်ရှင်ကားကြီး နိုဝင်ဘာ ၁၆ ရက်မှစ၍ တစ်နိုင်ငံလုံးတွင် ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**
အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ကာ ဒါရိုက်တာ လူမင်း ရိုက်ကူးသည့် ကြတ်ဂူ ရုပ်ရှင်ဇာတ်ကား အထူးပွဲကို နိုဝင်ဘာ ၁၂ ရက် ညပိုင်းက သမ္မတရုပ်ရှင်ရုံတွင် ပြသခဲ့ပြီး အဆိုပါရုပ်ရှင်ဇာတ်ကားအား နိုဝင်ဘာ ၁၆ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည် ဖြစ်သည်။

"ကြတ်ဂူ" ရုပ်ရှင်ဇာတ်ကားသည် ကယားပြည်နယ် လွိုင်ကော်မြို့ အနီးရှိ "ကြတ်ဂူ" တွင် သွားရောက်အခြေပြု ရိုက်ကူးထားခြင်းဖြစ်ပြီး ကယားပြည်နယ်၏ ဒေသန္တရအလှအပများ၊ ကယားလူမျိုးတို့၏ ရိုးသားမှု၊ ရိုးရာယုံကြည်မှုနှင့် စိတ်ဝင်စားဖွယ် ဓလေ့ထုံးတမ်းများကို ထည့်သွင်းပုံဖော် ရိုက်ကူးထားသည်။

"ကြတ်ဂူ" ရုပ်ရှင်ဇာတ်ကားကို ရုပ်ရှင်ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ်ပါဝင်ထားသူ အကယ်ဒမီ လူမင်းက အဆိုပါဇာတ်ကားနှင့်ပတ်သက်၍ "ကိုယ်ကိုယ်တိုင် သရုပ်ဆောင်အဖြစ်ရော၊ ဒါရိုက်တာအဖြစ်ပါ ရိုက်ကူးထားတဲ့အတွက် ရင်ခုန်ပါတယ်။ ဒီဇာတ်ကားထဲမှာ ကျွန်တော်က တောကောင်တွေကို သတ်ရမှ စိတ်ချမ်းသာတဲ့ မုဆိုးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဇာတ်ရဲ့ အကြောင်းအရာနဲ့ သရုပ်ဆောင်တွေအားလုံးက ကောင်းတဲ့အပြင် ပါဝင်တဲ့ "ကြတ်ဂူ"၊ နောက် ဒေသဆိုင်ရာ ရိုးရာယဉ်ကျေးမှုတွေကိုလည်း စိတ်ဝင်စားစရာအဖြစ် အများကြီးတွေ့ရမယ်။



သရုပ်ဆောင် လူမင်း



သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်



သရုပ်ဆောင် အိန္ဒြာကျော်ဇင်

အားရပါတယ်။ ကယားပြည်နယ်ရဲ့အလှအပတွေရော၊ ကြတ်ဂူကြီးအကြောင်းရော ဇာတ်လမ်းထဲမှာ အံဝင်ခွင်ကျဖြစ်အောင် ရိုက်ကူးထားတယ်။ ကယားလူမျိုးတွေရဲ့ ကြက်ရိုးထုတ်ဗေဒင်ဆိုရင် ခေတ်ကာလနဲ့ ကွာနေပေမယ့် ဒီနေ့အထိ ယုံယုံကြည်ကြည်ရှိနေပြီး လက်ဆင့်ကမ်းထိန်းသိမ်းနေတုန်းပဲ" ဟု ပြောသည်။

"ကြတ်ဂူ" ရုပ်ရှင်ဇာတ်ကားတွင် အမဲလိုက်မုဆိုး ရွှေဒေါင်းအဖြစ် လူမင်း၊ မုဆိုးရွှေဒေါင်း၏ဇနီး စိတ်မမှန်သူ ဒေါ်မြစိန်အဖြစ် ထွန်းအိန္ဒြာဗိုလ်၊ မုဆိုးရွှေဒေါင်း၏သား ထော်ကြီးအဖြစ် မြင့်မြတ်၊ ထော်ကြီးတစ်ဖက်သတ်ချစ်နေသူ ရွှေမျှင်အဖြစ် အိန္ဒြာကျော်ဇင် တို့က အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်ထားပြီး ကျောင်းဆရာလေး စောဝေဦးအဖြစ် ကျော်ထက်အောင်နှင့် အခြားသော အနုပညာရှင်များကလည်း အဆိုပါဇာတ်ကားကို အားဖြည့်ကူညီထားသည်။

အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်က "ကြတ်ဂူဇာတ်ကားမှာ အမျိုးသားဆုံးရှုံးသွားလို့ စိတ်ကျန်းမာရေးထိနေတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းဇာတ်အိမ်ဖွဲ့ထားတာက သည်းထိတ်ရင်ဖိုဇာတ်လမ်းမျိုးတွေ ပါပါတယ်။ ပညာပေးအနေနဲ့ဆို ကုသိုလ်၊ အကုသိုလ်ရဲ့ အကျိုးခံစားရတာတွေ ပါတယ်။ ဖျော်ဖြေမှုလည်း ရမယ်။ ပညာပေးလည်း ရမယ်" ဟု ပြောသည်။

အဆိုပါဇာတ်ကားသည် ကိုယ်ပြုခဲ့သည့် "ဝဋ်ကြွေး" ကြောင့် မကောင်းမှုပြုလုပ်ပါက မကောင်းသည့် ဝဋ်ကြွေး ကျေအောင်ပြန်လည်ပေးဆပ်ရပြီး အခြားသူအစားထိုး၍ ပေးဆပ်မရနိုင်သည့် အကြောင်းကို ရသစုံဖြင့် ပုံဖော်ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်သည်။

အကယ်ဒမီ အိန္ဒြာကျော်ဇင်က "သမားရိုးကျဇာတ်တွေထဲက ခွဲထွက်ထားတဲ့ ဇာတ်လမ်းမျိုး၊ ဇာတ်အိမ်ဖွဲ့စည်းထားတာ ထူးခြားပါတယ်။ ရသအနေနဲ့ ပြောမယ်ဆိုလည်း အမျိုးစုံပါပါတယ်။ ကိုယ်မလုပ်ဖူးတဲ့ အိုက်တင်တွေလည်း ပါတယ်။ ဒီလိုကားမျိုးကို ကြည့်စေချင်ပါတယ်။ ပရိသတ်ရဲ့ အသံတွေလည်း ပြန်ကြားချင်ပါတယ်" ဟု ပြောသည်။

ကျော်ထက်အောင်က "ကြတ်ဂူဇာတ်ကားက ကျွန်တော်အတွက် ပထမဆုံးကားပါ။ ကျောင်းဆရာလေး စောဝေဦးအနေနဲ့ ပါဝင်ဖြစ်ခဲ့ပါတယ်။ ကြတ်ဂူဇာတ်ကားက ကောင်းတယ်လို့ ညွှန်းတာထက် ဒီကားထဲမှာ ပါဝင်ထားတဲ့ တစ်ယောက်ချင်းစီရဲ့ ဇာတ်ကောင်စရိုက်တွေကို ကြည့်ပါ။ နောက် ကယားလူမျိုးတွေရဲ့ယဉ်ကျေးမှုဓလေ့တွေ၊ သူတို့ရဲ့ အဝတ်အစားတွေ၊ ထုံးတမ်းစဉ်လာတွေကလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကြက်ရိုးဗေဒင်လို ကယားလူမျိုးတွေရဲ့ မပျောက်ပျက်သေးတဲ့ ရိုးရာဓလေ့တွေ ပါပါတယ်" ဟု ဆိုသည်။

နိုဝင်ဘာ ၁၆ ရက်တွင် မြန်မာတစ်နိုင်ငံလုံး၌ ရုံတင်ပြသမည့် "ကြတ်ဂူ" ရုပ်ရှင်ဇာတ်ကားတွင် ကံကံ၏အကျိုး၊ အစွဲအလမ်းကြီးမှုကြောင့် ကိုယ်ပြုလိုက်သည့် အကုသိုလ်ပြစ်ဒဏ်များကို ပြန်ခံစားပေးဆပ်ရပုံများကို ပြသထားပြီး ကယားပြည်နယ်၏ ရိုးရာဓလေ့ အမွေအနှစ်များကိုလည်း မြင်တွေ့ရမည် ဖြစ်သည်။

**သတင်း- ညွန့်ကိုကို**
**ဓာတ်ပုံ- ရဲထွဋ်**

# ငွေဆောင်ကမ်းခြေ၌ OAOC ရွက်လှေပြိုင်ပွဲ ပထမနေ့ပွဲစဉ် ကျင်းပ

**ငွေဆောင် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေ၌ ယနေ့ နံနက် ၈ နာရီမှ စတင်ကာ ၁၅ နှစ်အောက် Optimist Asian &Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲ ပထမနေ့ ပွဲစဉ်ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားပြုရွက်လှေအသင်းမှ တစ်ဦးချင်း အလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

"မနေ့ကတော့ ရာသီဥတုကြောင့် ပြိုင်ပွဲမဖြစ်ဘူး။ မနေ့ကအချိန်ထက် ဒီနေ့မှာ ၂ နာရီစောပြီး ပြိုင်ပွဲစဖို့ လုပ်တယ်။ ဒီနေ့က တစ်ဦးချင်းလိုက်ပြိုင်ပွဲပါ။ ၁၆ နိုင်ငံမှာ ၁၂၉ ဦး ဝင်ပြိုင်တယ်။ Yellow Fleet အသင်းနဲ့ Blue Fleet အသင်းပြိုင်တယ်။ လောလောဆယ်က ကွာလီဖိုင်းစီးရီးပြိုင်နေတယ်။ Yellow Fleet မှာ မြန်မာအသင်း တစ်ဝက်ပါတယ်။ Blue Fleet မှာ မြန်မာအသင်းတစ်ဝက်ပါတယ်။ လောလောဆယ် မြန်မာအသင်းအနေနဲ့ အခြေအနေကောင်းပေမယ့် ကွာလီဖိုင်းစီးရီးဆိုတော့ နောက်ပိုင်းပွဲအခြေအနေက ကောင်းမယ်၊ မကောင်းဘူးဆိုတာ ပြောလို့မရသေးဘူး" ဟု မြန်မာ့ရွက်လှေအသင်း မန်နေဂျာ ဦးစိုးပြည့်စုံဟိန်းက ပြောသည်။

တစ်ဦးချင်းအလိုက် ရွက်လှေပြိုင်ပွဲတွင် အဆင့် ၆ နေရာရခဲ့သည့် အား/ကာသိပ္ပံကျောင်း(ရန်ကုန်)မှ မောင်ထက်လင်းဇော်က "ကျွန်တော့်အသက်က ၁၂ နှစ်ပါ။ ဒီနေ့က ပထမရက် တစ်ဦးချင်းပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့တယ်။ မနက်ဖြန်မှာတော့ အဖွဲ့လိုက်ပြိုင်ပွဲရှိတယ်။ လှေကျင့်မှုကတော့ တော်တော်လုပ်ခဲ့ရတယ်။ နောက်ပြိုင်ပွဲတွေမှာ အခြေအနေကောင်းမှာပါ။ ဒီနေ့ရာသီဥတု အခြေအနေက ကောင်းပါတယ်။ လေတိုက်နှုန်းကတော့ နည်းတယ်" ဟု ပြောသည်။

ယနေ့ တစ်ဦးချင်းလိုက် ရွက်လှေပြိုင်ပွဲ ပထမနေ့ ပွဲစဉ်တွင် နိုင်ငံပေါင်း၁၆ နိုင်ငံမှ အားကစားသမားများ ၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို နံနက် ၈ နာရီမှ စတင်ကာ မွန်းလွဲ ၂ နာရီတွင် ပြိုင်ပွဲရပ်နားခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ကျင်းပသည့် ၁၅ နှစ်အောက် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ငွေဆောင်ကမ်းခြေတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းပြိုင်ပွဲနှင့် အုပ်စုလိုက်ပြိုင်ပွဲ နှစ်မျိုးခွဲထားကြောင်း သိရသည်။

**မင်းသစ်(MNA)**

# ဖယ်ခုံ၊ လွိုင်လင်၊ နမ့်စန်၊ လဲချား၊ မိုင်းကိုင်၊ မိုးနဲနှင့် မိုင်းပန်မြို့နယ်တို့၌ ဘိန်းခင်းများဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဖယ်ခုံမြို့နယ် ငုပလိုင်ကျေးရွာအနောက်ဘက် လေးဖာလုံခန့်၌ နိုဝင်ဘာ ၁၂ ရက်တွင် အမြင့် နှစ်ပေခန့် ဘိန်းခင်း ငါးဧကခန့်ကို ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ လွိုင်လင်မြို့နယ် ဟွေဟန်းကျေးရွာ အရှေ့တောင်ဘက် သုံးဖာလုံခန့်အကွာ၌ အမြင့် တစ်ပေခွဲခန့် ဘိန်းခင်း ၁ ဒသမ ၅ ဧကကို ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ နမ့်စန်မြို့နယ် ဘန့်ဟင်(ဝမ်ဟင်)ကျေးရွာ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ၌ အမြင့် သုံးပေခန့် ဘိန်းခင်းနှစ်ဧကနှင့် အမြင့် နှစ်ပေခွဲခန့် ဘိန်းခင်း ငါးဧကတို့ကို နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ လဲချားမြို့နယ် ဖာလံကျေးရွာနှင့် ပါနော်ကျေးရွာကြား၌ အမြင့် တစ်ပေခန့် ဘိန်းခင်းတစ်ဧကနှင့် ဖာလံကျေးရွာ မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် ငါးလက်မခန့်ရှိ ဘိန်းခင်းနှစ်ဧကကို လဲချားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း ဖျက်ဆီးခဲ့သည်။

အလားတူ မိုင်းကိုင်မြို့နယ် ဆိုက်ခေါက်ကျေးရွာ အရှေ့ဘက် တစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် ဘိန်းခင်းသုံးဧကကို မိုင်းကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ မိုးနဲမြို့နယ် နောင်လိုင်ကျေးရွာအုပ်စု၌ အမြင့် နှစ်ပေခန့် ဘိန်းခင်းတစ်ဧက၊ အမြင့် နှစ်ပေခန့်ရှိ ဘိန်းခင်းနှစ်ဧကခန့်နှင့် အမြင့် နှစ်ပေခန့်ရှိ ဘိန်းခင်း ၃ ဒသမ ၅ ဧကတို့ကို မိုးနဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း၊ မိုင်းပန်မြို့နယ်၌ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းခင်း ၂ ဒသမ ၅ ဧက၊ အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းခင်းတစ်ဧက၊ အမြင့်နှစ်ပေခွဲခန့် ဘိန်းခင်း ၁ ဒသမ ၃၅ ဧက၊ အမြင့် သုံးပေခန့် ဘိန်းခင်း ၁ ဒသမ ၂ ဧကနှင့် အမြင့် နှစ်ပေခန့် ဘိန်းခင်း ၁ ဒသမ ၆၅ ဧကတို့ကို မိုင်းပန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က လည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အိုလံပစ် အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဒုတိယအဆင့်တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၃**

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် (ပထမအဆင့်) အုပ်စု(ဂ) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာအမျိုးသမီးအသင်းက အိန္ဒိယအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။




မြန်မာအသင်းတိုက်စစ်ကို အိန္ဒိယ ဂိုးသမား ကာကွယ်နေစဉ်။

ယခုပွဲမတိုင်မီကစားသည့် ပွဲတွင် နီပေါအသင်း သရေကျခဲ့သောကြောင့် မြန်မာရော အိန္ဒိယအသင်းပါ ဒုတိယအဆင့်သို့ စောစီးစွာတက်ရောက်ခဲ့သော်လည်း အုပ်စုပထမနေရာအတွက် အားကုန်ထုတ်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် စောစီးစွာဂိုးရခဲ့သော်လည်း ဂိုးပြန်ပေးလိုက်ရသောကြောင့် အနိုင်ရရန်ရုန်းကန်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်တွင် ပိုကောင်းသည့်ခြေစွမ်းနှင့် ရလဒ်ရရှိရန် ပြင်ဆင်မှုများစွာပြုလုပ်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အဓိက ကစားသမားများ ဖြစ်သည့် ခင်မာလာထွန်း၊ ခင်မိုးဝေ၊ ဝေဝေအောင်၊ ဝင်းသီီဂီထွန်းတို့ဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး အိန္ဒိယအသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစ ၂ မိနစ်တွင် ဂိုးစတင်ရရှိခဲ့ပြီး ဝင်းသီီဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးစရခဲ့သော်လည်း အိန္ဒိယတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခွင့်အရေးများ ပြန်ပေးခဲ့ရသည်။ ၂၄ မိနစ်တွင် ရာတန်ဘာလာက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး အိန္ဒိယအတွက် ချေပဂိုး ရယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ဂိုးရရန်အားထည့်လာသလို အိန္ဒိယအသင်းကလည်း မိနစ် ၆၀ နောက်ပိုင်းခံစစ် အားပြုကစားခဲ့သည်။ မြန်မာအသင်းသည် အဆုံးသတ်အားနည်းသောကြောင့် ဂိုးရရန်ရုန်းကန်ခဲ့ရခြင်းဖြစ်ပြီး ဝင်းသီီဂီထွန်းနှင့် ရီရီဦးတို့ လွဲချော်ခဲ့သည်။ ၈၃ မိနစ်တွင် မြန်မာအသင်းအနိုင်ဂိုးရခဲ့ပြီး ငယ်ငယ်ထွေးက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲတွင် နီပေါနှင့်သရေကျခဲ့သည့် ရလဒ်တို့ကို ယခုပွဲတွင် ချေဖျက်နိုင်ခဲ့သည်။

မွန်းလွဲ ၃ နာရီက ယှဉ်ပြိုင်သည့် ပထမပွဲတွင် နီပေါနှင့် ဘင်္ဂလားဒေ့ရှ်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အုပ်စု(ဂ)ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက ခုနစ်မှတ်၊ အိန္ဒိယအသင်းက လေးမှတ်၊ နီပေါအသင်းက သုံးမှတ်၊ ဘင်္ဂလားဒေ့ရှ်အသင်းက တစ်မှတ်ရခဲ့သည်။ မြန်မာနှင့် အိန္ဒိယအသင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# တည်ဆောက်ဆဲ ရှစ်ထပ်ခွဲတိုက်ပေါ်မှ အလှဆင်ကွန်ပိုးဆစ် ပြုတ်ကျ



**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမပေါ် သီတာလမ်းနှင့် သိန္ဒီလမ်းကြားတွင် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီ ၂၅ မိနစ်ခန့်က မိုးနှင့်အတူ လေများပြင်းထန်စွာ တိုက်ခတ်မှုကြောင့် တည်ဆောက်ဆဲ ရှစ်ထပ်ခွဲတိုက် အပေါ်ဆုံး၌ အလှဆင်ထားသော ကွန်ပိုးဆစ်အရှည် ၁၀ ပေခန့်၊ အနံ ငါးပေခန့်မှာ ပျက်စီးမှုဖြစ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်း အလှဆင်ကွန်ပိုးဆစ်ကြီးမှာပျက်စီးပြီး အောက်သို့ တိုက်ရိုက်ပြုတ်ကျခြင်း မရှိဘဲ အပေါ်တွင် တွဲလွဲဖြစ်နေသည့်အတွက် ရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက သက်ဆိုင်ရာသို့ ဖုန်းဖြင့်သတင်းပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ အနောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝင်း၊ ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများ၊ လူငယ်အားမာန်ပရဟိတအဖွဲ့ဝင်များက လာရောက်အကူအညီပေးခဲ့ကြသည်။ အလှဆင်ကွန်ပိုးဆစ်ကြီးပြုတ်ကျမှုကြောင့် လူနှင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိကြောင်း သိရသည်။

**ကိုကြီးတင်**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရှီးအန်း-ရန်ကုန် ခရီးစဉ် စတင်ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဝင်/ထွက်ပြေးဆွဲလျက်ရှိသော အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ အနက် ၃၁ ခုမြောက် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း အဖြစ် Sichuan Airlines က ရှီးအန်း-ရန်ကုန် ခရီးစဉ်ကို နိုဝင်ဘာ ၁၃ ရက်မှစ၍ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

Sichuan Airlines သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံ၏ ရှေးဟောင်းမြို့တော် တစ်ခုဖြစ်သည့် ရှီးအန်းမြို့ကိုတစ်ပတ်လျှင် သုံးကြိမ်ပြေးဆွဲမည်ဖြစ်ပြီး ခရီးသည် ၁၆၃ ဦးကို တင်ဆောင်ပျံသန်း နိုင်သည့် Airbus A 320 အမျိုးအစားလေယာဉ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

လေယာဉ်ခနှုန်းထားများအနေဖြင့် ရန်ကုန်-ရှီးအန်းခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၂၀ (အခွန်မပါ)နှင့် ရန်ကုန်-ရှီးအန်း အသွားအပြန်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၇၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလေကြောင်းလိုင်း တိုးချဲ့ပြေးဆွဲမှုနှင့်အတူ ရန်ကုန်လေဆိပ်တွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ၃၁ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၉ ခုကို ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသား ခရီးသည်များကို ဆိုက်ရောက်ဗီဇာခွင့်ပြုခြင်းနှင့် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံသား ခရီးသည်များကို ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုပြီးနောက် အဆိုပါ နိုင်ငံများမှ ခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်မှု တိုးတက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲလာစေရန် ဖိတ်ခေါ်လျက်ရှိပြီး ခရီးစဉ်သစ်များ တိုးချဲ့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထုတ်ပြန်ချက်များအရ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ -ထိန်လင်း**



# ကျောက်မဲမြို့၌ အသက် ၄၅ နှစ်နှင့်အထက် မြို့ပတ် အပြေးပြိုင်ပွဲ ကျင်းပမည်

**ကျောက်မဲ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၌ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် အသက် ၄၅ နှစ်နှင့်အထက် မြို့ပတ်အပြေးပြိုင်ပွဲ(ပထမအကြိမ်)ကို ဒီဇင်ဘာ ၈ ရက်တွင် ဦးဇော်ဝင်း (စတားလိုက်တွင်ခုံ)မှ ဦးဆောင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ်တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်း၊ အမှတ်စဉ် ၁ မှ ၁၅ အထိ ပန်းဝင်သူများကို Truck Suit အင်္ကျီ တစ်စုံစီ၊ အမှတ်စဉ် ၁၆ မှ ၃၀ အထိ ပန်းဝင်သူများကိုလည်း စပို့ရှပ် အင်္ကျီတစ်ထည်စီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားလုံးကို တူညီဝတ်စုံ ပေးအပ်မည်ဖြစ်သည်။ အဆိုပါ မြို့ပတ်အပြေးပြိုင်ပွဲ၏ လမ်းကြောင်းမှာ ကျောက်မဲမြို့(၁) ရပ်ကွက် မြို့ကျက်သရေဆောင်ခန်းမရှေ့မှ တာလွှတ်ပြီး ပင်လုံလမ်းမကြီးအတိုင်း မြို့အဝင်လမ်းခွဲအထိ၊ မြို့အဝင်လမ်းခွဲမှအဝေးပြေးကားလမ်းမအတိုင်း ရန်ကင်းလမ်းခွဲအထိ၊ ရန်ကင်းလမ်းခွဲမှ ရန်ကင်းလမ်းအတိုင်း မြို့တော်ခန်းမရှေ့အထိ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလုံမြို့နယ်၌ KGL အင်ဂျင်ဝိုင်ရောင်းဝယ်ရေး ကုမ္ပဏီဝင်းအတွင်းသို့ ဝင်ရောက်မွှေနှောက်ပြီး မန်နေဂျာဖြစ်သူအား ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်တွင် ပါဝင်သူများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အလုံမြို့နယ်၌ KGL အင်ဂျင်ဝိုင်ရောင်းဝယ်ရေး ကုမ္ပဏီဝင်းအတွင်းသို့ ဝင်ရောက်မွှေနှောက်ပြီး မန်နေဂျာဖြစ်သူ ဦးမြင့်စိန်ကို ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်တွင် ပါဝင်သည့်သူများကို ထပ်မံဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်သည့်သူများ ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ မြို့နယ်အလိုက် လှည့်ကင်းယာဉ်များဖြင့် ဝိုင်းဝန်းပိတ်ဆို့ ရှာဖွေဖမ်းဆီးခဲ့ရာ ည ၇ နာရီခွဲတွင် ကမာရွတ်မြို့နယ် ပြည်လမ်း နိုဗိုတယ်ဟိုတယ်ရှေ့တွင် ဦးမြင့်စိန်(ခ)ဖီးလစ်အား ၎င်းပိုင်ယာဉ်ဖြင့် ပြန်လည်တွေ့ရှိခဲ့ပြီး သူရပါ အမျိုးသားနှစ်ဦးအား အခင်းဖြစ်အရပ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ ဇော်ထူး(ခ)ကရင် (၄၈ နှစ်)ပါ အမျိုးသားနှစ်ဦးတို့ကို (၁၃၃)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့မှ မီးတန်းယာဉ်နှင့် ဆိုင်ကယ်လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဖြစ်စဉ်ဖြစ်ပွားသည့် ည ၁၀ နာရီ မိနစ် ၄၀ တွင် တိုက်ကြီးမြို့နယ် ဈေးရပ်ကွက် ဗီးနပ်စ်ဖုန်းဆိုင်ရှေ့၌ လိုက်ထရပ်ယာဉ်နှင့် သုံးဆယ်မြို့နယ် ပေဆင်ကုန်းရပ်ကွက်နေ ထွန်းထွန်းအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့သူများအား အရေးယူပေးရန် တိုင်တန်းချက်အရ သူရပါ ငါးဦး(ဖမ်းမိ)နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ မျိုးမြင့်အောင်(ခ)အရှည်ကြီး (စိစစ်ဆဲ)ပါ ငါးဦးခန့်(ဖမ်းမမိ) တို့အား အလုံမြို့မရဲစခန်း(ပ)၄၃၀/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်းနှင့် ကျန်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

၁၄. ၁၁ .၂၀၁၈(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာစကားဝိုင်း
၈း၃၅ - "ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပညာပေး ရက်သတ္တပတ် အထိမ်းအမှတ် စကားဝိုင်း"
၉း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ သရုပ်ဆောင်-အကယ်ဒမီ ဇင်ဝိုင်း
၁၀း၅၀ - ပြည်သူ့နီတိ "အမွေ"
၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၅၉)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်" (အပိုင်း-၁)

**ညပိုင်း**

၁၆း၃၅ - ကျန်းမာရေးမဂ္ဂဇင်း "အသက်အရွယ်ကြီးမြင့်လာသူများအား ဆီးချို၊ သွေးချိုရောဂါ ဘယ်လိုကုသရမလဲ"
၁၇း၀၅ - အနုပညာခန်းရိပ်သာ "မန္တလေးသိန်းဇော်နှင့် တွေ့ဆုံခြင်း"
၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မုန်းစွဲ"
၁၇း၃၅ - MRTV Travelogue
၁၈း၂၀ - Football Magazine
၁၈း၃၅ - "ရတနာစုံညီ နေပြည်တော်ဆီ"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" အပိုင်း(၂)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "ကမ္ဘာ့ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး အထိမ်းအမှတ်စကားဝိုင်း" (အပိုင်း-၁)

## အင်းတော်မြို့နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းချနေသူ လေးဦးအား ဖမ်းဆီးရမိ

**အင်းတော် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မအူကုန်းကျေးရွာအနီး လယ်တဲ၌ ယနေ့ နံနက် ၄ နာရီခွဲက မူးယစ်ဆေးဝါး သုံးစွဲ၊ ရောင်းချနေသူ လေးဦးကို ရှောင်တခင်ဝင်ရောက် ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲအုပ် ကျော်စိုးလင်း ဦးစီး တပ်ဖွဲ့ဝင်များသည် နဘားကျေးရွာနှင့် လယ်ပြင်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ လယ်တဲတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ရောင်းချနေကြောင်း သတင်းအရ အင်းတော်မြို့နယ် မအူကုန်းကျေးရွာ၏ အရှေ့တောင်ဘက်တစ်မိုင်ခန့်အကွာရှိ မအူကုန်းကျေးရွာနေ ဇင်မျိုးကို (၂၅ နှစ်)၏ လယ်တဲသို့ ယနေ့ နံနက် ၄ နာရီခွဲက ရှောင်တခင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းနှင့်အတူ ကသာမြို့နယ် သဖန်းကိုင်းကျေးရွာနေ စိုင်းမောင် (၂၈ နှစ်)၊ မိုးကောင်းမြို့နယ် ကညင်မြိုင်ကျေးရွာနေ ထွန်းထွန်းဝင်း (၂၅ နှစ်)



တို့အား တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ဘိန်းဖြူကိုးဂရမ်နှင့် ပင်နီဆလင်ပုလင်း ထည့်ထားသည့် ၀ ဒသမ ၁ ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရန် အသင့်ပြင်ထားသည့် တစ်ခါသုံးဆေးထိုးပြွန် (အပ်တပ်လျက်) ၁၃ ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဘိန်းဖြူများမှာ ဂျုံးဂျုံးကျကျေးရွာနေ ကျော်လှ(ခ)မောင်မောင် (၅၃ နှစ်)ထံမှ ဝယ်ယူထားကြောင်း စစ်ဆေးပေါ်ပေါက်မှုအရ ဂျုံးဂျုံးကျကျေးရွာရှိ ကျော်လှ(ခ)မောင်မောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ ဇင်မျိုးကို အပါအဝင် လေးဦးကို အင်းတော်မြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တောင်ဥက္ကလာပမြို့နယ်တွင် အငှားယာဉ်မောင်းထံမှ ဓားထောက်ငွေတောင်းသူနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

အငှားယာဉ်မောင်း ကို------မောင်းနှင်သော AA/---- စူပါရစ်ဖင် ကောက်ယာဉ်သည် နိုဝင်ဘာ ၁၁ ရက် နံနက် ၃ နာရီတွင် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်း မီးပွိုင့် အနီးတွင် လူနှစ်ဦးက သဃ်န်းကျွန်း လိုင်စင်ရုံးအနီးသို့ ငွေကျပ် ၂၅၀၀ နှင့် ငှားရမ်းသဖြင့် ပို့ဆောင်ရာ ရတနာလမ်း ကျိုက္ကဆံ ဘုရားရှေ့အရောက် အရှေ့ခန်းတွင်ထိုင်သောသူက အပေါ့သွားချင်သည်ဆို၍ ကျိုက္ကဆံဘုရား မုခ်ဦးအလွန်တွင် ခဏရပ်ပေးလိုက်ရာ ရှေ့ခန်း၌ ထိုင်နေသူက ဆင်းပြီး အပေါ့သွားနေစဉ် နောက်ခန်းတွင် လိုက်ပါလာသူက ယာဉ်မောင်း၏ လည်ပင်းကို စတီးဓားဖြင့် ထောက်ထား၍ ငွေတောင်းရာ ယာဉ်မောင်းက ဆေးလိပ်ပြာခံသော အံဝှက်အတွင်းငွေကျပ် ၄၆၀၀၀ ရှိကြောင်း ပြောရာ ၎င်းတို့က ငွေများအား ယူဆောင်ပြီး ထွက်ပြေးစဉ် ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းရာ လှည့်ကင်းဆောင်ရွက်နေသော တောင်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုယက်သူနှစ်ဦးအနက် တစ်ဦးကို ဝိုင်းဝန်းဖမ်းဆီးရမိခဲ့သည်။

အမှုနှင့်ပတ်သက်၍ ဖမ်းဆီးရရှိထားသူမှာ နေစိုးအောင်(ခ) ဘိုတုတ်ကို အသေးစိတ်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် ၎င်း၏တူအရင်းဖြစ်သူ သန်းဒွေးအောင်ပါဝင်ခဲ့ကြောင်း သိရှိရသဖြင့် သန်းဒွေးအောင်အား နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် တာမွေအဝိုင်းအနီးရှိ ခုံးတံတားအောက်တွင် ဖမ်းဆီးရမိခဲ့ပြီး သက်သေခံငွေများနှင့် ဓားတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အုပ်စုဖွဲ့ အနိုင်ကျင့်ထိုးနှက်ကြသူများအား ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့တွင် မော်တော်ဆိုင်ကယ်မောင်းနှင်နေသူနှစ်ဦးအား အုပ်စုဖွဲ့အနိုင်ကျင့်ထိုးနှက်ကြသူ လူတစ်စုကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိပြီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် ည ၇ နာရီက ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ စည်သူအောင် သည် ၎င်း၏ သူငယ်ချင်း သက်ကာချမ်းမြေ့နှင့်အတူ ရာဇဌာနီလမ်းဘေးရှိ "ယူနီယံ"ဘောလုံးကွင်းသို့အသွား ရွှေချီ(၈)လမ်း ကောင်းသုတ စားသောက်ဆိုင်အနီးအရောက်တွင် ဆိုင်ကယ်သုံးစီးဖြင့် လူရှစ်ဦးက နောက်မှလိုက်လာပြီး ၎င်းတို့၏ဆိုင်ကယ်အား ကျော်တက်၍ ရှေ့မှရပ်ကာ ၎င်းတို့အား "ဘာကြည့်သွားတာလဲ" ဟု မေးမြန်းပြီး လက်သီးနှင့်ထိုး၊ ကျောက်ခဲနှင့် ပစ်ပေါက်သဖြင့် ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အနီးရှိ ကောင်းသုတစားသောက်ဆိုင်သို့ သွားရောက်အကူအညီတောင်းပြီး ပြန်လာစဉ် ၎င်းတို့၏ဆိုင်ကယ်မှာ လဲနေပြီး ဆိုင်ကယ်ရှေ့တွင်ထားသော ဆင်းကတ်နှစ်ခုပါ ဖုန်းတစ်လုံးနှင့် ဆင်းကတ်တစ်ခုပါ ဖုန်းတစ်လုံးတို့မှာ ပျောက်ဆုံးသွားပြီး ဆိုင်ကယ်ပါ ပျက်စီးသွားသဖြင့် အဆိုပါအမျိုးသားရှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တိုင်တန်းသဖြင့် ပျဉ်းမနားမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အမှုမှ မသင်္ကာသူ ငြိမ်းပြည့်စုံစိုး(ခ)အေဗဒါ၊ (၁၇ နှစ်) ရမည်းသင်းစု ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့နေသူအား နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီခန့်တွင် ဒုရဲအုပ် အောင်ကိုကိုဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ဖမ်းဆီးခဲ့ပြီး ၎င်းအား စစ်ဆေးခဲ့ရာ တစ်ရပ်ကွက်တည်းနေ ဇင်ကိုကိုသက်(ခ) ဇင်ကို (၁၈ နှစ်)၊ ဝေယံ(ခ)ချစ်စမ်းမောင် (၁၇ နှစ်)၊ မိုးအောင် (၁၈ နှစ်)၊ ဇင်အောင်(၁၈ နှစ်)ကျောင်းသား၊ ရွှေသီးနှင့် ဇင်သူအောင် (အသက်၊ နေရပ်လိပ်စာ၊ စုံစမ်းဆဲ)တို့နှင့်အတူ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုမှ ပြစ်မှုကျူးလွန်ခဲ့သူ ငြိမ်းပြည့်စုံစိုး(ခ)အေဗဒါ အပါအဝင် ငါးဦးကို ဖမ်းဆီးထားရှိပြီး ရွှေသီးနှင့် ဇင်သူအောင်တို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ရေချမ်းစင်ရှိ သောက်ရေခွက်ဖြင့် အရက်ထည့်မသောက်ရန် တားမြစ်မှုကြောင့် ဓားထိုးမှုဖြစ်ပွား

**မြို့သစ် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် နိုဝင်ဘာ ၁၂ ရက်က ဓားထိုးမှုဖြစ်ပွားကြောင်း မြို့သစ်မြို့နယ် ဝါးကြီးအိုင် နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၁ ရက် ည ၉ နာရီခန့်က မြို့သစ်မြို့နယ် နင်းကြမ်းကျေးရွာအုပ်စု ယောင်းမကျေးရွာနေ ဝင်းအောင် (၃၄ နှစ်)သည် ရွာအရှေ့ထိပ် ဦးဆန်းယုနေအိမ်အနီး ရေချမ်းစင်တွင် တစ်ရွာတည်းနေ ကုလား(ခ)မြင့်ဇော်(၁၈ နှစ်)နှင့်အတူ နေဝင်းအောင်၊ ဇော်ဇော်အောင်၊ ဖြူကြီးတို့နှင့်အတူ အရက်အတူသောက်နေစဉ် ကုလား(ခ)မြင့်ဇော်က ရေချမ်းစင်ရှိ သောက်ရေခွက်နှင့် အရက် ထည့်သောက်သဖြင့် ဝင်းအောင်က ကုလား(ခ)မြင့်ဇော်အား ပြောရာ အရက်ထည့်မသောက်ရန် ကုလား(ခ)မြင့်ဇော်က ယင်းခွက်ဖြင့် အရက်တစ်ခွက်ထည့်သောက်ပြီး နေအိမ်သို့ ပြန်သွားခဲ့သည်။ ထို့နောက် ၁၅ မိနစ်ခန့်အကြာ ကုလား(ခ)မြင့်ဇော်က ညစ်ညမ်းစွာ ဆဲဆိုစိန်ခေါ်သဖြင့် အခြားလူများနှင့် ပြဿနာဖြစ်မည်ဆိုး၍ ဝင်းအောင်က ထိန်းသိမ်းရန် လမ်းဘက်သို့ ထွက်သွားစဉ် ကုလား(ခ)မြင့်ဇော်က အသင့်ပါလာသော ဓားဦးချွန်ဖြင့် ဝင်းအောင်၏ ဝမ်းဗိုက်အားထိုးလိုက်ရာ ဝင်းအောင်က လက်ဖြင့် ကာလိုက်သဖြင့် ညာဘက်လက်ကောက်ဝတ်တွင် တစ်လက်မခန့် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး ဝင်းအောင်က အော်ဟစ်အကူအညီတောင်းခဲ့ရာ နေဝင်းအောင်နှင့် ဇော်ဇော်အောင်တို့ ဝိုင်းဝန်းဖျန်ဖြေပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဝင်းအောင်က ကုလား(ခ)မြင့်ဇော်အား အရေးယူပေးရန် တိုင်တန်းသဖြင့် ဝါးကြီးအိုင်နယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်**

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ စပါးအိတ်များတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၈၂ သန်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၆၄ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၆၈၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Nissan Condor ခြောက်ဘီးယာဉ်တစ်စီး၊ မစ်ဆူဘီရှိ ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စပါး (နှစ်တင်းဝင်အိတ်) ၃၂၅ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၂၅ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပါရာဒိုက်စ်မြို့မှ ဒေသခံနှစ်ဦး ပျက်စီးဆုံးရှုံးသွားသည့်နေအိမ်မှ အပျက်အစီးများကို ကြည့်ရှုနေစဉ်။

# ကယ်လီဖိုးနီးယားတောမီး ငါးရက်မြောက်နေ့ သေဆုံးသူ ၄၂ ဦးအထိရှိလာ

**ကယ်လီဖိုးနီးယား နိုဝင်ဘာ ၁၃**

ကယ်လီဖိုးနီးယားမြောက်ပိုင်းတွင် တောမီးအကြီးအကျယ် လောင်ကျွမ်းမှုကြောင့် သေဆုံးသူဦးရေမှာ တနင်္လာနေ့တွင် ၄၂ ဦးအထိရှိလာပြီဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်သမိုင်းတွင် အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုဖြစ်လာခဲ့သည်။မီးသတ်သမား ထောင်ပေါင်းများစွာတို့သည် ဆီရီယာနီဗားဒါးတောင်တန်းတွင် အစပြုလောင်ကျွမ်းခဲ့သောတောမီးကို ငြိမ်းသတ်နိုင်ရေး ငါးရက်မြောက်နေ့အဖြစ် ကြိုးစားနေကြသည်။

"ဒီနေ့အလောင်း ၁၃လောင်းထပ်တွေ့တဲ့အတွက် သေဆုံးသူအရေ အတွက်ဟာ ၄၂ ဦးအထိရှိလာပါပြီ။ အခုတောမီးက ကယ်လီဖိုးနီးယားသမိုင်းမှာ အဆိုးရွားဆုံးပါပဲ" ဟု ရဲအရာရှိတစ်ဦးဖြစ်သူ ခိုရီဟိုနီရာက ပြောသည်။

၁၉၁၈ ခုနှစ် မင်နီဆိုးတားပြည်နယ်တွင် လောင်ကျွမ်းခဲ့သော Cloquet တောမီးတွင် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၀၀၀ခန့် သေဆုံးခဲ့ရပြီး အဆိုပါတောမီး နောက်ပိုင်း ယခုကယ်လီဖိုးနီးယားတောမီးသည် အဆိုးဆုံးဟု ဆိုရမည်ဖြစ်သည်။ အဆိုပါတောမီးကြောင့် ပါရာဒိုက်စ်မြို့မှ နေအိမ်ပေါင်း ၆၅၀၀ ခန့် မီးလောင်ပျက်စီးခဲ့ရသည်။ ဝါရှင်တန်နှင့်တက္ကဆက်တို့မှ မီးသတ်သမားပေါင်း ၅၁၀၀ ခန့်မှာ မီးငြိမ်းသတ်နိုင်ရေး အစွမ်းကုန်ကြိုးစားလျက်ရှိသည်။ ကယ်လီဖိုးနီးယား မြောက်ပိုင်းနှင့် တောင်ပိုင်းနှစ်ခုပေါင်းလျှင် တောမီးကြောင့် သေဆုံးရသူ ၄၄ ဦးအထိရှိလာပြီဖြစ်သည်။ အမေရိကန်သမ္မတ ထရမ့်က ကယ်လီဖိုးနီးယားပြည်နယ်ကို သဘာဝဘေးခံစားနေရသည့်ပြည်နယ်အဖြစ်ကြေညာခဲ့ပြီး တောမီးကြောင့် ထိခိုက်ခံစားခဲ့ရသည့်ဒေသများသို့ အကူအညီများပေးရန် ပြည်နယ်အစိုးရကို အမိန့်ပေးခဲ့သည်။ **အေအက်ဖ်ပီ**

# ရေနံထုတ်လုပ်မှု မဖြတ်တောက်ရေး ဆော်ဒီအာရေဗျနှင့် အိုပက်တို့အား ထရမ့်တိုက်တွန်း

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆော်ဒီအာရေဗျနှင့် ရေနံတင်ပို့ရောင်းချမှုနိုင်ငံများအသင်း(အိုပက်)တို့အား ရေနံထုတ်လုပ်မှု မဖြတ်တောက်ရေးအတွက် တနင်္လာနေ့က တိုက်တွန်းခဲ့သည်။ ဆော်ဒီအာရေဗျနှင့် အိုပက်တို့ ရေနံထုတ်လုပ်မှုကို ဖြတ်တောက်မှုမပြုဟု မျှော်လင့်ကြောင်း၊ ရေနံဈေးနှုန်းသည်လည်း ရေနံဖြည့်စွမ်းပေးနိုင်မှုအပေါ်မူတည်၍ လျှော့ချသင့်ကြောင်း ထရမ့်ကတွစ်တာပေါ်တွင် ရေးသားခဲ့သည်။

လွန်ခဲ့သောလက အမေရိကန်ပြည်ထောင်စု စွမ်းအင်သတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန အီးအိုင်အေ၏ အဆိုအရ အမေရိကန်၏ အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်ခဲ့လျှင် ရေနံဈေးနှုန်းကို မတည်မငြိမ်ဖြစ်စေနိုင်ကြောင်း၊ မကြာတော့မည့်ကာလအတွင်း ပိတ်ဆို့မှုပြုလုပ်ခြင်း၏ရလဒ်များမှာ ပိုတိုးလာမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

အိုပက်ကလည်း ၎င်း၏အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ရေနံဈေးကွက်၏လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အသင့်ပင်ဖြစ်ကြောင်း နောက်ပိုင်းတွင် ပြောခဲ့သည်။ ကမ္ဘာ့ရေနံဈေးကွက်တည်ငြိမ်ရေးနှင့် ဟန်ချက်ညီရေးကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ဆော်ဒီဂျာနယ်လစ် ဂျမားလ် ခါရှော့ဂီအသတ်ခံရမှုနှင့် ဆော်ဒီဦးဆောင်သည့် မဟာမိတ်တပ်များ ယီမင်နိုင်ငံတွင် ထိုးစစ်ဆင်နွှဲနေမှုများသည် အမေရိကန်နှင့် ဆော်ဒီတို့၏ ရင်းနှီးသောဆက်ဆံရေးကို စိန်ခေါ်လာခဲ့သည်။ အမေရိကန်လွှတ်တော်သည် မစ္စတာ ခါရှော့ဂီ အသတ်ခံရမှုအတွက် တာဝန်ရှိသူကို ဖော်ထုတ်ပေးရန် ဖိအားပေး တောင်းဆိုခဲ့ပြီး ဆော်ဒီဘက်မှ တာဝန်ယူမှုမရှိလျှင် ဆော်ဒီတပ်ဖွဲ့သို့ လက်နက်များရောင်းချမှုများကို ရပ်တန့်ပြီး ဆော်ဒီနိုင်ငံအပေါ် ပိတ်ဆို့ခြင်းတို့ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော် သမ္မတထရမ့်အစိုးရသည် ဆော်ဒီကို အရေးယူမှုများပြုလုပ်ရန် တုံ့ဆိုင်းနေခဲ့သည်။ ဆော်ဒီမှ အမေရိကန်လက်နက်များဝယ်ယူနေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနေရာ ယင်းကဏ္ဍ ထိခိုက်မည်ကိုလည်း စိုးရိမ်ရကြောင်း အကြောင်းပြခဲ့သည်။

**ဆင်ဟွာ**

# အပေါက်အစည်းအဝေးတက်ရန် အမေရိကန်ဒုတိယသမ္မတ ခရီးတစ်ထောက်အဖြစ် ဂျပန်သို့ရောက်ရှိ

**တိုကျို နိုဝင်ဘာ ၁၃**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် အာရှလေးနိုင်ငံခရီးစဉ်၏ ပထမဆုံးနိုင်ငံအဖြစ် ဂျပန်နိုင်ငံသို့ရောက်ရှိလာခဲ့သည်။

၎င်းသည် နိုဝင်ဘာ ၁၁ရက် ညနေက တိုကျိုအနောက်ပိုင်းရှိ အမေရိကန်ရိုကိုတာလေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့သည်။ မိုက်ပန့်စ်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နိုဝင်ဘာ ၁၂ရက်တွင် တွေ့ဆုံမည်ဖြစ်ပြီး ၎င်းတို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲကို လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးသည် လတ်တလောတွင် မြောက်ကိုရီးယား၏ တဖြည်းဖြည်း တိုးတက်လာသည့် နျူကလီးယားကင်းစင်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးသွားလိမ့်မည်ဟု မျှော်လင့်ရသည်။

၎င်းတို့သည် လာမည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်မည့် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ် ဆွေးနွေးသွားလိမ့်မည်ဟုလည်း မျှော်လင့်ရသည်။ အဆိုပါ အာရှခရီးစဉ် မစတင်မီကလည်း မိုက်ပန့်စ်သည် ဝါရှင်တန်သတင်းစာတွင် ဆောင်းပါးတစ်ပုဒ်ရေးခဲ့ကြောင်း သိရသည်။

ယင်းဆောင်းပါးတွင် ပန့်စ်သည် ဂျပန်နိုင်ငံနှင့် ပူးတွဲလုပ်ဆောင်မည့် ကုန်သွယ်ရေးကဏ္ဍတွင် အမေရိကန်အလုပ်သမားများ ရှေ့တန်းရောက်လာလိမ့်မည်ဟု ပြောထားသည်။ ထို့ကြောင့် ပန့်စ်နှင့် အာဘေးတို့ အဆိုပါအရေးနှင့်ပတ်သက်ပြီး မည်သည့်အတိုင်းအတာအထိ ပြောဆိုဆွေးနွေးမည်ဆိုသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။

ပန့်စ်သည် လာမည့် စနေနေ့တွင် အင်ဒိုပစိဖိတ်ဒေသတွင်း နိုင်ငံဖြစ်သည့် ပါပူဝါနယူးဂီနီတွင် ကျင်းပမည့် အပေက်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိမ့်မည်ဟု သိရသည်။ တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံ စီမံကိန်းများမှတစ်ဆင့် ဒေသတွင်းလွှမ်းမိုးမှုများ ပြုလုပ်နေသည့်အတွက် ယင်းအပေါ် အမေရိကန်အစိုးရအဖွဲ့က စိုးရိမ်မှုများတိုးလာသည်။ **အင်န်အိတ်ချ်ကေ**




အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

# အာဖဂန်၌ ပြန်လည်သင့်မြတ်ရေး အမေရိကန်နှင့်ရုရှားတို့ ဆွေးနွေးသွားဖွယ်ရှိ

**မော်စကို နိုဝင်ဘာ ၁၃**

အာဖဂန် ပြန်လည်သင့်မြတ်ရေး အမေရိကန် အထူးကိုယ်စားလှယ် ဇယ်မေးခါလီဇတ်သည် ဒီဇင်ဘာလအစောပိုင်းတွင် မော်စကိုသို့သွားရောက်ရန်ရှိပြီး အာဖဂန်နိုင်ငံ၏ ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးသွားဖွယ်ရှိသည်ဟု ရုရှားအစိုးရအရာရှိများက တနင်္လာနေ့တွင် ပြောသည်။

ခါလစ်ဇတ်သည် လတ်တလောတွင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ယူအေအီးနှင့် ကာတာနိုင်ငံတို့သို့ ခရီးသွားနေပြီး အေဂျင်စီအဖွဲ့အစည်းများကြား ကြားဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုဝင်ဘာ ၈ရက်မှ ၂၀ ရက်အတွင်း ၎င်းသည် အာဖဂန်အစိုးရအရာရှိကြီးများနှင့် အခြားသောပါတီများမှ လူများနှင့် တွေ့ဆုံသွားဖွယ်ရှိသည်။ မစ္စတာ ခါလစ်ဇတ်သည် ဒီဇင်ဘာအစောပိုင်းတွင် မော်စကိုသို့လာမည်ဟု ပြောကြားထားကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ရုရှားအထူးကိုယ်စားလှယ် ဇာမီယာကတ်ဘော့လုက ပြောသည်။ သောကြာနေ့ကလည်း အာဖဂန်နစ္စတန်နိုင်ငံငြိမ်းချမ်းရေးအတွက် အကြံပြုချက်များဆိုင်ရာ မော်စကို၏ အစီအစဉ်များကို ဒုတိယအကြိမ်မြောက်အဖြစ် ဆွေးနွေးခဲ့သည်။ ထိုပွဲသို့ ရုရှား၊ ပါကစ္စတန်၊တရုတ်၊ အီရန်၊ အိန္ဒိယ၊ ကာဇတ်စတန်၊ တာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံတွင် ကာလဝမ်းရောဂါများ အဆမတန်မြင့်တက်

**ဘောနို နိုဝင်ဘာ ၁၃**

ဘိုကိုဟာရမ် အကြမ်းဖက်မှုများကြောင့် လူထောင်ပေါင်းများစွာ ဒုက္ခသည်စခန်းများတွင် ခိုလှုံခွင့်ရရှိရန် ဟိုပြေးဒီလွှားလုပ်နေသော နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်တွင် သံသယဖြစ်ဖွယ် ကာလဝမ်းရောဂါဖြစ်ပွားမှုမှာ အဆမတန်မြင့်တက်လာခဲ့ကြောင်း နော်ဝေဒုက္ခသည်ဆိုင်ရာ ကောင်စီက မကြာသေးမီက ပြောကြားလိုက်သည်။

၂၀၁၈ခုနှစ် နိုဝင်ဘာလအစောပိုင်းကတည်းက နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ်များဖြစ်သော အဒန်မဝါ၊ ဘိုနိုနှင့် ရိုဘီတို့တွင် ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၁၇၅ ဦး သေဆုံးခဲ့ပြီး လူပေါင်း တစ်သောင်းကျော် ကူးစက်မှုခံနေရကြောင်း လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအဖွဲ့က ပြောခဲ့သည်။

ကာလဝမ်းရောဂါဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများမှာ ဒုက္ခသည်စခန်းများတွင် ရေအလုံအလောက်မရရှိခြင်း၊ အညစ်အကြေးစွန့်စနစ်များစနစ်တကျမရှိခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု နော်ဝေဒုက္ခသည်ကောင်စီ၏ ပရိုဂရမ်မန်နေဂျာဂျဲနက်ခရိုနိုကပြောခဲ့သည်။

မိုးရာသီတွင် လက်ရှိဖြစ်ပေါ်နေသောအခြေအနေမှာ ပို၍ဆိုးရွားလာနိုင်ပြီး ဒုက္ခသည်စခန်းများကို ကျန်းမာရေးနှင့် အညစ်အကြေးစနစ်များ အရေးပေါ်ထောက်ပံ့မှု မလုပ်ဆောင်နိုင်ပါက လာမည့် ၂၀၁၉ ခုနှစ်တွင် နိုင်ဂျီးရီးယားသည် ကာလဝမ်းရောဂါဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံဖြစ်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစိုးရနှင့် ဘိုကိုဟာရမ် အကြမ်းဖက်သမားများ တိုက်ခိုက်မှုစတင်ဖြစ်ပွားခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံသည် ကာလဝမ်းရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိသည်။ သွေးမြေကျမှုဖြစ်ပွားနေသည့် ပဋိပက္ခများမှ လူပေါင်း ၁ ဒသမ ၈ သန်း ကျော် ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဘိုကိုဟာရမ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ဘော်နိုပြည်နယ်မြို့တော် မိုင်ဒူဂူရီရှိ ဒါလိုရီကျေးရွာတွင် မီးလောင်ကျွမ်းခဲ့သော နေအိမ်ကို စိတ်မကောင်းစွာဖြင့် ကြည့်နေသည့် ဒေသခံများကို နိုဝင်ဘာ ၁ ရက်က တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ဂါဇာဒေသပဋိပက္ခများ မြင့်တက်လာ၍ အစ္စရေးဝန်ကြီးချုပ်၏ ပါရီခရီးစဉ် ဖျက်သိမ်း

**ဂျေရုဆလင် နိုဝင်ဘာ ၁၃**
အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုသည် တနင်္ဂနွေနေ့က ပါရီမြို့သို့ သွားမည့် ခရီးစဉ်ကိုဖျက်သိမ်းခဲ့ရသည်။

ဂါဇာဒေသတွင် အစ္စရေးမှ လေကြောင်း တိုက်ခိုက်မှုများကြောင့် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သဖြင့် ပါလက်စတိုင်းနှင့် အစ္စရေးတို့ကြား တင်းမာမှုများ မြင့်တက်လာပြီး ယခုလို ခရီးစဉ်ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံတောင်ပိုင်း လုံခြုံရေးအရသတိပေးမှုများ မြင့်တက်လာချိန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဂျေရုဆလင်မြို့သို့ ပြန်လှည့်လာခဲ့ရကြောင်း နေတန်ယာဟု၏ ရုံးမှ ပြောသည်။

အစ္စရေးအထူးတပ်ဖွဲ့ တစ်စုသည် အရပ်ဘက်သုံးကားနှင့် ဂါဇာဒေသအတွင်း သုံးကီလိုမီတာအကွာသို့ ရောက်ရှိလာခဲ့ကြောင်း ဟားမားစ်အုပ်စုက ပြောသည်။ အစ္စရေးလေယာဉ်တစ်စင်းမှာ အဆိုပါအုပ်စုကို အစ္စရေးနယ်မြေအတွင်း ပြန်သွားရန် အကူအညီပေးခဲ့ရသည်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးဘက်သို့ ဦးတည်၍ ဒုံးကျည်ဖြင့် ပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ကြောင်း အစ္စရေးနိုင်ငံတောင်ပိုင်းတွင် သတိပေး ဥဩဆွဲသံများ မြည်လာခဲ့ကြောင်း၊ ဒုံးကျည်များကို ကြားဖြတ် ဟန့်တားခဲ့ရကြောင်း သိရသည်။ အီဂျစ်နှင့် အမေရိကန်တို့မှာ အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား စေ့စပ်ပေးရေးဆောင်ရွက်နေကြစဉ် ယခုကဲ့သို့ တင်းမာမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ **ဆင်ဟွာ**

## နယူးဒေလီမြို့၌ လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာ

**နယူးဒေလီ နိုဝင်ဘာ ၁၃**
အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် လေထုညစ်ညမ်းမှုမှာ အင်္ဂါနေ့တွင် ပို၍ဆိုးရွားလာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဗဟိုဌာနက လေထု အရည်အသွေးအညွှန်းကိန်းမှာ ၄၀၆ ထိ ရှိနေကြောင်း ပြောသည်။ ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် တိုင်းတာချက်အရ ဒေလီမြို့၌ လေထုအရည်သွေးမှာ ၄၀၆ ရှိကြောင်း လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဗဟိုဌာနမှ ပြောသည်။

လေထုညစ်ညမ်းမှု ဆိုးရွားလာသည့်အတွက် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်လာနိုင်ကြောင်း၊ အဆုတ်နှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားလာနိုင်ကြောင်း ကျန်းမာရေးအရာရှိများက ပြောသည်။ မြို့တွင်းနှင့် မြို့ပြင်ကို မီးခိုးငွေ့များက စောင်သဖွယ် လွှမ်းခြုံထားသည်ကိုလည်း တွေ့ရသည်။ ပြီးခဲ့သည့် ကြာသပတေးနေ့ နံနက်ပိုင်းတွင် ပြည်သူများမှာ အသက်ရှူမဝခြင်းနှင့် မျက်စိယားယံခြင်းတို့ကို ခံစားရကြောင်း ပြောသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကြောင့်လည်း လေထုအရည်အသွေးမှာ ပိုမိုဆိုးရွားလာရကြောင်း သိရသည်။ **ဆင်ဟွာ**

# ပိုလီယိုအမြစ်ပြတ်ဖို့ ရုန်းကန်နေရဆဲဖြစ်တဲ့ အာဖဂန်နစ္စတန်

**ချူးစန္ဒီနွေး**

နှစ်နှစ်ပဲရှိသေးတဲ့ မဒီနာဟာ ကာကွယ်ဆေးကို ခုနစ်ကြိမ် ထိုးပြီးပါပြီ။ ဒါပေမယ့်လည်း သူ့အတွက် မလုံလောက်သေးပါဘူး။ သူနောက်တစ်ကြိမ်ဖျားလို့ ကန်ဒါဟာပြည်နယ်က ဆရာဝန်ဆီသွားတဲ့ အခါမှာတော့ ဆရာဝန်က မဒီနာဟာ ပိုလီယိုရောဂါဖြစ်နေပြီလို့ ပြောခဲ့ပါတယ်။

**ကလေးတစ်သန်းခန့် ကာကွယ်ဆေးလိုအပ်နေ**

ကန်ဒါဟာပြည်နယ်တစ်ခုတည်းမှာပဲ ရှိတဲ့ ကလေးငယ် တစ်သန်းခန့်ဟာ ကာကွယ်ဆေး သောက်သုံးဖို့ လိုအပ်နေပါတယ်။ ဒါပေမယ့်လည်း အများစုဟာအာဖဂန်တောင်ပိုင်းဆင်းရဲပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ပြည့်နေတဲ့နေရာတွေက လာခဲ့ရတာပါ။ အာဖဂန်နိုင်ငံ တောင်ပိုင်းဟာ တာလီဘန်တွေ အများဆုံး ကြီးစိုးရာနယ်မြေတစ်ခုဖြစ်ပြီး အစိုးရက ခန့်ထားတဲ့ကျန်းမာရေးလုပ်သားတွေ တစ်အိမ်ဆင်း တစ်အိမ်တက် ကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ပေးတာကို တာလီဘန်တွေက မကြိုက်ကြပါဘူး။ အဲဒီဖြစ်ရပ်ဆိုးကြောင့် ကာကွယ်ဆေး လိုက်လံတိုက်ကျွေးပေးမယ့် ကျန်းမာရေးလုပ်သားတွေအတွက် ကြီးမားတဲ့ အတားအဆီးကြီးတစ်ခု ဖြစ်လာပါတယ်။

ပြီးတော့အာဖဂန်နစ္စတန်ဟာလည်းပိုလီယိုရောဂါအရှင်းမပျောက်သေးတဲ့ နိုင်ငံသုံး နိုင်ငံထဲက တစ်ခုအပါအဝင်ပါပဲ။ ယခုနှစ်အတွင်းမှာကိုပဲ ပိုလီယိုရောဂါဖြစ်ပွားတဲ့ ကလေးငယ် ၁၉ ဦးရှိတယ်လို့ မှတ်တမ်းတင်ထားပြီး လွန်ခဲ့တဲ့နှစ်နှစ်အတွင်းမှာတော့ ပိုလီယိုဖြစ်ပွားသူ ၁၃ ဦးရှိပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီးက မှတ်တမ်းတင်ထားပါတယ်။

**ဆင်းရဲတွင်းနက်နေ**

ကန်ဒါဟာပြည်နယ်မှာ ကျန်းမာရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရသူတွေရဲ့အလုပ်ဟာလည်း မလွယ်ကူပါဘူး။ ပြည်နယ်အတွင်းလုံခြုံရေးဆိုင်ရာ အာမခံချက်မပေးနိုင်မှု၊ မိုးခေါင်မှု၊ ဆင်းရဲတွင်းနက်မှု၊ ရိုးရာအစဉ်အလာကို စောင့်ထိန်းလွန်းခြင်း၊ အယူသီးခြင်း၊ ပညာမတတ်ခြင်းတို့က ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံထားပါတယ်။ ကာကွယ်ဆေးတိုက်ကျွေးမယ့် ကျန်းမာရေးဝန်ထမ်းတွေဟာ နေ့တိုင်းနေ့တိုင်း ကလေးအတော်များများကို ကာကွယ်ဆေးပေးနိုင်ဖို့ မျှော်လင့်ချက်နဲ့ အလုပ်လုပ်ကြပါတယ်။

**စားဝတ်နေရေးသာအဓိက**

ကန်ဒါဟာပြည်နယ်က ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သူ မော်လဝီအဗ္ဗဒူရာရှစ်ကတော့ "ဒီဒေသမှာနေထိုင်တဲ့ ဒေသခံတွေဟာ ဆင်းရဲကြတယ်။ သူတို့မှာ နေ့စဉ်ပူပန်နေရတာက ကလေးတွေကို ညကျရင် ဘာကျွေးရပါ့မလဲဆိုတာပါပဲ။ ဒီကြားထဲမိုးခေါင်မှုက ထပ်ပြီးနှိပ်စက်ပြန်တယ်။ ရေတွင်းတွေခန်းခြောက်ကုန်တဲ့အခါ ဒေသခံတွေဟာ ရေစည်ဝယ်သုံးရတယ်။ ဒီလောက်စားဝတ်နေရေးအတွက် ဒုက္ခတွေများနေတော့ ပိုလီယိုကာကွယ်ဆေးဆိုတာလည်း သူတို့သတိမရတော့ဘူး" လို့ ပြောပါတယ်။

ပိုလီယိုကာကွယ်ဆေးလှုပ်ရှားမှုမှာ ပါဝင်သူတစ်ဦးဖြစ်တဲ့ မိုဟာမက် ရှက်ဒ်ကတော့ နေ့အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်ရှိနေတဲ့အချိန် နေပူကျဲကျဲမှာ မြို့တော်အတွင်း အိမ်ပေါင်း ၁၀၀ ခန့်ကို သွားပြီး ကာကွယ်ဆေးလှုပ်ရှားမှုတွေ လုပ်ဆောင်ပေးခဲ့တယ်လို့ ပြောပါတယ်။ အဲဒီအခါမှာနေအိမ်အချို့က လူတွေဟာ ကာကွယ်ဆေးအစား အစားအသောက်နဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေပဲ ပေးပါလားလို့ တောင်းတာတွေလည်းကြုံရတယ်လို့ သူကဆက်ပြောပါတယ်။ ကလေးငါးယောက်ရဲ့ ဖခင်ဖြစ်တဲ့ မိုဟာမက်ရှက်ဒ်ကတော့ ဒီခံစားချက်ကို သူနားလည်တယ်လို့ ပြောပါတယ်။ လူတွေဟာ ကာကွယ်ဆေးအစား ဂျုံ၊ စွပ်ပြုတ်နဲ့အခြားသော အခြေခံစားသောက်ကုန်တွေပဲ လိုချင်ကြပါတယ်။ သူတို့အတွက် အစားအသောက်ကသာ အရေးအကြီးဆုံးဖြစ်နေလို့ပါ။



ကာကွယ်ဆေးလိုက်လံတိုက်ကျွေးနေသော ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

**လွဲမှားသော အယူအဆများ**

နောက်တစ်ချက်အနေနဲ့ ဘာသာရေးခေါင်းဆောင်တွေက ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ထောက်ခံပေးမှုတွေ ပြုလုပ်နေပေမယ့် ကာကွယ်ဆေးနဲ့ပတ်သက်ပြီး လွဲမှားတဲ့ အယူအဆတွေက တော့ရှိနေဆဲပါပဲ။ ကာကွယ်ဆေးထိုးနှံခြင်းကို တင်းကျပ်တဲ့ ဘာသာရေးစည်းမျဉ်း၊ စည်းကမ်းတွေက ခွင့်ပြုပါ့မလားလို့ သူတို့စိုးရိမ်ကြပါတယ်။ တချို့ကလည်းကာကွယ်ဆေးထိုးပေးပြီး သူတို့ကို ကလေးမရတော့အောင် အနောက်နိုင်ငံတွေက စနစ်တကျကြံစည်တယ်လို့ ယုံကြည်မှုတွေကလည်း ရှိနေပါသေးတယ်။

ကန်ဒါဟာမြို့လိုရာဝီရာလာဒေသက ကာကွယ်ဆေးပေးရေးအဖွဲ့ကအသက် ၆၅ နှစ် အရွယ် အဗ္ဗဒူရာဇတ်ကတော့ မိသားစု ၂၀၀ မှာ မိသားစု ၁၀ စု ခန့်ကတော့ ကာကွယ်ဆေးထိုးဖို့ ငြင်းကြတယ်လို့ ပြောပါတယ်။

ကာကွယ်ဆေးမထိုးဘူးလို့ ငြင်းနေတဲ့ မိသားစုတွေကို လက်ခံလာအောင် ပြောရတာ အင်မတန်ခက်ပါတယ်လို့ သူကပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြပါတယ်လို့ သူကဆက်ပြောပါတယ်။

**ရှေးရိုးစွဲတွေရဲ့အတားအဆီး**

တချို့သော မိသားစုတွေကလည်း အိမ်ထဲမှာ မိသားစုဝင်ထဲက အမျိုးသားတစ်ဦးဦးရှိမနေဘူးဆိုရင် ဘယ်သူစိမ်းအမျိုးသားကိုမှ အိမ်ထဲကိုအဝင်မခံရဘူးဆိုတဲ့ ရှေးရိုးစွဲတွေကလည်း ရှိနေပါသေးတယ်။

ဒါကြောင့်မို့ ကာကွယ်ဆေးလိုက်ထိုးပေးတဲ့ အဖွဲ့တွေဟာ အဖွဲ့တစ်ဖွဲ့မှာ အနည်းဆုံးအမျိုးသမီးတစ်ဦးတော့ပါအောင် ထည့်ထားကြရပါတယ်။ ဒါပေမယ့်လည်း အမျိုးသားတွေအများဆုံးပါတဲ့အတွက် အဖွဲ့အတွင်းမှာ အမျိုးသမီးပါအောင်လုပ်ဖို့ဆိုတာလည်းခက်ပြန်ပါတယ်။ လုံလောက်တဲ့အမျိုးသမီးဦးရေ မရပြန်ပါဘူး။ ပိုလီယိုရောဂါဆိုတာ အနောက်နိုင်ငံတွေမှာ ၂၀၀၀ ပြည့်နှစ်ကတည်းက ပျောက်ကွယ်သွားပါပြီ။ ဒါပေမယ့်လည်း အာဖဂန်နစ္စတန်မှာတော့ အခုအချိန်ထိတိုင်အောင် စိုးရိမ်ရတဲ့ ပြဿနာတစ်ခု ဖြစ်နေပါတယ်။

**အပြည်ပြည်ဆိုင်ရာရဲ့အကူအညီလို**

ပိုလီယိုရောဂါ ပျောက်ကင်းသွားစေဖို့ တစ်ကမ္ဘာလုံးက ဝိုင်းဝန်းပြီးကြိုးစားနေကြပါတယ်လို့ အာဖဂန်ကျန်းမာရေးဝန်ကြီးဌာနဒတ်စတာဂရီနာဇရီက ပြောပါတယ်။ "အာဖဂန်နစ္စတန်မှာပိုလီယို အရှင်းပျောက်ဖို့ဆိုရင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းရဲ့ကူညီမှုလည်းလိုအပ်ပါတယ်။ ကျွန်တော်တို့ကတော့ အကောင်းဆုံးဖြစ်အောင် လုပ်နေတာပါပဲ" လို့ သူကဆက်ပြောပါတယ်။ အာဖဂန်နိုင်ငံတစ်လွှား ကလေးငယ် ၁၀ သန်းခန့်ဟာ ပိုလီယိုရောဂါကာကွယ်ဆေး လိုအပ်နေဆဲပါ။ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ကနေဒါနိုင်ငံတို့ဟာလိုအပ်တဲ့ကာကွယ်ဆေးကို လှူဒါန်းပေးနေတဲ့ နိုင်ငံတွေလည်းဖြစ်ပါတယ်။

> **"ဒေသခံတွေဟာ ဆင်းရဲကြတယ်။ သူတို့မှာ နေ့စဉ်ပူပန်နေရတာက ကလေးတွေကို ညကျရင် ဘာကျွေးရပါ့မလဲဆိုတာပါပဲ။ ဒီကြားထဲ မိုးခေါင်မှုက ထပ်ပြီးနှိပ်စက်ပြန်တယ်။ ရေတွင်းတွေ ခန်းခြောက်ကုန်တဲ့အခါ ဒေသခံတွေဟာ ရေစည်ဝယ်သုံးရတယ်။ ဒီလောက်စားဝတ်နေရေးအတွက် ဒုက္ခတွေများနေတော့ ပိုလီယိုကာကွယ် ဆေးဆိုတာလည်းသူတို့ သတိမရတော့ဘူး"**

**ကျန်းမာရေးလုပ်သားတွေရဲ့ အခက်အခဲ**

ကာကွယ်ဆေးလိုက်လံထိုးပေးနေတဲ့ ကျန်းမာရေးလုပ်သားတွေရဲ့ နေ့တာဟာရှည်လျားလွန်းပါတယ်။ မနက်စောစောထ၊ ဆေးပစ္စည်းတွေစု၊ ကန်ဒါဟာမြို့ကိုသွားပြီး ကာကွယ်ဆေးနဲ့ဗီတာမင်အီးဆေးပြားတွေစု၊ ရေခဲပုံးထဲထည့်ပြီး သယ်ကြရပါတယ်။ ပြီးတော့အသက်ငါးနှစ်အောက်ကလေးငယ်တွေရှိတဲ့နေအိမ်တွေကို တက္ကဆီ၊ ဆိုင်ကယ်အစရှိတာတွေငှားရမ်းပြီးသွားရပါတယ်။ အသက်သုံးနှစ်အရွယ်သမီးလေးမာဆယ်ရဲ့ မိခင်ကတော့ သူ့သမီးကို ကာကွယ်ဆေးထိုးပေးမှာ မလိုလားပါဘူး။

အကြောင်းပြချက်မရှိဘဲ ငြင်းဆိုနေပါတယ်။ ကျန်းမာရေးလုပ်သားတွေကတော့ မာဆယ်ရဲ့မိခင်ဟာ ဘာသာရေးအရ အပြစ်ရမှာ စိုးတဲ့အတွက် ဒီလိုငြင်းဆိုနေရတာလို့ ယူဆကြပါတယ်။

သုံးယောက်အုပ်စုဖွဲ့ထားတဲ့ ကျန်းမာရေးအဖွဲ့ဟာ မာဆယ်ရဲ့မိခင်ကို သဘောထားပြောင်းလာအောင် အမျိုးမျိုးကြိုးစားကြပါတယ်။ နောက်ဆုံး ကာကွယ်ဆေးထိုးခြင်းကို ဘာသာရေးအရခွင့်ပြုတယ်ဆိုတဲ့ ဘာသာရေးအရကြေညာချက်ထုတ်ပြန်ထားတဲ့ စာအုပ်ကိုပါ ဖတ်ပြခဲ့ကြပါတယ်။ နောက်ဆုံးကလေးမှာ ပိုလီယိုဖြစ်လာတဲ့အခါ မင်းစောင့်ရှောက်နိုင်ပါ့မလားလို့ ကျန်းမာရေး လုပ်သားက မေးတဲ့အခါမှ ကာကွယ်ဆေးထိုးတာကို ခွင့်ပြုပေးခဲ့ပါတယ်။ အချို့သော မိသားစုတွေဟာ ဘာသာရေးကြောင့် အပြစ်ရမှာကို စိုးရိမ်ပြီး ကာကွယ်ဆေး မထိုးကြပါဘူး။ ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မစ္စတာရာရှစ်ကတော့ သူအနေနဲ့ဒီတစ်လအတွင်းမှာမိသားစုပေါင်း ၇၀ ခန့်ကို ကာကွယ်ဆေးထိုးဖို့ လက်ခံလာအောင် စည်းရုံးနိုင်ခဲ့တယ်လို့ ပြောပါတယ်။

**တာလီဘန်တွေလည်း ကြောက်ရ**

တချို့သော မိသားစုတွေကလည်း အစိုးရရဲ့ ကျန်းမာရေးလုပ်သားတွေကို အိမ်ထဲအဝင်ခံရင် တာလီဘန်တွေရဲ့ ပစ်မှတ်ထားခြင်းခံရမှာကို ကြောက်ကြပါတယ်။ ဒါပေမယ့်လည်း တာလီဘန်ဘက်က ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ်ကတော့ တာလီဘန်တွေဟာ ကာကွယ်ဆေးထိုးပေးမယ့်သူတွေကို ဆန့်ကျင်တာမျိုး မရှိဘူးလို့ ပြောပါတယ်။

ဒါပေမယ့်လည်းသူတို့ဆန့်ကျင်တာကတော့ အစိုးရအဖွဲ့အစည်းက လူတွေကိုပါ။ ဒီလူတွေဟာ ကာကွယ်ဆေးထိုးသလိုနဲ့ အစိုးရစပိုင်တွေလည်း ဖြစ်နေတယ်လို့ ပြောပါတယ်။

ကန်ဒါဟာပြည်နယ်ရဲ့ ကျန်းမာရေးအကြီးအကဲဖြစ်သူ အဗ္ဗဒူ ကာယွန်းရှိခလာကတော့ "တကယ်လို့များ အာဖဂန်မှာ စစ်ပွဲဆိုတာသာမရှိရင် ပိုလီယိုဟာ လွန်ခဲ့တဲ့နှစ်နှစ်ခန့်ကတည်းက အမြစ် ပြတ်နေပါပြီ။

ကျွန်တော်တို့မှာ ပိုမိုလုံခြုံစိတ်ချရတဲ့အသိုက်အဝန်းတစ်ခု လိုနေတာကတော့ အမှန်ပါပဲ" လို့ ပြောခဲ့ပါတယ်။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

# အုံးဝါးတံတားတည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုတက်ရောက်

စေတုတ္တရာ နိုဝင်ဘာ ၁၃

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အုံးဝါးကျေးရွာသို့ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်း ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JIP) ကူညီထောက်ပံ့သည့် အုံးဝါးတံတားတည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တက်ရောက်ခဲ့ကြောင်း သိရသည်။**

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဂျပန်အဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ Mr.Asakura Hajime၊ ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးတင်နွယ်ဦး၊ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းတို့က သတ်မှတ်နေရာအသီးသီးတွင် ပန္နက်ရိုက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ နေပြည်တော် ကျေးလက်လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က အမှာစကားပြောကြားခဲ့ပြီး ဂျပန်အဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက အုံးဝါးတံတား တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မျိုးမြတ်(မင်းဘူး)**



# အသည်းရောင်အသားဝါ ဘီပိုး စီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း တောင်ငူ၌ဆောင်ရွက်

**တောင်ငူ နိုဝင်ဘာ ၁၃**

အသည်းဖောင်ဒေးရှင်း (တောင်ငူအသင်းခွဲ)က ကြီးမှူး၍ အသည်းရောင်အသားဝါစစ်ဆေးခြင်း၊ ဆေးထိုးခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက်က တောင်ငူမြို့ လမ်းမကျယ်ရှိ အသည်းဖောင်ဒေးရှင်း(တောင်ငူအသင်းခွဲ)ရုံး၌ ကျင်းပရာ တောင်ငူမြို့ ရပ်ကွက် ၃ နှင့် ၁၉ တို့မှ ပြည်သူများအား အခမဲ့ ကာကွယ်ဆေးများ စစ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။



ကာကွယ်ဆေး စစ်ဆေးထိုးနှံရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းလာရောက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

အသည်းဖောင်ဒေးရှင်း(တောင်ငူအသင်းခွဲ)ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ချစ်၊ ဒေါက်တာစိုးဟန်၊ ဒေါက်တာမြင့်ဦးတို့က ဘီပိုး၊ စီပိုးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဤဖောင်ဒေးရှင်းမှ ယခင်လူပေါင်း ၂၀၀ ကို ကာကွယ်ဆေးများထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းခွဲမှ တောင်ငူမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအား အလှည့်ကျစနစ်ဖြင့် ဘီပိုး၊ စီပိုးကာကွယ်ဆေးကို တစ်လလျှင် လူဦးရေ ၁၀၀ နှုန်းဖြင့် အခမဲ့ ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# မယ်စဲ့မြို့နယ်တွင် တိုးချဲ့မြို့မြေကွက် မြေပေးမိန့်ပေးအပ်ပွဲကျင်းပ

**မယ်စဲ့ နိုဝင်ဘာ ၁၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မြို့အတွင်း အသစ်ဖော်ထုတ်ရရှိသော မြို့မြေကွက်များအား အစားထိုးပြန်လည်ပေးအပ်ခြင်းနှင့် မြေပေးမိန့်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ မယ်စဲ့မြို့နယ်တွင် ပေ ၆၀ ပတ်လည် မြေကွက်များ ဖော်ထုတ်၍ မူလခုတ်ထွင် ရှင်းလင်းထားသူများ၊ မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ရာတွင် မြေယာစွန့်လွှတ်သူများ၊ အိုးအိမ်မဲ့ပြည်သူများအား အိမ်ရာမြေကွက်များ ချထားပေးပြီး လမ်း၊ မီး၊ ရေ၊ မြောင်းဝရန် ရရှိရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အိမ်ရာမြေကွက်ရရှိသူများအနေဖြင့် လိုက်နာရမည့်ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာစေလိုကြောင်း၊ ပြည်နယ်အတွင်းရှိပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို အတူတကွ ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်က မြို့မြေကွက်ဖော်ထုတ်ရေးနှင့် ခွဲဝေချထားရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မူလခုတ်ထွင်ရှင်းလင်းသူ ၃၆ ဦး၊ အစားထိုး မြေပြန်လည်ပေးရမည့်သူ နှစ်ဦး၊ အိုးအိမ်မဲ့ပြည်သူ ၂၅ ဦး၊ စုစုပေါင်း ၆၃ ဦး၏ လက်ဝယ်သို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**



# လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံ

**ဖားကန့် နိုဝင်ဘာ ၁၃**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာ အေဂျီဘုရားရှိခိုးကျောင်းတွင် ကချင်ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတီယောဟန်နှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ လီဆူစစ်ဘေးရှောင်စခန်းမှ လီဆူတိုင်းရင်းသားများ၊ လုံးခင်း-မော်စီစာကျေးရွာမှ ပြည်သူလူထုများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံရွာသူရွာသားများနှင့် လီဆူစစ်ဘေးရှောင်တိုင်းရင်းသားများက လိုအပ်သည်များကို တင်ပြရာ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းပြ ဖြေကြားခဲ့ကြသည်။

ထို့နောက် လုံးခင်း-မော်စီစာ၊ ငြိမ်းချမ်းသာယာရှိ စစ်ဘေးရှောင်စခန်းများအား ရတနာဆင်သီရိကုမ္ပဏီ၊ မြန်မာစိမ်းလဲ့ရောင် ကုမ္ပဏီ၊ တစ်သုံးလုံးကုမ္ပဏီ၊ ရတနာအဓိပတိကုမ္ပဏီ၊ ရတနာရွှေအိတ် ကုမ္ပဏီ၊ ကျောက်စိမ်းသစ်ရွက်ကုမ္ပဏီနှင့် လုံးခင်း-ကျောက်စိမ်းရုံး ဖားကန့်ကျောက်မျက်လုပ်ငန်းရှင်များအသင်းတို့က ဆန်အိတ်များ ထောက်ပံ့လှူဒါန်းပေးခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်မိုး (လုံးခင်း)**



# ပေါင်မြို့နယ်တွင် တန်ဖိုးမြှင့်စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ပေါင် နိုဝင်ဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖြစ်သည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ပေါင်မြို့နယ် အုန်းတစ်ပင်ကျေးရွာ သုဝဏ္ဏဘူမိတိုက်ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အိမ်တွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်လာနိုင်စေရန်၊ ဒေသမှပေါ်များစွာထွက်ရှိသည်များကို အခြေခံ၍ စားသောက်ကုန်၊ လူသုံးကုန်ပြုလုပ်နည်းများသိရှိလုပ်ကိုင်လာနိုင်စေရန်နှင့် တစ်ဦးချင်း ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သဘာဝသစ်သီးများကိုအခြေခံ၍ သစ်သီးယိုအမျိုးမျိုး၊ သစ်သီးဖျော်ရည်အမျိုးမျိုး၊ သစ်သီးဆော့စ်၊ ဆန်ဖြင့်ပြုလုပ်ထားသော (ကိတ်၊ ကွတ်ကီး)၊ ပဲစာကလေးခွေကြော်၊ သစ်သီးဝိုင်အစရှိသည့် စားသောက်ကုန်ပြုလုပ်နည်းများနှင့် (အဝတ်လျှော်/ပန်းကန်ဆေး/လက်ဆေး) ဆပ်ပြာအဆီ၊ မှန်ကြည်ဆေး၊ ဆပ်ပြာခရင်မ်၊ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ အစရှိသည်များကို စနစ်တကျသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ပြီး ယင်းသင်တန်းနှစ်ခုကို နိုဝင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကာ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# သဲဖုံးလွှမ်းခဲ့သော စိုက်ပျိုးမြေများအား မြေအောက်ရေရရှိရေးစက်ရေတွင်းများ ထပ်မံတူးဖော်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဆွာချောင်း ရေလှောင်တမံရေပိုလွှဲ ကျိုးပေါက်မှုကြောင့် ဆွာချောင်းဘေးဝဲယာ ရေလွှမ်းမိုးခံရပြီး ရေပြန်ကျသွားချိန်တွင် စိုက်ပျိုးမြေ ၁၂၆၂ ဧကကို သဲများဖုံးလွှမ်းသွားခဲ့သည်။

အဆိုပါ သဲဖုံးမြေများအားပြုပြင်ပြီး ပြန်လည်စိုက်ပျိုးရာတွင် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေလိုအပ်ချက်ကို အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်ရန် အချင်း ၄ လက်မရှိ စိုက်ပျိုးရေစက်ရေတွင်း ငါးတွင်းကို ရေတာရှည်မြို့နယ် ကြို့ပင်သာကျေးရွာတွင် တူးဖော်ပေးခဲ့ပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေများပေးဝေလျက်ရှိသည်။

ယခုအခါ ဒေသခံတောင်သူများက စိုက်ပျိုးရေတွင်းများ ဆက်လက်တူးဖော်ပေးပါရန် ထပ်မံတောင်းဆိုချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အချင်း ၄ လက်မရှိ စိုက်ပျိုးရေတွင်း ငါးတွင်းကို ရေတာရှည်မြို့နယ် ကွင်းကြီးကျေးအုပ်စု ကြို့ပင်ထိုက်ကျေးရွာတွင် ထပ်မံတူးဖော်ပေး ခဲ့ရာ ဒေသခံတောင်သူ ၂၀ ဦး၏ စိုက်ပျိုးမြေများတွင် ဆောင်းသီးနှံ မတ်ပဲ၊ ပဲလွန်းနှင့်ဖရဲစသည့် သီးနှံ စုစုပေါင်း ၇၅ ဧကကို စိုက်ပျိုးရေနှင့် ဒေသခံများ အတွက်သောက်သုံးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# မြိတ်မြို့တွင် အလှမွေးငါးနှင့် ရေအောက်အပင်ကန်ပြပွဲ ပထမအကြိမ် ကျင်းပ

**မြိတ် နိုဝင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အလှမွေးငါးနှင့် ရေအောက်အပင်ကန်ပြပွဲကို ပထမအကြိမ်အဖြစ် နိုဝင်ဘာ ၁၀ ရက်မှစ၍ ကမ်းနားလမ်းရှိ Myeik Shopping Center တွင် Mergui Aquarium Group မှ အလှမွေးငါးနှင့် အပင်ကန်ဝါသနာရှင်များစုပေါင်း၍ အလှမွေးငါးအမျိုးအစားပေါင်း ၅၀ ကျော်နှင့် အပင်ကန်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေး ကန်တစ်ခုကို အခမဲ့ပြသပေးလျက်ရှိကြောင်း သိရသည်။

အလှမွေးငါးများတွင် Lucky Fish, Flower Horm, Discus, Orscar, Batter, ဒေါင်းငါး၊ ရွှေငါး၊ ငါးကြင်းနှင့် Function မျိုးစုံပါဝင်ပြသပေးလျက်ရှိပြီး ဒေါင်းငါးများတွင် ၄၂ မျိုးကို ရန်ကုန်မြို့ Guppy Designer မှ ဝါသနာရှင်များက လာရောက်ပူးပေါင်းပြသပေးလျက်ရှိကာ နယ်မျိုးစုံ၊ ဒေသမျိုးစုံမှ မှာယူစုဆောင်းထိန်းသိမ်းထားသည့် အပင်ကန်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် ပညာပေးကန်တစ်ခုပါ ထည့်သွင်းပြသလျက်ရှိသည်။

"အဓိကက ရေထဲမှာနေတဲ့ ပုစွန်တွေ၊ ငါးတွေသက်ရှိသတ္တဝါတွေကို လူငယ်တွေ၊ လူကြီးတွေ ချစ်မြတ်နိုးလာအောင်နဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်တာ ဖြစ်ပါတယ်။ နိုင်ငံခြားနဲ့ ပြည်တွင်းငါးအမျိုးအစားအပင်တွေ ပါဝင်ပါတယ်။ အပင်ကန်ကို ပြသတဲ့ ရည်ရွယ်ချက်က Aquarium ကို ချစ်တတ်လာအောင်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့အတွက် ပညာပေးကန် ဖန်တီးထားပါတယ်"ဟု အဆိုပါ ပြပွဲမှ တာဝန်ရှိသူ ဦးကျော်က ပြောသည်။



မြိတ်မှာ အလှမွေးငါး မွေးမြူသည့် ဝါသနာရှင်များ တိုးပွားလာစေရန်၊ အလှမွေးငါး မွေးမြူခြင်းနှင့် ပတ်သက်ပြီးကိုယ်ပိုင်ဖန်တီးနိုင်သည့် စွမ်းအားရှိလာစေရန်၊ အလှမွေးငါးမွေးမြူသည့်ဝါသနာရှင်များ တစ်စုတစ်စည်းတည်း ပေါင်းစည်းနိုင်ရန် ရည်ရွယ်၍ ပြပွဲကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် နံနက် ၉ နာရီမှ ည ၉ အထိ ပြသပေးခဲ့ခြင်းဖြစ်ကြောင်း Mergui Aquarium Group မှ သိရသည်။

အလှမွေးငါးနှင့် ရေအောက်အပင်ကန်ပြပွဲသို့ စိတ်ပါဝင်စားသူများ၊ ဝါသနာပါသူများနှင့် Shopping Center လာရောက်ကြသူများမှ အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**


## ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ခြင်း

* ယနေ့ခေတ်တွင် လူအများကြား သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ အစရှိသည့် ရောဂါဖြစ်ပွားမှုနှုန်းများ တိုးမြင့်လာလျက်ရှိပါသည်။
* အဆိုပါ ရောဂါဖြစ်ပွားမှုနှုန်းများကို ကာကွယ်နိုင်သော အကောင်းဆုံးနည်းလမ်းမှာ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းပင်ဖြစ်ပါသည်။
* နေ့စဉ်အလွယ်တကူ ပြုလုပ်နိုင်သော ကိုယ်လက်လှုပ်ရှားနည်းလမ်းများ
  (၁) နေ့စဉ် မိနစ် (၃၀)ခန့် လမ်းလျှောက်ခြင်း၊ အနေးပြေးခြင်း။
  (၂) နေ့စဉ်သွားလာရာတွင် ယာဉ်အသုံးပြုခြင်းအစား တတ်နိုင်သမျှ လမ်းလျှောက်ခြင်းကိုသာ ဦးစားပေးဆောင်ရွက်ခြင်း။
  (၃) အထပ်သိပ်မမြင့်သော အခန်းများသို့ လှေကားဖြင့်သာ တက်ခြင်း၊ ဆင်းခြင်း။

* ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် နာတာရှည်ရောဂါများကို ကာကွယ်နိုင်ရုံသာမက ပျော်ရွှင်ကျန်းမာသောဘဝ ရရှိနိုင်ပါသည်။
* သို့ဖြစ်ပါ၍ ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပြုလုပ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**


# မော်လမြိုင်ကျွန်းတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အင်ဂျင်စက်ပြင်သင်တန်းဖွင့်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တစ်လုံးထိုးအင်ဂျင်စက်ပြင်သင်တန်းအမှတ်စဉ် ၁/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ဒုတိယပတ်က ကသဲမျှင်ကျေးရွာ ဓမ္မာရုံခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအာကာမျိုးထက်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းတို့က စက်မှုလယ်ယာသို့အသွင်ကူးပြောင်းနေသောအချိန်တွင် တစ်လုံးထိုးအင်ဂျင်စက်ပြင်ပညာကို သင်ကြားတတ်မြောက်ထားခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပြီး မိသားစုဝင်ငွေတိုးတက်နိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တစ်လုံးထိုးအင်ဂျင်စက်ပြင်နည်းပြဆရာ ဦးကျော်ဆွေက သင်ကြားမည့်စက်ပြင်ဘာသာရပ်များကို ရှင်းပြသည်။

အဆိုပါ သင်တန်းသို့ မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းနည်းပြဆရာက သင်တန်းသားများအား တစ်လုံးထိုးအင်ဂျင်စက်ပြင် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြင့်အောင် - မော်ကျွန်း**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၁၁-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၂၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၅၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၆၀/၁၀၇၅ ကျပ် | ၁၀၉၀/၁၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၇၀/၁၀၈၅ ကျပ် | ၁၁၀၅/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၀/၉၈၅ ကျပ် | ၁၀၂၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၈၅/၁၀၆၅ ကျပ် | ၁၀၇၀/၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၆၅ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၂၁ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၂ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈· ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၇၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ · ၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၄၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ဒုတိယအကြိမ်မြောက် ရွှေအိုရောင်ဂီတည တေးဂီတဖျော်ဖြေပွဲကြီး အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်

နာမည်ကြီး ဂီတအဆိုရှင်ကြီးများ ပါဝင်သီဆိုကြမည့် ဒုတိယအကြိမ်မြောက် ရွှေအိုရောင်ဂီတည Live Concert တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ရာ ပွဲနှင့်ပတ်သက်၍ ပါဝင်သီဆိုကြမည့် အဆိုတော်များနှင့် စီစဉ်သူတို့၏ အသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**စီစဉ်သူဇော်ရိုး**

ကျွန်တော်တို့ ရွှေခေတ်ရွှေအနှစ် ရွှေသီချင်းများနဲ့ ရွှေအိုရောင်ဂီတညကတော့ တကယ့်ရွှေလိုတန်ဖိုးထားလို့ရတဲ့ ဂီတတွေနဲ့ သီဆိုဖျော်ဖြေမှာပါ။ ဒီနှစ်မှာ ထူးခြားမယ့်အစီအစဉ်အနေနဲ့ မြန်မာပြည်သိန်းတန်နဲ့ ဘိုဖြူတို့ ထပ်တိုးဖြည့်ထားပါတယ်။ အဆိုရှင်ကြီးများ စင်ပေါ်မှာမဆိုခဲ့ဖူးသေးတဲ့ သီချင်းဟောင်းသီချင်းကောင်းတွေကို ရွေးချယ်သီဆိုကြမှာပါ။

**စိန်ဝင်းထွန်း**

မနှစ်တုန်းကလည်း ဒီအချိန်ပဲ ရွှေအိုရောင်ဂီတညများဆိုပြီး ပွဲလေးလုပ်ခဲ့တယ်၊ အဲဒီတော့ မနှစ်ကဆိုခဲ့တဲ့သီချင်းတွေကို ဒီနှစ်မထပ်အောင် ကျွန်တော့်အနေနဲ့ သေချာရွေးချယ်ထားပါတယ်၊ ပြီးတော့ စတူဒီယိုခေတ်ဦးပိုင်းကအဆိုတော်တွေ တစ်နှစ်တစ်ခါပြန်ဆုံကြတော့ သိပ်ကိုဝမ်းသာတယ်၊ ဒီပွဲကိုစီစဉ်တဲ့သူကလည်း ပွဲလေးမှာ အားလုံးဆုံစည်းချင်တာကြောင့် လုပ်ဖြစ်တာလည်းပါပါတယ်၊ သူ့ကြောင့်လည်း ဆုံကြတာပေါ့နော်၊ ကျွန်တော် အမှတ်တရလည်းဖြစ်အောင် လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်လောက်က ကျွန်တော်ပေါက်ခဲ့တဲ့သီချင်းတစ်ပုဒ်ရှိတယ်၊ ဘာတွေလာပြီးပြောနေလဲဆိုတဲ့ သီချင်းလေးပါ၊ အဲဒီသီချင်းလေးက ကျွန်တော် စင်ပေါ်မှာလည်း တစ်ခါမှ မဆိုဖူးတဲ့သီချင်းလေးဖြစ်တယ်၊ ပရိသတ်အတွက် အမှတ်တရလေးဖြစ်မယ့် သီချင်းလေးပါ။

**ဘိုဘိုဟန်**

ကျွန်တော်က ဒီပွဲမှာ ဘယ်လိုသီချင်းမျိုးဆိုမယ်ဆိုတာတော့ ပြောလို့မရသေးပါဘူး၊ လွန်ခဲ့တဲ့ ၄၅ နှစ်က သီချင်းတွေကို ပြန်ဆိုမယ်ဆိုတော့ ရွေးနေရသေးတာရှိလို့ပါ၊ ခါတိုင်းဆိုနေကျ သီချင်းမျိုးတွေမဟုတ်တော့ ပြောလိုက်ရင် လာကြည့်တဲ့ပရိသတ်တွေ ပေါ့သွားမှာစိုးလို့ပါ၊ ပြီးတော့ ပထမပွဲတုန်းကထက်တော့ ပိုသာနိုင်မယ်လို့ ကျွန်တော်ထင်တယ် ၊ ကျွန်တော်တို့ခေတ်က လူတွေ စင်တစ်စင်မှာပြန်ဆုံဖို့ဆိုတာ လွယ်တော့မလွယ်ဘူး၊ အထူးသဖြင့် ကိုသိန်းတန်ကြီးဆိုရင် တစ်ခါမှမပါဘူးဗျာ၊ ကျန်တဲ့သူတွေကတော့ ကျွန်တော်တို့ ဆိုနေကျလူတွေပါပဲ ၊ ကျွန်တော် စင်ပေါ်မှာ ပရိသတ်ကိုမဆိုပြဖြစ်ခဲ့တဲ့သီချင်းတွေ ဆိုမှာပါ။

**ဗစ်တာခင်ညို**

ကျွန်တော်ကတော့ သီချင်းငါးပုဒ်လောက်ဆိုမယ်၊ ဒီပွဲက ဒုတိယအကြိမ်ဆိုတော့ ပထမတုန်းကသီချင်းတွေတော့ မပါဖို့များတယ်၊ ဒါပေမယ့် မပါလို့မဖြစ်တဲ့သီချင်းတွေတော့ ထည့်ဆိုပေးရမယ်ထင်တယ်၊ ဘာလို့လဲဆိုရင် ပရိသတ်က သူတို့ကြိုက်တဲ့ဟာလေးတွေ တောင်းဆိုတတ်တာကို၊ အမြဲတစ်ပုဒ်တော့ ပါမယ်၊ ဒါပေမယ့် ကျွန်တော်အသက်အရွယ်နဲ့လိုက်မယ့် သီချင်းမျိုးလောက်ပဲ ဆိုဖြစ်မယ်၊ ကျူရှင်လေ့ကားဆိုတဲ့ သီချင်းလေးတော့ ထည့်ဆိုဖြစ်မယ်။



အဆိုပါ ဖျော်ဖြေပွဲတွင် စိုးပိုင်၊ ဗစ်တာခင်ညို၊ မြန်မာပြည်သိန်းတန်၊ ဘိုဘိုဟန်၊ စိန်ဝင်းထွန်း၊ ကံ့ကော်တောမျိုးအောင်၊ စိုင်းဆိုင်မော့ဝ်၊ ခင်မောင်ထူး၊ ဘိုဖြူတို့က The Friends Band နှင့် တွဲဖက်၍ သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး လက်မှတ်များကို ကျပ် ၇၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၃၀၀၀၀၊ ကျပ် ၅၀၀၀၀ ဟု သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်းနှင့် SNW ဆိုင်ခွဲများတွင် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။ **ကိုလင်း**

## စတုတ္ထအကြိမ် Myanmar Youth Micro Film Content အတွက် ပြိုင်ပွဲဝင်ဇာတ်ကားများ စတင်ဖိတ်ခေါ်

စတုတ္ထအကြိမ်မြောက်ကျင်းပမည့် Myanmar Youth Micro Film Content (MYMF) ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဇာတ်ကားများကို နိုဝင်ဘာလအတွင်း စတင်လက်ခံနေပြီဖြစ်ပြီး ရုပ်ရှင်ရိုက်ကူးရေးနှင့်သက်ဆိုင်သည့် အသိပညာ၊ အတတ်ပညာများ မျှဝေမည့် Workshop တစ်ခုကိုလည်း ကျင်းပမည်ဖြစ်ကာ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်သွားမည်ဟု သိရသည်။

"ရုပ်ရှင်ကိုဝါသနာပါတဲ့ ရွက်ပုန်းသီးဝါသနာရှင်တွေကို မြေတောင်မြှောက်ပြီး မျိုးဆက်သစ်တွေ မွေးထုတ်ချင်ပါတယ်။ ပြိုင်ပွဲမှာ အရည်အချင်းပြည့်ဝတဲ့ လူငယ်ဒါရိုက်တာတွေကို မြေတောင်မြှောက်ပေးပြီးတော့ မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်လည်း ရည်ရွယ်ပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဇင်ဝိုင်းက ပြောသည်။



အဆိုပါပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဇာတ်ကားများကို နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပဏာမဒိုင်လူကြီးများအနေဖြင့် ဒါရိုက်တာ ပန်းချီစိုးမိုး၊ ဒါရိုက်တာမောင်သီ၊ ဒါရိုက်တာညိုမင်းလွင်၊ ဒါရိုက်တာဝီရတို့က ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်က စတင်ကျင်းပခဲ့သည့် Myanmar Youth Micro Film Content ၏ ယခုနှစ် စတုတ္ထအကြိမ်မြောက်ပြိုင်ပွဲတွင် ပထမဆုအဖြစ် ကျပ်သိန်း ၆၀၊ ဒုတိယဆုအဖြစ် ကျပ်သိန်း ၃၀၊ တတိယဆုအဖြစ် ကျပ်သိန်း ၂၀ တို့ကို ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုအဖြစ် ကျပ်သိန်း ၂၀၊ ပရိသတ်အကြိုက်ဆုံးဆု ကျပ်သိန်း ၂၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ကျပ်ငါးသိန်းစီကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## တေးသံရှင် ခရစ္စတီးနားမေရီအောင်၏ သူ့အတွက် တေးစီးရီး ထုတ်ဝေ

MRTV-4 ရုပ်သံ၏ သီချင်းဆိုပြိုင်ပွဲတစ်ခုဖြစ်သည့် The X Factor Myanmar ပြိုင်ပွဲတွင် ဆုရရှိထားသူ ခရစ္စတီးနားမေရီအောင်၏ သူ့အတွက်ဟု အမည်ပေးထားသော တေးအယ်လ်ဘမ် စာနယ်ဇင်းမိတ်ဆက်ပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

"ညီမရဲ့အခွေကို တစ်နှစ်ကျော်၊ နှစ်နှစ်လောက် ပြင်ဆင်လိုက်ရတယ်၊ သီချင်း ၁၀ ပုဒ် ပါပါတယ်၊ ညီမကိုယ်တိုင်ရေးတဲ့ သီချင်းတစ်ပုဒ်လည်း ပါပါတယ်။ ပထမဆုံးအခွေအတွက် အခက်အခဲတွေကြုံခဲ့ရပေမယ့် အခွေထွက်လာတော့ အခက်အခဲတွေ ဖြတ်ကျော်ခဲ့ရတာ မဟုတ်တော့သလိုပါပဲ၊ ဝမ်းသာမိပါတယ်၊ ပရိသတ်တွေလည်း သီချင်းလေးတွေကြိုက်မယ်လို့ ယုံကြည်ပါတယ်၊ ညီမက တိုင်းရင်းသူတစ်ယောက်ဖြစ်တော့ စကားနည်းနည်းဝဲတယ်၊ အဲဒီတော့ သီချင်းဆိုရင် သတိတော့ထားရတာပေါ့၊ ညီမပြိုင်ပွဲပြီးတဲ့အခါ ပရိသတ်တွေက အခွေလေးတစ်ခွေလောက်ထုတ်ပါလားဆိုပြီး ပြောကြတယ်၊ အခွေတစ်ခွေထွက်ဖို့ဆိုတာကလည်း ဒီဘက်ခေတ်မှာ မလွယ်တာအမှန်ပဲ၊ ဒါပေမယ့် အဆိုတော်တစ်ယောက်ဖြစ်ဖို့ဆို ကိုယ်ပိုင်သီချင်းနဲ့ စီးရီးလေးတစ်ခွေတော့ ထွက်သင့်တယ်လို့ထင်လို့ ညီမထွက်ဖြစ်ခဲ့တာပါ၊ သီချင်းအားလုံး အသစ်တွေပါ၊ အချစ်သီချင်းတွေချည်းပဲ ပါပါတယ်၊ သီချင်းတွေက အားလုံးနဲ့တိုင်ပင်ပြီး သေချာရွေးထားတာပါ၊ သူ့အတွက်ဆိုတဲ့ သီချင်းလေးက ကိုယ့်ခံစားချက်လေးနဲ့လည်းတိုက်ဆိုင်တော့ ခေါင်းစဉ်ပေးဖြစ်ခဲ့တာပါ၊ သူ့အတွက်ဆိုတဲ့ အကြောင်းအရာကတော့ ချစ်သူတွေအနေနဲ့ အလုပ်တွေပဲများနေပြီး ကိုယ့်ချစ်သူဘက်ကို ပြန်မကြည့်နိုင်တဲ့သူတွေအပေါ် ခံစားပြီး ဖန်တီးထားတာပါ"ဟု ခရစ္စတီးနားမေရီအောင်က ပြောသည်။

အဆိုပါအခွေတွင် သီချင်းများကို တေးရေး ဇဝါ၊ ဂျေမီ၊ ကောင်းကောင်း၊ အားတီ၊ ဇော်ကွန်းတို့က ရေးသားပေးထားပြီး အခွေထွက်ရှိခြင်းအထိမ်းအမှတ်အဖြစ် ပရိမိုးရှင်းပွဲကို ရန်ကုန်မြို့ လှည်းတန်းစင်တာ၌ ယခုလ ၁၉ ရက် ညနေ ၃ နာရီတွင် ပြုလုပ်သွားမည်ဟု သိရသည်။ **ကိုလင်း**



## လာလာကြည့်တွင် တင်ဆက်မည့် အကြင်နာမြစ်ဖျား ဇာတ်လမ်း စတင်ရိုက်ကူး

မိုဘိုင်းရုပ်ရှင်အပလီကေးရှင်းတစ်ခုဖြစ်သော လာလာကြည့် (La La Kyi application)တွင် တင်ဆက်မည့် အကြင်နာမြစ်ဖျားဇာတ်လမ်းကို ဇာတ်လမ်း မိုးယံဇွန်၊ ဇာတ်ညွှန်း မိုးစက်ပိုင်နှင့် သူဝေးတို့ရေးသားကာ ဒါရိုက်တာသားညီက ရိုက်ကူးပုံဖော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်လမ်းရိုက်ကူးခြင်းနှင့် ဇာတ်လမ်းအကြောင်းနှင့်ပတ်သက်၍ ဒါရိုက်တာသားညီက "ဒီဇာတ်က မိုးယံဇွန်က ရတနာပုံဇာတ်ကားရိုက်ပြီးကတည်းက ကျွန်တော့်ကိုပြောပြထားတဲ့ဇာတ်ပါ၊ တပ်ကိုအခြေခံထားတဲ့ ဇာတ်လမ်းမျိုးပေါ့၊ သူပြောပြတဲ့အချိန်ကတည်းက စိတ်ဝင်စားခဲ့တယ်၊ တပ်မတော်နဲ့ပတ်သက်တာကြောင့် အမှားအယွင်း အတိမ်းအစောင်းမခံဘူး၊ ရိုက်ဖို့ မရိုက်ဖို့ အများကြီးစဉ်းစားခဲ့ရတယ်၊ ကျွန်တော် မရိုက်ဖူးသေးတဲ့ ဇာတ်လမ်းမျိုးပါ၊ ဒီဇာတ်လမ်းရိုက်ဖို့ ကြိုတင်ပြင်ဆင်တာ သုံးလ၊ ရိုက်မယ်ဆိုပြီး နောက်ဆုတ်တာ နှစ်လ စုစုပေါင်း ငါးလ ကြာသွားတယ်၊ ပေါ်လစီတွေ အတုံးလိုက်အတစ်လိုက် ထည့်မှာတော့ မဟုတ်ပါဘူး။ ကျွန်တော်လိုချင်တဲ့ ပံ့ပိုးကူညီမှုသာရမယ်ဆိုရင်၊ ပရိသတ်ကြည့်နေကျမဟုတ်တာတွေ ကြည့်ကြရမှာပါ" ဟု ပြောသည်။



အဆိုပါ ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် မိုးယံဇွန်၊ ထူးအောင်၊ Wai လျှံ၊ ဝေဖြိုး၊ ခင်ဝင့်ဝါ၊ ထက်ထက်ထွန်း၊ ချစ်စနိုးဆု၊ မေကဗျာဦးနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် စတင်ရိုက်ကူးနေပြီဟု သိရသည်။

**ကိုလင်း**

## ပထမဆုံးအကြိမ် ဆံပင်အလှဖန်တီးမှုပြပွဲ ရန်ကုန်တွင် ကျင်းပမည်

မြန်မာနိုင်ငံရှိ ဆံပင်အလှဖန်တီးမှုပညာရှင်များစုစည်းပြီး ပထမဆုံးအကြိမ် Hair Show and Miss & Mister International Eco Myanmar 2019 ပွဲကို တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

"ဒီပွဲကြီးတွေက မြန်မာနိုင်ငံမှာရှိတဲ့ပညာရှင်တွေစုစည်းပြီး ကျင်းပမယ့် Hair Show ပွဲကြီးဆိုလည်း မမှားပါဘူး၊ ပထမဆုံးအကြိမ်ပြုလုပ်တဲ့ပွဲလည်းဖြစ်ပါတယ်၊ ပြီးတော့ Miss & Mister Eco ပွဲကလည်း ကျွန်တော်တို့ နိုင်ငံတကာမှာပြုလုပ်တဲ့ပွဲမျိုးပါပဲ၊ နှစ်စဉ် အီဂျစ်နိုင်ငံကို အရည်အချင်းပြည့်ဝတဲ့ လူငယ်တွေကို ရွေးချယ်ပြီး စေလွှတ်တဲ့ပွဲတစ်ပွဲပါပဲ၊ ကျွန်တော်တို့နိုင်ငံကနေ ဟိုမှာ ၂၀၁၇ တုန်းကလည်း သွားရောက်ယှဉ်ပြိုင်ဖို့အတွက် အလှမယ် ခခစံလည်း ဆုရရှိခဲ့ပါတယ်၊ အခုလုပ်မယ့်ပွဲကြီးကို ကျွန်တော့်အနေနဲ့ အပိုင်းနှစ်ပိုင်းခွဲခြားပြီး လုပ်သွားမှာပါ၊ မြန်မာ Hair Show က တစ်ပိုင်း၊ Miss and Mister Eco ပွဲက တစ်ပိုင်း ကျင်းပသွားမှာပါ၊ Hair Show ဆိုတဲ့အတိုင်း ကျွန်တော်တို့ဆံပင်လေးအလှဖန်တီးလိုက်၊ လမ်းလျှောက်ပြလိုက်ဆိုတဲ့ ပုံစံမျိုးမဟုတ်ဘဲ ပြည်ပက ပညာရှင်တွေနဲ့ ပြည်တွင်းကပညာရှင်တွေ ပူးပေါင်းပြီး အမိုက်စားဒီဇိုင်းတွေကို လုပ်ပြသွားမယ်၊ ဒီပွဲအတွက် ကျွန်တော် တစ်နှစ်လောက်အချိန်ယူပြီးမှ ပြသဖြစ်တာပါ၊ ကျွန်တော့်အနေနဲ့ UK မှာပြုလုပ်တဲ့ Hair Show ပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်စဉ်က ပြိုင်ပွဲဝင်သောင်းကျော်ထဲကနေ ကျွန်တော် 1 to 10 ဝင်ခဲ့တယ်၊ အဲဒါကြောင့်လည်း သူတို့ဘက်က ပညာရှင်တွေကလည်း ဒီမှာလာရောက်ပြီး ပွဲမှာပါဝင်မယ်၊ ပြပွဲအတွက်လည်း အားပေးထောက်ပံ့တာမျိုးတွေရပါတယ်"ဟု ပွဲကို ဦးစီးကျင်းပသူ ချန်လုံးက ပြောသည်။ **ကိုလင်း**

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ကယ်လီဖိုးနီးယားတောမီးကြောင့် နေအိမ်မှပြောင်းရွှေ့ရသူများထဲတွင် လေဒီဂါဂါနှင့် ကင်ကာဒက်ရှီရှန်တို့ပါဝင်

ကယ်လီဖိုးနီးယားပြည်နယ်မှာ တောမီးအကြီးအကျယ် လောင်ကျွမ်းနေမှုကြောင့် ဟောလိဝုဒ်က နာမည်ကျော်တွေဖြစ်ကြတဲ့ ကင်ကာဒက်ရှီရှန် ဝက်စ်၊ လေဒီဂါဂါနဲ့ အလက်စစ်မီလာနိုတို့ဟာ ပြီးခဲ့တဲ့ကြာသပတေးနေ့ကတည်းက နေအိမ်ကနေ ရွှေ့ပြောင်းခဲ့ရပါတယ်။

စနေနေ့ရောက်လာတဲ့အခါမှာတော့ နေအိမ်ကနေရွှေ့လာရတဲ့အထဲမှာ ဒါရိုက်တာ ဂီလာမိုဒယ်တိုရို၊ ပေါ့အဆိုတော် လီယန်ပိန်းအပါအဝင် အခြားသော နာမည်ကျော်တွေပါ ထပ်တိုးလာခဲ့ပါတယ်။ ကင်ကာဒက်ရှီရှန်ကတော့ သူဟာ တောမီးကြောင့် ကယ်လီဖိုးနီးယားခယ်လာဘတ်ဆက်မှာရှိတဲ့ နေအိမ်ကနေ ပြောင်းခဲ့ရတာလို့ ပြောပါတယ်။ ခယ်လာဘတ်ဆက်မှာရှိတဲ့ လူတွေအားလုံး ဘေးကင်းကြပါစေလို့ ဆုတောင်းတယ်လို့လည်း ကင်ကာဒက်ရှီရှန်က ပြောပါတယ်။

ကင်ကာဒက်ရှီရှန်ရဲ့ဝမ်းကွဲညီမတွေဖြစ်တဲ့ ကိုးကာဒက်ရှီရှန်၊ ကော့တနီကာဒက်ရှီရှန်တို့ဟာလည်း သူတို့ရဲ့နေအိမ်တွေကနေ ရွှေ့ပြောင်းခဲ့ရပါတယ်။ ကယ်လီဖိုးနီးယားတောမီးကြောင့် နေအိမ်ကနေထွက်လာရတဲ့ အဆိုတော်လေဒီဂါဂါကလည်း သူ့ရဲ့အင်စတာဂရမ်မှာ တောမီးလောင်ကျွမ်းနေတဲ့ပုံတွေ တင်ထားခဲ့ပါတယ်။ လူတိုင်းလူတိုင်းအတွက်လည်း ဆုတောင်းပေးနေပါတယ်လို့လည်း လေဒီဂါဂါက အင်စတာဂရမ်ပေါ်မှာ ရေးသားခဲ့ပါတယ်။

**စီအင်န်အင်န်**




## ဗစ်တိုးရီးယားဘက်ခမ်း ဖက်ရှင်ပုံရိပ်ဆုကို လက်ခံရရှိ

အသက် ၄၄ နှစ်အရွယ် ဗစ်တိုးရီးယားဘက်ခမ်းဟာ စပိုက်ဂဲအဖွဲ့ရဲ့ယူကေတစ်လွှားနယ်လှည့်ဖျော်ဖြေပွဲမှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့်လည်း သူဟာအမျိုးသမီးတွေအတွက် အကောင်းဆုံးစိတ်ခံစားချက်ကို ဖန်တီးပေးဖို့ အမျိုးသမီးတွေရဲ့စွမ်းအားကို အားပေးကူညီဆဲပါပဲ။

သူဟာဖက်ရှင်လိုင်းကိုပဲ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့တာ ၁၀ နှစ်ကျော်ကြာခဲ့ပါပြီ။ အခုအချိန်အခါမှာတော့ သူဟာ ပြည်သူကရွေးချယ်ပေးတဲ့ ဆုချီးမြှင့်ပွဲအခမ်းအနားမှာ ဖက်ရှင်ပုံရိပ်ဆုကို လက်ခံရရှိခဲ့ပါတယ်။

ဆန်တာမော်နီကာမှာ နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်တဲ့ပွဲမှာ ဒီဆုကိုလက်ခံရရှိသွားတာပါ။ စင်ပေါ်မှာ ကျေးဇူးတင်စကားပြောတဲ့အခါမှာတော့ ကျွန်မဟာကိုယ့်ကိုယ်ကိုယ် အိပ်မက်အကြီးကြီးရှိတယ်လို့ ပြောလေ့ရှိတယ်လို့ပြောခဲ့ပါတယ်။

လော့အိန်ဂျလိစ်ကို လာရတာအလွန်ပျော်တယ်။ လော့အိန်ဂျလိစ်ဟာ ကျွန်မအတွက် ဒုတိယနေအိမ်ပါလို့ ပြောခဲ့ပါတယ်။ ၁၀ နှစ်လုံးလုံး ကြိုးစား သင်ယူခဲ့တယ်။ ကျွန်မဘေးမှာ စိတ်ဓာတ်ခိုင်မာတဲ့ အမျိုးသမီးတွေရှိတယ်။ ကျွန်မလုပ်နိုင်တဲ့အရာဟာ အခြားလူတွေလည်း လုပ်နိုင်တယ်လို့ သက်သေပြလိုက်တာပါပဲလို့ ပြောပါတယ်။

ဒီဆုကိုလက်ခံရတဲ့အတွက်လည်း အလွန်ကို ဂုဏ်ယူမိပါတယ်လို့ ပြောခဲ့ပါတယ်။ ပြီးတော့ဗစ်တိုးရီးယားက နိုဝင်ဘာ ၁၁ ရက်ဟာ ကျွန်မအတွက်တော့ မေ့မရနိုင်တဲ့နေ့တစ်နေ့ဖြစ်သွားပါပြီလို့ ပြောခဲ့ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



# ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၁၄၇)

# စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ

**ဦးဟန်ညွန့် (ဥပဒေ)**



**စာချုပ်များ**




ဥပဒေအတွေးနှင့် စာချုပ်များအကြောင်းကို ပြီးခဲ့သည့်အပတ်က ကျွန်တော်တင်ပြခဲ့ပါသည်။ စာချုပ်များအကြောင်းကို နိဒါန်းချီဖော်ပြခဲ့ခြင်းပါ။ လက်တွေ့တာဝန် ထမ်းဆောင်နေကြရသော ဥပဒေအရာရှိများ၏ တာဝန်ကြီးလေးပုံကိုလည်း သိစေချင်၍ပါ။ နိုင်ငံတကာနှင့် ချုပ်ဆိုရသော စာချုပ်များတွင် မည်မျှလုံ့လဝီရိယ စိုက်ထုတ်ရကြောင်းကိုပါ အတန်အသင့် သတိပြုစေချင်သည့် စေတနာမှာ အဓိကပါ။ ယခု တစ်ပတ်တွင် စီးပွားရေးဆိုင်ရာ စာချုပ်များအကြောင်း တင်ဆက်ပါရစေ။

**စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများ**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဌာနသည်-

(က) စီးပွားရေးစာချုပ်စာတမ်းများနှင့် စပ်လျဉ်းသော ညှိနှိုင်းဆွေးနွေးပွဲများတွင် တက်ရောက်ဆွေးနွေးပေးရန် သက်ဆိုင်ရာဌာနက ဖိတ်ကြားလျှင် ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဥပဒေအကြောင်းအရ အကြံပြုဆွေးနွေးရမည်။

(ခ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများက ဥပဒေအကြံဉာဏ်တောင်းခံသည့်အခါ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် တစ်ဖက်စာချုပ်ဝင်တို့အကြား အပြီးသတ်နှစ်ဖက်ညှိနှိုင်းသဘောတူထားသော အောက်ဖော်ပြပါ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းမူကြမ်းများကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်-

- (၁) ဖက်စပ်စာချုပ်များ
- (၂) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ
- (၃) မြေငှားစာချုပ်များ၊ အဆောက်အအုံငှားရမ်းသည့်စာချုပ်များ
- (၄) တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသည့်စာချုပ်များ
- (၅) ပြည်ပမှ ပစ္စည်းဝယ်ယူရေးစာချုပ်များ
- (၆) ငွေချေးစာချုပ်များ
- (၇) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေတူးဖော်ထုတ်လုပ်ရေးဆိုင်ရာစာချုပ်များ
- (၈) စီးပွားရေးဆိုင်ရာ စာချွန်လွှာများ၊ နားလည်မှုမှတ်တမ်းများ
- (၉) ပြည်ပမှ အတိုင်ပင်ခံငှားရမ်းရေးစာချုပ်များ
- (၁၀) ပြည်တွင်းရောင်းဝယ်ရေးစာချုပ်များ
- (၁၁) ဆောက်လုပ်ရေးစာချုပ်များ
- (၁၂) တင်ဒါခေါ်ယူရေးစာချုပ်များ
- (၁၃) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ အစိုးရပါဝင်သည့် အစုရှယ်ယာများဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ စာချုပ်များ

(ဂ) နည်းဥပဒေခွဲ(ခ)ပါ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို ချုပ်ဆိုပြီးနောက် စာချုပ်ပါ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော ဥပဒေရေးရာကိစ္စရပ်များကို ဥပဒေအကြံဉာဏ် တောင်းခံပါက စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရမည်။

(ဃ) အရေးကြီးသော စီမံကိန်းနှင့် သက်ဆိုင်သည့် ချေးငွေစာချုပ်များအပါအဝင် လိုအပ်သော စီးပွားရေးစာချုပ်စာတမ်းများနှင့် ဆက်စပ်သည့် အထောက်အထားစာရွက်စာတမ်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ စိစစ်ပြီး မှန်ကန်ကြောင်း ထောက်ခံချက် (Legal opinion) ထုတ်ပေးရေးအတွက် ဆောင်ရွက်ရမည်။

**အဓိကအခြေခံ**

ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် နည်းဥပဒေ ၄၉ နည်းဥပဒေခွဲ(ခ)ပါ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကို အဓိကအားဖြင့် အခြေခံပြီး စိစစ်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲရင်းနှီးမြှုပ်နှံမှုဥပဒေများ အပါအဝင် အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ

(ခ) ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းရေးကိစ္စဖြစ်ပါက ကုမ္ပဏီများနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ

(ဂ) စာချုပ်ပါ ဥပဒေရေးရာ အချက်အလက်များသည် တည်ဆဲဥပဒေများဖြစ်သော ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ မှတ်ပုံတင်အက်ဥပဒေ၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေ၊ အစုစပ်လုပ်ငန်းအက်ဥပဒေ၊ ကုန်စည်ရောင်းချခြင်းအက်ဥပဒေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေနှင့် မြန်မာ့သတ္တုတွင်းဥပဒေတို့အပြင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်နှင့် ကိုက်ညီခြင်း ရှိ၊ မရှိ

(င) စာချုပ်ပါ အငြင်းပွားမှု ဖြေရှင်းရန် နည်းလမ်းများစာချုပ်ကို လွှမ်းမိုးသည့် ဥပဒေသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ တရားဥပဒေစနစ်နှင့် ကိုက်ညီခြင်းရှိ၊ မရှိ၊ လုပ်ငန်းလိုအပ်ချက်အရ ခြွင်းချက်အနေဖြင့် လက်ခံရန် သင့်၊ မသင့်

(စ) တရားမျှတမှု မရှိသည့် စည်းကမ်းချက်နှင့် မလျော်ကန်သော သတ်မှတ်ချက်များပါဝင်ခြင်း ရှိ၊ မရှိ

(ဆ) စာချုပ်တစ်ရပ်တွင် ပါရှိမြဲဖြစ်သော အောက်ပါဥပဒေရေးရာ စာပိုဒ်များ ပါရှိခြင်း ရှိ၊ မရှိ

- (၁) စာချုပ်နှင့် သက်ဆိုင်သော ဥပဒေ
- (၂) အငြင်းပွားမှုကို ဖြေရှင်းခြင်း
- (၃) မလွန်ဆန်နိုင်သော ဖြစ်ရပ်
- (၄) စာချုပ်စတင်အကျိုးသက်ရောက်သည့် နေ့ရက်
- (၅) စာချုပ်ပြင်ဆင်ခြင်း
- (၆) စာချုပ်ရပ်စဲခြင်း
- (၇) စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း
- (၈) စာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း
- (၉) အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း

(ဇ) မြေနှင့် အဆောက်အအုံများ ငှားရမ်းသည့် စာချုပ်ဖြစ်ပါက နည်းဥပဒေခွဲ(ဇ)ပါ အချက်များအဖြစ် အောက်ပါအချက်များ ပါရှိခြင်း ရှိ၊ မရှိ

- (၁) ငှားရမ်းသက်တမ်းနှင့် ငှားရမ်းသက်တမ်းတိုးမြှင့်ခြင်း
- (၂) မြေနှင့်အဆောက်အအုံသို့ ပြန်လည်ဝင်ရောက်ခြင်း
- (၃) မြေနှင့် အဆောက်အအုံကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း

(ဈ) နိုင်ငံတော်အတွင်း ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် အကဲဖြတ်ဆန်းစစ်ချက် ရယူရန် လိုအပ်သည့် စာချုပ်ဖြစ်ပါက အောက်ပါအချက်များ ပါရှိခြင်း ရှိ၊ မရှိ

- (၁) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Enviromental Impact Assessment- E.I.A)
- (၂) လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း (Social Impact Assessment- S.I.A)
- (၃) ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း (Health Impaet Assessment- H.I.A)
- (၄) ယဉ်ကျေးမှုအမွေအနှစ်များထိခိုက်မှု ဆန်းစစ်ခြင်း (Cultural Heritage Impact Assessment- C.H.I.A)
- (၅) လူမှုစီးပွားတာဝန်ယူမှုဆန်းစစ်ခြင်း (Corporate Social Responsibility - C.S.R)

**လိုက်နာရမည့်အချက်များ**

ဥပဒေအကြံဉာဏ်ပေးရေးဌာနသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ်ပြီး ဥပဒေအကြံဉာဏ်ပေးရာတွင် -

(က) နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေသည့်အချက်

(ခ) စာချုပ်ဝင်များအကြား သာတူညီမျှမှု ရှိ၊ မရှိ

(ဂ) နိုင်ငံတော်အတွက် ထိခိုက်သည့်ကိစ္စပယ်ဖျက်သင့်

(ဃ) ဥပဒေကြောင်းအရ သတိပြုသင့်သည့် အချက်များ

(င) သက်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ညှိနှိုင်းရေး

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ ထောက်ပြအကြံပြုခြင်း ပြုရမည်။

**ဌာနအသီးသီး**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နည်းဥပဒေများနှင့်အညီ လိုအပ်သော ဌာနများ၊ ဌာနခွဲများ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းပြုလျက် ဥပဒေရေးရာတာဝန်များ ထမ်းဆောင်လျက်ရှိပေသည်။

**စေတနာ**

မိခင်ဌာန(ပြည်ထောင်စုရှေ့နေချုပ်ရုံး) အား တမ်းတ၊ လွမ်းဆွတ်လျက် တိုးတက်ပြောင်းလဲနေသော ဌာန၊ ဌာနခွဲများအသီးသီးမှ လုပ်ဖော်ကိုင်ဖက် ဥပဒေအရာရှိများအကြောင်း တွေးခေါ်မိသော ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ...။ ။

# ပိုးမွှားနဲ့ဆေးဝါးထိတွေ့မှုများလေ ဆေးယဉ်မှုပြဿနာက ကြီးမားလေဖြစ်နေတာပါ။ အဲဒီလိုဖြစ်ရတာက ဆေးကိုမလိုအပ်ဘဲနဲ့ သုံးတာတွေကြောင့်ပါ

ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်း

## ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာအသိပေး ရက်သတ္တပတ်ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရက်သတ္တပတ် World Antibiotics Awareness Week (WAAW)သည် ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း ကျရောက်မည်ဖြစ်သည်။ အဆိုပါ ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရက်သတ္တပတ် World Antibiotics Awareness Week (WAAW) အထိမ်းအမှတ်ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်း ဆွေးနွေးပွဲတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာ ဒေါ်ဌေးဌေးတင်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခ (ဆေးပညာ) ပါမောက္ခဒေါက်တာဇော်သန်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိမ်းမော်နှင့် WHO Representative to Myanmar Dr. Stephan Paul Jost တို့က ပါဝင်ဆွေးနွေးကြသည်။



**အစီအစဉ်မှူး။ ။ ကျန်းမာရေးလောကမှာ ပြောဆိုနေကြတဲ့ ပဋိဇီဝဆေးနဲ့ ပတ်သက်ပြီး ပဋိဇီဝဆေးယဉ်ပါးမှုရှိ တယ်ဆိုတာကို တချို့တွေက ကြားသိဖူးကြပါတယ်။ ပဋိဇီဝဆေး ယဉ်ပါးမှုနဲ့ ပတ်သက်ပြီးတော့ ပဋိဇီဝဆေးယဉ်ပါးမှု ဆိုတာ ဘယ်အကြောင်းအရာကို ဆိုလိုတာလဲဆိုတာ အနည်းငယ်ရှင်းပြပေးပါ။**

**ပါမောက္ခဒေါက်တာဒေါ်ဌေးဌေးတင်။ ။** ပဋိဇီဝဆေးဆိုတာ ကမ္ဘာပေါ်မှာပေါ်ခဲ့တာက ၁၉၂၈ စက် တင်လဘာမှာ အလက်ဇန်ဒါဖလန်းမင်းဆိုတဲ့ သုတေသနပညာရှင်က ပင်နီဆီလင်ဆိုပြီး စပြီး တွေ့ရှိခဲ့တယ်။ အဲဒီကတည်းက ပဋိဇီဝဆေးဆိုတာက လူက တိရစ္ဆာန်နဲ့ အပင်တွေမှာဖြစ်တဲ့ ဘက်တီးရီးယားပိုးတွေကို အမြစ်ပြတ် တိုက်ဖျက်နိုင်တဲ့ ကမ္ဘာတစ်ဝန်းမှာ အကောင်းဆုံး၊ အတွင်ကျယ်ဆုံးအနေနဲ့ သုံးစွဲခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၉၀ ရှိပါပြီ။ အဲဒီအတောအတွင်းမှာ ပဋိဇီဝဆေးတွေကို သုံးစွဲနေရင်း အမြစ်ပြတ်ကုသနိုင်တဲ့ ရောဂါတွေရှိသလို တဖြည်းဖြည်းနဲ့ ကုသလို့ ပျောက်တဲ့ ရောဂါတွေကလည်း ဒီဆေးယဉ်ပါးလာတယ်ဆိုတာကို ကျွန်မတို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ အတွင်းမှာ တဖြည်းဖြည်းနဲ့ သိလာခဲ့ပြီး အခုအချိန်မှာ တစ်ကမ္ဘာလုံးအနေနဲ့ ဒီပြဿနာဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကရော၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ကရော၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ကပါ အင်မတန်ကို အရေးကြီးတဲ့ Global Threat အနေနဲ့ ဖြေရှင်းလာကြတယ်။ မြန်မာနိုင်ငံကလည်း ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက်ကြောင့် ပဋိဇီဝဆေးရဲ့ ယဉ်ပါးမှုကို ခံစားနေရတယ်။ ဒါကြောင့် ပဋိဇီဝဆေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာကို အားလုံး ပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုပြီး ဒီအထိမ်းအမှတ် စကားဝိုင်းကို လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။

ပဋိဇီဝဆေးယဉ်ပါးမှုဆိုတာ လူမှ တိရစ္ဆာန်၊ တိရစ္ဆာန်မှ အပင် ၊ အပင်မှ လူသို့ ကူးစက်နိုင်ပါတယ်။ ဆေးယဉ်ပါးနေတဲ့ ရောဂါပိုးတစ်ခု သယ်ဆောင်ထားတဲ့လူတစ်ယောက်က မိမိအိမ်ကို ပြန်သွားမယ်၊ အဲဒီလူ စွန့်ပစ်တဲ့ အညစ်အကြေးကနေတစ်ဆင့် တိရစ္ဆာန်တွေဆီ ရောက်မယ်၊ တိရစ္ဆာန်ကနေတစ်ခါ ပြန်ပြီးစားသုံးတဲ့ အသားကနေ တစ်ဆင့် တစ်စိတ်တစ်ပိုင်းပြန်ရမယ်၊ အဲဒီနောက် လူရော၊ တိရစ္ဆာန်ရော စွန့်ပစ်တဲ့အညစ်အကြေးတွေကတစ်ဆင့် အပင်ရဲ့ကျန်းမာရေးကို ထိခိုက်မယ်။ ဒီလို အားလုံးနဲ့ ဆက်စပ်နေတဲ့ အတွက်ကြောင့် အင်မတန်အရေးကြီးတဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအနေနဲ့ ပဋိဇီဝဆေးယဉ်ပါးမှုဆိုတာကို တွင်တွင်ကျယ်ကျယ် ဖော်ထုတ်လာရခြင်းဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ပဋိဇီဝဆေး ယဉ်ပါးတာနဲ့ ပတ်သက်ပြီး ဘာကြောင့်ဖြစ်တာလဲ။ ဘယ်လိုအခြေအနေမျိုးတွေမှာ ဖြစ်တာလဲဆိုတာ ဆရာအနေနဲ့ အသိပေးပါဦး။**

**ပါမောက္ခဒေါက်တာဇော်သန်းထွန်း။ ။** ပဋိဇီဝဆေးယဉ် ပါး မှုဆိုတာ တော်တော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ပင်နီဆီလင်ထုတ်ခဲ့တာ နှစ်ပေါင်း ၉၀ ရှိပါပြီ၊ ပင်နီဆီလင် စတင်ပေါ်လာကတည်းက ရှိနေတဲ့ ပိုးမွှားတွေက ပင်နီဆီလင်ဆေးပေး လိုက်တာနဲ့ သေကုန်တယ်။ ဘာဖြစ်လာသလဲဆိုတော့ ကြာလာတာနဲ့ အမျှ ပိုးမွှားတွေက သူတို့ကိုသတ်တဲ့ ပင်နီဆီလင်ဆေးကိုနိုင်အောင်ဆိုပြီး သဘာဝအလျောက် မျိုးရိုးဗီဇတွေက သူ့ဘာသာပြောင်းလာတယ်။ ပြောရရင်တော့ ပိုးမွှားနဲ့ ဆေးဝါး တိုက်ပွဲတစ်ခုလို ဖြစ်နေတာပေ့ါ။ အခုနောက်ပိုင်းမှာ သိပ္ပံပညာတွေ တိုးတက်လာတယ်။ ဆေးတွေကလည်း မြင့်လာတယ်။ ပိုးမွှားတွေကလည်း သူတို့ကိုယ်သူတို့ ခံနိုင်အောင် မျိုးရိုးဗီဇတွေ ပြောင်းလာတယ်။ အဲဒီလို ဖြစ်ရခြင်းအကြောင်းရင်းက ပိုးမွှားနဲ့ ဆေးဝါး ထိတွေ့မှုများလေ ဆေးယဉ်မှုပြဿနာက ကြီးမားလေဖြစ်နေတာပါ။ အဲဒီလို ဖြစ်ရတာက ဆေးကို မလိုအပ်ဘဲနဲ့ သုံးတာတွေကြောင့်ပါ။ ဥပမာ- တုပ်ကွေးဖြစ်တယ်ဆိုရင် ပိုးသတ်ဆေးသောက်စရာမလိုဘူး။ သို့သော် လွယ်လွယ်ကူကူပဲ ဝယ်သောက် လိုက်တယ်။ အဲဒီပိုးသတ်ဆေးတွေက မလိုအပ်ဘဲနဲ့ ဒီပိုးမွှားတွေကို ပေးမိတော့ ဒီလိုဟာမျိုးမှာလည်း ဆေးယဉ်ပါးမှုက ဖြစ်လာတယ်။ နောက်တစ်ခု ဆေးယဉ်ပါးမှုဖြစ်လာတာက လိုအပ်လို့ ဆေးပေးတယ်၊ပေးတဲ့အခါ ဆေးကို ခုနစ်ရက်သောက်ရမယ် ဆိုပါစို့။ အဲဒါကို သုံးရက်ပဲသောက်မိတယ်။ ဒါဆိုရင်တော့ ဆေးယဉ်ပါးမှုဖြစ်ဖို့ ပြဿနာစတာပါပဲ။ တစ်ခါပေးရမှာက ခုနစ်ရက် ပေးမိတာက သုံးပတ်ပေးမိတယ်ဆိုရင်လည်း မလိုအပ်ဘဲနဲ့ သောက်နေရတယ်။ ဒါဆိုရင်လည်း ဒီပိုးမွှားက ဒီဆေးဝါးနဲ့ယဉ်ပါးအောင် သူ့သဘာဝကိုက ဗီဇပြောင်းပြီးတော့ ဆေးယဉ်ပါးတဲ့ ပိုးမွှား ဖြစ်လာတယ်။

**အစီအစဉ်မှူး။ ။ တိရစ္ဆာန်မှာဖြစ်ပွားတဲ့ ရောဂါတွေမှာလည်း ပဋိဇီဝဆေးယဉ်ပါးမှုဆိုတဲ့ ပြဿနာနဲ့ပတ်သက်ပြီး ဆရာနည်းနည်း ရှင်းပြပေးပါအုံး။**

**ဒေါက်တာမင်းသိမ်းမော်။ ။** တိရစ္ဆာန်တွေမှာတော့ ပဋိဇီဝ ဆေးဝါးတွေကို ကြီးထွားနှုန်း ကောင်းဖို့ သုံးကြတာရှိပါတယ်။ နောက်ထပ်သုံးစွဲမှုတစ်ခုကတော့ ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ဆေးအနေနဲ့ သုံးကြတာရှိပါတယ်။ အဲဒီလိုသုံးစွဲမှုတွေက မလိုအပ်ဘဲ သုံးစွဲခြင်းဖြစ်ပါတယ်။ အကယ်၍ တိရစ္ဆာန်တွေကို သတ်မှတ်ထားတဲ့အချိန်မရောက်မီ ဈေးကွက်ထဲ စောစောရောက်အောင် အသားတင်ရောင်းချ စားသောက်စေမယ်ဆိုရင် ဒီအန္တရာယ်ဟာ တိရစ္ဆာန်အသားကနေတစ်ဆင့် လူတွေဆီကို ရောက်ရှိပြီး အန္တရာယ်ဖြစ်စေနိုင်တာတွေရှိတယ်။ နောက်တစ်ခုက တိရစ္ဆာန်ရဲ့အညစ်အကြေးတွေက ပတ်ဝန်းကျင်ကို ရောက်ရှိပြီး အဲဒီကတစ်ဆင့် လူတွေကို ထိတွေ့ကူးစက်နိုင်ပါတယ်။ ဒါကြောင့် တိရစ္ဆာန်မွေးမြူရေးမှာ ဇီဝလုံခြုံမှုကောင်းမွန်စွာနဲ့ မွေးမြူခြင်းက ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်ကို ထိန်းချုပ်တဲ့ အင်မတန်မှအရေးပါတဲ့ အချက်တစ်ချက်အနေနဲ့ တင်ပြလိုပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနေ့ခေတ်မှာ ဒီရောဂါပိုးတွေနဲ့ ပတ်သက်ပြီး ဆေးယဉ်ပါးမှုတွေထဲမှာ အစားအသောက်နဲ့ ပတ်သက်ပြီး ထုတ်လုပ်ရောင်းချသူတွေရဲ့ကျင့်ဝတ်က အင်မတန်မှ အရေးကြီးတယ်ဆိုတဲ့ နေရာမှာရှိနေပါတယ်။ ဆရာပြောသလိုပဲ။ အချိန်မတိုင်မီ ဈေးကွက်ထဲရောက်လာမယ် ပြည်သူတွေက စားလိုက်မယ်ဆိုရင် ဆေးယဉ်ပါးမှုဖြစ်လာနိုင်တဲ့ အချက်တစ်ချက်ဆိုတာသိရပါတယ်။ဆက်ပြီးတော့ ရောဂါပိုးထိန်းချုပ်တဲ့အပိုင်းတွေမှာ ဆေးယဉ်ပါးမှုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးပေးပါဦးရှင်။**

**ပါမောက္ခဒေါက်တာဇော်သန်းထွန်း။ ။** ဆေးယဉ်ပါး မှု ဖြစ်တာနည်းဖို့ဆိုရင် ပိုးမွှားနဲ့ ဆေးဝါးထိတွေ့မှု အနည်းဆုံးဖြစ်ရပါမယ်။ ပိုးမွှားတွေကတော့ ရှိနေမှာပါပဲ။ အထူးကြပ်မတ်ဆောင်ထဲမှာဆိုရင် လူနာတွေမှာ ရောဂါပိုးတွေ အများကြီးရှိပါတယ်။ အဲဒီရောဂါပိုးတွေရှိတဲ့ လူနာကိုကုသတဲ့အခါမှာ ပိုးသတ်ဆေးကို အချိန်ကြာကြာ ပေးရတယ်။ ပြင်းပြင်းလည်း ပေးရတယ်။ အဲဒီပတ်ဝန်းကျင်မှာရှိတဲ့ ပိုးမွှားတွေက ဆေးယဉ်ပါးမှုဖြစ်ဖို့ အခွင့်အလမ်းပိုများပါတယ်။ တကယ်လည်းရှိပါတယ်။ ဒီလိုပိုးမွှားတွေကို တခြားသော လူနာမျိုး၊ တခြားသော ခုတင်မျိုးကို ပျံ့မသွားအောင် ဆရာတို့ ဆရာဝန်တွေ၊ ဆရာမတွေ၊ သူနာပြုတွေ၊ ကျန်းမာရေးစောင့်ရှောက်သူတွေမှာ အားလုံး တာဝန်ရှိသလို လူနာဘေးမှာ လာစောင့်တဲ့ လူနာစောင့်တွေကလည်း အသိပညာရှိကြပြီး ရောဂါမဖြစ်ပွားအောင် တစ်ကိုယ်ရေ သန့်ရှင်းရေးကို လိုက်နာဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါတယ်။

**အစီအစဉ်မှူး။ ။ ဒီနေ့ခေတ် ပြည်သူတွေကြားမှာ ဆရာစောစောက ပြောသလိုပဲ ဖျားပြီဆိုရင် အလွယ်တကူ လက်လှမ်းမီတဲ့ စပ်ဆေးဖြစ်ဖြစ်၊ ပိုးသတ်ဆေးပဲဖြစ်ဖြစ် သောက်လိုက်ရင် ရောဂါပျောက်သွားမှာပဲဆိုပြီး သောက်ကြတယ်။ ဒါတွေက တဖြည်းဖြည်း ဆေးယဉ်ပါးလာတဲ့ အနေအထားဖြစ်လာတယ်။ ပိုးသတ်ဆေးဒဏ်ကို လူတွေခံရပြီး ထပ်ထပ်ပြီး ဆေးယဉ်ပါးမှုပြဿနာတွေကို ရင်ဆိုင်နေရပါတယ်။ ဆရာမအနေနဲ့ ဆေးယဉ်ပါးမှုအန္တရာယ်က မြန်မာနိုင်ငံမှာ ဘယ်လောက်ထိ အရေးပါနေသလဲဆိုတာကို ပဋိဇီဝဆေးယဉ်ပါးမှုနဲ့ ပတ်သက်ပြီး ဆက်ပြီး ဆွေးနွေးပေးပါဦး။**

**ပါမောက္ခဒေါက်တာဒေါ်ဌေးဌေးတင်။ ။** ဆေးယဉ်ပါး မှု ပြဿနာဟာ တစ်ကမ္ဘာလုံးရဲ့ ပြဿနာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အလွန်အရေးကြီးပါတယ်။ ဆေးယဉ်ပါးတဲ့ ဘက်တီးရီးယားနဲ့ ဆေးမယဉ်ပါးတဲ့ ဘက်တီးရီးယားမှာ ဆေးယဉ်ပါးတဲ့ ဘက်တီးရီးယားကို ကုသဖို့အတွက် တိုင်းပြည်ကနေ ဆုံးရှုံးသွားတဲ့ Social Economic Cost က အလွန်အရေးကြီးပါတယ်။ တစ်ပတ်နဲ့ ကုသလို့ရတဲ့လူနာသည် နှစ်ပတ်ဖြစ်မယ်။ နှစ်ပတ်ကနေ သုံးပတ် ဖြစ်မယ်။ နောက်တစ်ခုက အဲဒီဟာကြောင့်ဖြစ်တဲ့ ရောဂါကိုလည်း လူနာကခံနိုင်ရည်မရှိတော့ဘူး။ အဲဒီတော့ သာမန် အအေးမိ တုပ်ကွေးက လူသားတွေမှာ အလွယ်တကူဖြစ်မယ်၊ ပျောက်မယ်။ သို့သော် သူက မပျောက်တော့ဘူး ကြာနေမယ်။ အဲဒီကတစ်ဆင့် နောက်ဆုံး အင်မတန် ဈေးကြီးတဲ့ ဆေးကိုသုံးရမယ်။ သုံးလို့ ပျောက်ချင်ပျောက်သွားမယ်။ ဒါပေမယ့် လူနာမှာ အဲဒီဆေးကို သုံးစွဲမိသွားတဲ့အတွက် နောင်တစ်ချိန်မှာ သူ့တို့ရဲ့ မျိုးရိုးဗီဇမှာ ဒါကို ယဉ်ပါးမှု ပြန်ဖြစ်လာမယ်။ သူ့ရဲ့ လူနာစောင့်ကနေ ပြန်ပြီး တစ်ပတ်လည်မယ်ဆိုရင် တကယ်ကို အဆုံးမဲ့ စက်ဝန်းကြီးက လည်နေတယ်။

တိုင်းပြည်မှာ ပဋိဇီဝဆေးယဉ်ပါးမှုဆိုတာ ဒီလူနာတစ်ယောက်တည်းနဲ့ ဆိုင်တာမဟုတ်ပါဘူး။ တစ်သိန်းဖိုး ဆေးကုသမှုသည် ၁၀ သိန်း၊ သိန်း ၂၀ နောက်ဆုံး အသက်ပါ ဆုံးရှုံးတဲ့အထိဖြစ်ပြီး တိုင်းပြည်ရော၊ Social Economic ရော၊ လူသားအရင်းအမြစ်ပါ ဆုံးရှုံးတယ်။ နောက်တစ်ခုက ပျောက်မယ့်ရောဂါတစ်ခုက မပျောက်တော့ဘူးဆိုကတည်းက ဒီဆေးရုံထဲမှာ ခုတင် ၂ လူနာ၊ နောက် ခုတင် ၃၊ ၄၊ ၅ စသဖြင့် တစ်ရုံလုံး ဘယ်လောက်ပျံ့ပြီးပြီလဲ၊ ကုသတဲ့ဆရာဝန်နဲ့ လူနာကနေ အိမ်ကို ဘယ်လောက်သယ်ပြီးပြီလည်း အဲဒါကို မခန့်မှန်းနိုင်ဘူး။ ဒါကြောင့်မို့ ဆေးရုံရဲ့ Infection control သည် ပတ်ဝန်းကျင်နဲ့ မိသားစုတို့အတွက် အလွန်အရေးကြီးတဲ့အတွက် ဒီပြဿနာကို ထိန်းချုပ်ဖို့ဟာ မြန်မာနိုင်ငံမှာ အင်မတန်မှ အရေးကြီးနေပါတယ်။

**အစီအစဉ်မှူး။ ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားတွေရဲ့ ကျန်းမာရေးကို ခြိမ်းခြောက်လာနေတဲ့ ဒီပဋိဇီဝဆေးယဉ်ပါးမှု ပြဿနာနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း လက်ရှိအခြေအနေကို ပြောပြပေးပါ။**

*စာမျက်နှာ ၂၁ သို့*




**“တိုင်းပြည်မှာ ပဋိဇီဝဆေးယဉ်ပါးမှုဆိုတာ ဒီလူနာတစ်ယောက်တည်းနဲ့ ဆိုင်တာမဟုတ်ပါဘူး။ တစ်သိန်းဖိုး ဆေးကုသမှုသည် ၁၀ သိန်း၊ သိန်း ၂၀ နောက်ဆုံး အသက်ပါ ဆုံးရှုံးတဲ့အထိဖြစ်ပြီး တိုင်းပြည်ရော၊ Social Economic ရော၊ လူသား အရင်းအမြစ်ပါ ဆုံးရှုံးတယ်”**

# ပင်လယ်ဒေသကျေးရွာများ၏ လုံခြုံရေးအတွက် အားထားရမည့် နောက်မီးရဲစခန်းဖွင့်

**ဖျာပုံ နိုဝင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့ နောက်မီးကျေးရွာရှိ နောက်မီးရဲစခန်းကို နိုဝင်ဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

“ဒီရဲစခန်း ဖွင့်လှစ်နိုင်ခြင်းက ဒီဒေသရဲ့ တရားဥပဒေစိုးမိုးမှုအတွက် များစွာ အကျိုးရှိပါတယ်။ ဥပဒေဘောင်အတွင်းနေထိုင်သူတွေကို အကာအကွယ်ပေးနိုင်တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်” ဟု ဒေသခံရေလုပ်ငန်းရှင် ဦးမြင့်အောင်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်တရားသူကြီး ဒေါ်မွန်ရည်အေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးသန္တာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံများက ဖွင့်လှစ်ပေးခဲ့သည်။

နောက်မီးကျေးရွာ ရဲစခန်းဖွင့်လှစ်လိုက်ခြင်းကြောင့် ကျေးရွာ ခုနစ်ရွာရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ မိမိတို့ရွာမှာပင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်မည့်အပြင် ကျေးရွာအုပ်စုအတွင်းရှိ လူဦးရေ နှစ်သောင်းကျော်အတွက် တရားဥပဒေစိုးမိုးရေးကိုပါ များစွာအထောက်အကူပြုမည်ဖြစ်၍ ဒေသခံများ ဝမ်းသာနေကြကြောင်း သိရသည်။

“ဒီဒေသက ပင်လယ်ကမ်းစပ်ဒေသဖြစ်တယ်။ ရေလုပ်ငန်းအဓိကထားလုပ်ကိုင်ကြတယ်။ ရေလုပ်သားအများစုနေထိုင် အသက်မွေးတဲ့ ဒေသတစ်ခုဖြစ်နေတယ်။ ဒီလိုရဲစခန်းဖွင့်လှစ်ခြင်းအားဖြင့် ဒီဒေသက ပြည်သူတွေရဲ့ လုံခြုံရေးကောင်းမွန်လာမှာဖြစ်သလို မှုခင်းတွေလည်းလျော့ချနိုင်မယ်လို့ ယုံကြည်တယ်။ နောက်တစ်ခုက ဒီဒေသကလေးတွေ မြို့တက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေကြရရင် ကုန်ကျစရိတ်များအချိန်ကုန်တယ်။ ဒါကိုလည်း လျော့ချနိုင်မယ်။ လုံခြုံရေး၊ ပညာရေးတွေမြင့်မားလာပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူ ဖြစ်ပါတယ်”ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။



နောက်မီးကျေးရွာသည် ရေလုပ်ငန်း၊ ဆားဖိုလုပ်ငန်းများ အဓိကထားလုပ်ကိုင်ကြသည့် ဒေသတစ်ခုဖြစ်ပြီး ယခင်ကမှုခင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အသွားအပြန် မိုင် ၅၀ ခန့်ဝေးသည့် အမာမြို့နယ်ရဲစခန်းအထိ သွားရောက်အကူအညီ ရယူခဲ့ကြရကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# သာပေါင်းမြို့နယ် ကြက်သွန်ကွင်း- သဲဖြူ - မကျီးဇင်ကမ်းခြေပတ်ကားလမ်း ဖောက်လုပ်

**ပုသိမ် နိုဝင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကြက်သွန်ကွင်းမှ ရခိုင်ပြည်နယ် ဂွမြို့အနီးမကျီးဇင်ကမ်းခြေကျေးရွာအထိ ၄၂ မိုင် ၂ ဖာလုံရှည်လျားသော ကမ်းခြေပတ်ကားလမ်းအား ၂၀၁၆ -၂၀၁၇ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ကားလမ်းကို ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ ကြက်သွန်ကွင်းမှ သဲဖြူအပိုင်း ၁၆ မိုင်အား အမာခံကျောက်ချောလမ်းခင်းခြင်းနှင့် သံကူကွန်ကရစ်တံတားသုံးစင်းတို့ကို လမ်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည်။

ထိုစဉ်ကဆောင်ရွက်ရန် ကျန်ရှိခဲ့သော မိုင်တိုင်အမှတ် ၁၆ မှ မိုင်တိုင်အမှတ် ၄၂ မိုင် ၂ ဖာလုံအထိ ၂၈ မိုင် ၂ ဖာလုံကို မြေသားလမ်း ဖောက်လုပ်ခြင်း၊ ရာသီမရွေးသွားလာနိုင်စေရန် ၁၂ ပေအကျယ်ကွန်ကရစ်လမ်းအဆင့်ဆောင်ရွက်ခြင်း၊ လမ်းတစ်လျှောက်ကွန်ကရစ်တံတားများတည်ဆောက်ခြင်းလုပ်ငန်းတို့အား ရှေ့ပြေးစီမံချက်အနေဖြင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မိုင်ပေါင်း ၄၂ မိုင် ၂ ဖာလုံရှိသည့်အနက် (ဖြည့်စွက်) ရန်ပုံငွေကျပ် ၁၉၉၁ ဒသမ ၂၇၉ သန်း ဖြင့် မိုင်တိုင်အမှတ် ၁၆ မှ မိုင်တိုင်အမှတ် ၂၇ အထိ ၁၁ မိုင်ကို တောင်ပေါ်မြေသားလမ်းဖောက်လုပ်ခြင်း၊ ကျန်လမ်းမိုင်အတွင်းကျောက်ချောလမ်း ၅ မိုင် ၆ ဖာလုံဖောက်လုပ်ခြင်း၊ တံတားသုံးစင်းတည်ဆောက်ခြင်းနှင့် မကျီးဇင်ရွာအရောက် တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ဘဏ္ဍာနှစ်ကလည်း ခွင့်ပြုရန်ပုံငွေကျပ် ၂၀၆ သန်းဖြင့် မိုင်တိုင်အမှတ် ၃၂ မှ မိုင်တိုင်အမှတ် (၄၂/၂) အထိ မြေသားလမ်း ၁၀မိုင် ၂ ဖာလုံဖောက်လုပ်ခြင်း၊ ချောင်းကျောက်ကြိတ်ခင်းခြင်း၊ တံတားကိုးစင်းဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသောအပိုင်း၌ ခွဲကျောက်အမာခံလမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းများကိုမူ ဘဏ္ဍာနှစ်အလိုက်လျာထားသတ်မှတ်၍ ဆောင်ရွက်သွားမည်ဟု သိရသည်။

**ခရမ်း - စိုးမြင့်**

# မိတ္ထီလာမြို့ မသိုးသင်္ကန်းရက်ပြိုင်တွင် ရွှေတံဆိပ်ဆုရှင်များက ခြင်းအလုခတ်၍ ဖျော်ဖြေမည်

**မိတ္ထီလာ နိုဝင်ဘာ ၁၃**
မိတ္ထီလာမြို့ နဂါးရုံ မဟာဗောဓိစေတီတော်ကြီး၏ (၄၈) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်တွင် ရွှေတံဆိပ်ဆုရှင်များက နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ တစ်ပင်တိုင်ခြင်း အလုခတ်၍ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

နဂါးရုံ မဟာဗောဓိစေတီတော်ကြီး၏ ကျောင်းဝင်းအတွင်း၌ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင် မျိုးမင်းသူ၊ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် မျိုးဇော်ဦး၊ မန္တလေးတိုင်းဒေသကြီး ရွှေတံဆိပ်ဆုရှင် ပပဟန် (တစ်ပင်တိုင်ခြင်းအလုခတ်) တို့နှင့်အတူ တိုင်းဒေသကြီး လက်ရွေးစင်၊ မိတ္ထီလာခရိုင် လက်ရွေးစင်၊ ဝမ်းတွင်း၊ ပျော်ဘွယ်မှ ခြင်းညီအစ်ကိုများ၊ မိတ္ထီလာမြို့မှ ခြင်းဝါသနာရှင်များက တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်း လပြည့်နေ့များတွင် ညနေ ၃ နာရီမှ ၁၀ နာရီအထိ တစ်ပင်တိုင်ခြင်းအလုခတ်ခြင်း၊ ဝိုင်းခြင်းခတ်ခြင်းများဖြင့် နဂါးရုံမဟာဗောဓိစေတီတော်ကြီး၏ (၄၈) ကြိမ်မြောက်မသိုးသင်္ကန်းပြိုင်ရက်ပူဇော်ပွဲတွင် ပျော်ရွှင်စွာ ခြင်းခတ်ကစားပူဇော်သွားမည် ဖြစ်သည်။

“မြန်မာ့ရိုးရာခြင်းကစားနည်းပညာမတိမ်ကော မပပျောက်အောင် ထိန်းသိမ်းခြင်းဖြင့် ယခုလို နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင်များ၊ လက်ရွေးစင်အဖွဲ့များ၊ ခြင်းဝါသနာရှင်များကို ဖိတ်ခေါ်၍ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်” ဟု ပွဲဖြစ်မြောက်ရေးစီစဉ်သူ ကိုဝဏ္ဏက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

**နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင်အုပ်စု ကရင်အောင်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့်ဆောင်ရွက်သည့် ကျေးရွာလျှပ်စစ် မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ကရင်အောင်းကျေးရွာ လျှပ်စစ်ထရန်စဖော်မာရှေ့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြကိုတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

တင်ထွန်းတာ(တပ်ကုန်း)



# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်း၏ အသက်(၈၀)နှင့်အထက်ဝန်ထမ်းဟောင်းများအား ဂါရဝလက်ဆောင်ပေးအပ်ခြင်းနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ စတူဒီယို (A) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ဝန်ထမ်းဟောင်းများ အခမဲ့ ပါဝင်တက်ရောက်နိုင်ကြပြီး သက်ကြီးဝန်ထမ်းဟောင်း ၂၉ ဦးအား ဂါရဝလက်ဆောင်နှင့် အသင်းရန်ပုံငွေအတွက် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုပါက ဦးမြင့်အောင် (ဥက္ကဋ္ဌ) ဖုန်း ၀၉- ၅၁၉၆၇၄၄၊ ဦးစိုးမြင့်( ဒုဥက္ကဋ္ဌ-၂) ဖုန်း ၀၉- ၄၂၀၇၀၂၇၉၇၊ ဒေါ်ခင်မာလာထွန်း (ဘဏ္ဍာရေးမှူး) ဖုန်း ၀၉- ၄၄၄၈၂၁၉၈၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

*စာမျက်နှာ ၂၀ မှ*
Dr. Stephan Paul Jost ။ ။အခုလို အရေးကြီးတဲ့ မေးခွန်း ကို မေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာဟာ ကမ္ဘာတစ်ဝန်း နိုင်ငံ တော်တော်များများမှာ ဖြစ်ပွားလျက်ရှိပါတယ်။ ဆင်းရဲတဲ့နိုင်ငံဖြစ်စေ၊ ချမ်းသာတဲ့နိုင်ငံဖြစ်စေ၊ နိုင်ငံအကြီးကြီးဖြစ်စေ၊ နိုင်ငံသေးသေးဖြစ်စေ ဖြစ်ပွားနေပါတယ်။ ဒါဟာတကယ့်ကို ကြီးမားတဲ့ ပြဿနာပါပဲ။ ဘာကြောင့်လဲဆိုရင် ဒီပြဿနာဟာ ကျွန်တော်တို့ရဲ့ကူးစက်ရောဂါတွေကို ပျောက်ကင်းအောင် ကုပေးနိုင်တဲ့ ဆေးပညာအစွမ်းတွေကို လျော့နည်းသွားစေလို့ပါပဲ။ ဒီပြဿနာဟာ နေရာမရွေးလည်းဖြစ်ပွားနိုင်ပါတယ်။ ပါမောက္ခ ဒေါက်တာဌေးဌေးတင် ပြောသလို ဆေးရုံတွေမှာလည်းဖြစ်ပွားနိုင်ပါတယ်။

ပဋိဇီဝဆေးတွေကို ယဉ်ပါးလာတဲ့ ဆေးရုံက တစ်ဆင့် ကူးစက်တဲ့ရောဂါတွေဟာ အခုဆိုရင် ကမ္ဘာမှာ ပေါ်ပေါက်နေပါပြီ။ ဆေးရုံမှာတင်မက တခြားနေရာတွေမှာပါ ဖြစ်ပွားနေတာတွေ့ရပါတယ်။ ပဋိဇီဝဆေးတွေကို မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲခြင်းဟာ ဒီပြဿနာရဲ့အဓိကအကြောင်းအရာဖြစ်ပါတယ်။ အရေးကြီးတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတွေကို စောင့်ရှောက်ပေးနိုင်တဲ့ ကျွန်တော်တို့ရဲ့ စွမ်းရည်တွေကိုလည်း လျော့နည်းလာစေပါတယ်။ ဥပမာ တီဘီရောဂါလိုမျိုး။ ဆေးယဉ်ပါးတီဘီရောဂါပေါ်ပေါက်လာတာကို ကျွန်တော်တို့အားလုံးသိကြပါတယ်။ ပြင်းထန်ဆေးယဉ်ပါးတီဘီရောဂါဟာဆိုရင်လည်း ဒီပဋိဇီဝဆေးယဉ်ပါးမှုရဲ့ အကျိုးဆက်ပဲ ဖြစ်ပါတယ်။ ဒီလို တီဘီရောဂါမျိုးဟာ ကုသရတာ ခက်ခဲပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ဒီအပိုင်းမှာ အောင်မြင်အောင်လုပ်ဆောင်နိုင်တာနည်းပါးသေးတယ်။ ဒါကြောင့် လူရော၊ တိရစ္ဆာန်မှာပါ ပဋိဇီဝဆေးတွေ အလွန်အကျွံသုံးစွဲမှုကို တားမြစ်ဖို့ အရေးကြီးပါတယ်။ အမှန်တကယ်လိုအပ်မှပဲ ပဋိဇီဝဆေးကိုသုံးစွဲတာမျိုးဖြစ်အောင် သေသေချာချာ လုပ်ရပါမယ်။ ဘာကြောင့်လဲဆိုရင် လူတွေကိုရောဂါပျောက်ကင်းအောင် ကုပေးနိုင်တဲ့ ကျွန်တော်တို့ရဲ့အစွမ်းပညာတွေကို ထိန်းသိမ်းဖို့အရေးကြီးလို့ပဲ ဖြစ်ပါတယ်။

ပဋိဇီဝဆေးတွေကို သေသေချာချာ စနစ်တကျ သုံးစွဲပါမှလည်း ဒီလိုမျိုး ကျွန်တော်တို့ရဲ့ရောဂါကုသနိုင်စွမ်းရည်တွေကို ထိန်းသိမ်းနိုင်မှာပါ။ တကယ်လိုအပ်မှ သုံးတာမျိုး၊ ပဋိဇီဝဆေးကို ဆေးပတ်လည်အောင်သောက်တာမျိုး၊ ရောဂါပိုး မကူးအောင် လွယ်ကူရိုးရှင်းတဲ့ နည်းလမ်းတွေကို လိုက်နာတာမျိုး ဥပမာ-လက်ကို ဆပ်ပြာ၊ ရေနဲ့ မကြာခဏဆေးတာမျိုး။ လူတိုင်းလုပ်နိုင်တဲ့ လွယ်ကူရိုးရှင်းတဲ့ နည်းလမ်းတွေ လုပ်ဆောင်တာမျိုးတွေကို လုပ်ရမှာပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေတဲ့ ဒီစာအုပ်ဟာ အလွန်ကောင်းပါတယ်။ ဒီစာအုပ်ထဲမှာ ရိုးရှင်းတဲ့ ဘာသာစကားနဲ့ ရေးသားထားပါတယ်။ နယ်ပယ်ကဏ္ဍစုံက ပညာရှင်တွေရော၊ ပြည်သူလူထုတစ်ဦးချင်းစီရော ပဋိဇီဝဆေးယဉ်ပါးမှုကို ကာကွယ်တားဆီးနိုင်ဖို့ ဘာတွေလုပ်နိုင်သလဲဆိုတာတွေကို ဖော်ပြထားပါတယ်။ ဥပမာ- သူနာပြုဆရာမ၊ သွားဆရာဝန်၊ ဆေးဝါးပညာရှင်၊ သားဖွားဆရာမတွေ ဘာလုပ်နိုင်သလဲ ဆိုတာမျိုးပါ။ ဒီနည်းလမ်းတွေဟာ ပဋိဇီဝဆေး အသိပေးရက်သတ္တပတ်တင်မကဘဲ ကျွန်တော်တို့ရဲ့ နိစ္စဓူဝအလုပ်တွေမှာလည်း ထည့်သွင်းလုပ်ဆောင်နိုင်ပါတယ်။ ဒါဆိုရင် ပဋိဇီဝဆေးယဉ်ပါးမှုကို ကာကွယ်နိုင်ပြီး လူတွေကို ကူးစက်ရောဂါတွေ ပျောက်ကင်းအောင် ဆက်လက်ကုသပေးနိုင်သွားမှာပါ။

**သတင်း-ဝင်းမီမီဖြိုး၊ ဓာတ်ပုံ-လှမိုး၊** *(ဆက်လက်ဖော်ပြပါမည်)*

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်း လက်ပန်လှ-စဉ့်ကူးလမ်းကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**စဉ့်ကူး နိုဝင်ဘာ ၁၃**
အရှည် ၃၅ မိုင် အကျယ် ၂၄ ပေရှိ လက်ပန်လှ-ဖော့တော မဟာဗျူဟာလမ်းမကြီးနှင့် အရှည် ၅ ဒသမ ၄ မိုင် အကျယ် ၁၈ ပေရှိ လက်ပန်လှ-စဉ့်ကူးလမ်းပိုင်းတို့တွင် နိုင်လွန်းကတ္တရာခင်း အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများကို ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီက (B.O.T)စနစ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများအားလုံး ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ တာဝန်ရှိသူထံမှ သိရသည်။

ယခုအခါ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် စဉ့်ကူးမြို့နယ် ရွာတော်လေးကျေးရွာ ၄၅ ဒသမ ၃ မိုင်မှ နတ်တောင်ကျေးရွာ ၅၁ ဒသမ ၃ မိုင်အထိ အရှည် ခြောက်မိုင်လမ်းပိုင်းတွင် ၃ ဒသမ ၄ မိုင်ကို နိုင်လွန်ကတ္တရာခင်း ပြီးစီးနေပြီး အရှည် ၅ ဒသမ ၄ မိုင် အကျယ် ၁၈ ပေရှိ လက်ပန်လှ - စဉ့်ကူးလမ်းပိုင်းတွင် အရှည် ၁ ဒသမ ၄ မိုင်၌ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာများ ခင်းကျင်းပြီးစီးနေပြီဖြစ်သည်။

"ကျွန်တော်တို့လေလံအောင်တဲ့ လက်ပန်လှ-ဖော့တော လမ်းပိုင်းအရှည် ၃ မိုင်ကို ၂၀၂၀ ပြည့်နှစ်မှာ အပြီးဆောင်ရွက်သွားမှာပါ။ အခု အရှည် ၅ ဒသမ ၄ မိုင်ရှိ လက်ပန်လှ-စဉ့်ကူးလမ်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ဘဏ္ဍာနှစ်ကုန်ပိုင်းလောက်မှာပဲ အရှည် ၆ မိုင် ရွာတော်လေး-နတ်တောင် လမ်းပိုင်း ပြီးစီးမှာပါ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ လမ်းများကို ရေရှည်ခိုင်ခန့်အောင်နဲ့ နောက်လှည့်မကြည့်ရအောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာပါ။ ဒေသဆိုင်ရာတာဝန်ရှိသူများနဲ့ ပြည်သူများကလည်း လမ်းအရှည်အသွေး နိမ့်ကျမသွားအောင်နဲ့ ရေရှည်တည်တံ့အောင် လမ်းစည်းကမ်းဥပဒေများကို လေးစားလိုက်နာ ထိန်းသိမ်းဆောင်ရွက်ကြဖို့ ပါဝင်ကူညီကြဖို့ လိုအပ်ပါတယ်"ဟု ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးစန်းမင်းမောင်က ပြောသည်။

မင်းဇော်ဦး (ပြန်/ဆက်)



# ငါ့သရောက်မြို့မှ ကမ္ဘာ့ဇီးရင်းကြိုးပြင်ကာကွယ်တော ဧက ၅၀၀၀ ကို ထိန်းသိမ်းကာကွယ်သွားရန် စီစဉ်နေ

**ငါ့သရောက် နိုဝင်ဘာ ၁၃**
အပူပိုင်းဒေသ စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝသစ်တောပြုန်းတီးမှုများကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အခြေအနေများကို လျော့ချသွားနိုင်ရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ကမ္ဘကျေးရွာအနီးတွင်ရှိသည့် ကမ္ဘာ့ဇီးရင်းကြိုးပြင်ကာကွယ်တော ဧက ၅၀၀၀ ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ရန် ငါ့သရောက်မြို့သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါ့သရောက်မြို့ သစ်တောဦးစီးဌာနမှ တာဝန်ခံ ဦးကျော်လင်းက "ငါ့သရောက်မြို့ကမ္ဘကျေးရွာအနီးမှာ ကမ္ဘာ့ဇီးရင်းကြိုးပြင်ကာကွယ်တော ဧက ၅၀၀၀ ကို ထိန်းသိမ်းကာကွယ်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဧက ၅၀၀၀ ကြိုးပြင်ကာကွယ်တော ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မယ့် မြေနေရာကို ဧက ၂၀၀၀၊ ၂၀၀၀၊ ၁၀၀၀ ရွေးချယ်ပြီး နေရာသုံးနေရာခွဲပြီး ကာကွယ်ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ လတ်တလောအနေနဲ့ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်ဆွေ(ညွှန်ကြားရေးမှူး)ရဲ့ဦးဆောင်မှုနဲ့ ညောင်ဦးခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဗဟိန်း၊ ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဇော်နိုင်နဲ့ ငါ့သရောက်မြို့ သစ်တောဦးစီးဌာနမှ ကျွန်တော်တို့ဝန်ထမ်းတွေ လိုက်ပါပြီး ဒေသခံကျေးလက်နေပြည်သူတွေကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပြင်ကာကွယ်တောတွေ ဖွဲ့စည်းတည်ထောင်ထားရှိဖို့ အသိပညာပေး စည်းရုံးဆွေးနွေးဟောပြောမှုတွေ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဧက ၅၀၀၀ ကမ္ဘာ့ဇီးရင်း ကြိုးပြင်ကာကွယ်တောထိန်းသိမ်းရန် လျာထားတဲ့ သတ်မှတ်ဧရိယာထဲမှာ ပါဝင်နေတဲ့ လယ်ယာမြေတွေကို စာရင်းအတိအကျကောက်ယူပြီး ဒေသခံ ကျေးလက်နေပြည်သူတွေ သီးနှံစိုက်ပျိုးရန်အတွက် ဖယ်ပေးထားနိုင်ဖို့ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုတွေလည်း ဆောင်ရွက်ပြီးစီးသွားပါပြီ။ ဒါကြောင့် ဒေသခံတွေဘက်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းထားရှိဖို့ သဘောတူတယ်ဆိုရင် ကျွန်တော်တို့ သစ်တောဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# မအူပင်အကျဉ်းထောင်ကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး စစ်ဆေး

**မအူပင် နိုဝင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးညွန့်ဦးဆောင်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားရေးဦးစီးမှူး ဦးထိန်မင်း၊ ရုံးအဖွဲ့မှူး ဦးဇေယျာတင်ညိုတို့ ပါဝင်သောအဖွဲ့သည် မအူပင်မြို့ရှိ မအူပင်အကျဉ်းထောင်ကို နိုဝင်ဘာ ၁၂ ရက်က သွားရောက်စစ်ဆေးခဲ့သည်။



တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့အား မအူပင်ခရိုင်တရားသူကြီး ဒေါ်ညွန့်ညွန့်ဝင်း၊ မြို့နယ်တရားသူကြီး ဒေါ်သင်းသင်းဇော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဘဝင်း၊ မြို့မစခန်းမှူး ဒုရဲမှူးဝင်းဇော်မိုး၊ မအူပင်အကျဉ်းထောင်တာဝန်ခံ ဦးကျော်သူနှင့် တာဝန်ရှိသူများက အကျဉ်းထောင်တွင် ပြစ်မှုပြစ်ဒဏ်အရ အချုပ်နှင့် အကျဉ်းကျနေသူများအား သတ်မှတ်စည်းကမ်းနှင့်အညီ ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီးနောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများက အချုပ်နှင့် ပြစ်ဒဏ်ကျ အကျဉ်းသားများအား တွေ့ဆုံကာ ပြစ်ဒဏ်ကျစဉ်ကာလအတွင်း မတရားနှိပ်စက်ညှဉ်းပန်းမှု ရှိ/မရှိ၊ အနေအထိုင်သန့်ရှင်းမှု ရှိ/မရှိ၊ သောက်သုံးရေ၊ ချိုးရေ၊ နေ့စဉ်စားသောက်မှု အဆင်ပြေမှု ရှိ/မရှိ၊ ကျန်းမာရေးစောင့်ရှောက်ရေးဆောင်ရွက်ပေးမှုများ ရှိ/မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ တောင်သူလက်ဝယ်အရောက်ထုတ်ပေး

**မိုးနဲ နိုဝင်ဘာ ၁၃**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စုမှ စိုက်ပျိုးမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ဒေသခံတောင်သူများလက်ဝယ်သို့ ပေးအပ်ပွဲကို နားခံကျေးရွာ ကျောင်းကုန်းပရိယတ္တိဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ပုံစံ(၇)များပေးအပ်ပွဲတွင် မိုးနဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်မောင်က တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ကိုင်ရာတွင် ပုံစံ(၇)တွင် ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့် သိသင့်သိထိုက်သည်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မိုးနဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုမြင့်ကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ဒေသခံတောင်သူ ၁၂၀ ထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ဒေးဒရဲမြို့နယ်၌ ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၁၃**
ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဆရာ ဆရာမများအတွက် (Advanced Computer Training) မြို့နယ်အဆင့်သင်တန်းဆင်းပွဲကို မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ဦး(ပူးတွဲတာဝန်)ခံက အမှာစကားပြောကြားပြီး သင်တန်းသားတစ်ဦးဖြစ်သည့် ရောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးစိုးသီဟအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ Advanced Computer Training မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ဆရာ ဆရာမ ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမျိုးသားနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ မြောင်းမြမြို့၌ကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၉၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်က မြောင်းမြမြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ရာ ဆရာ ဆရာမများ ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆရာ ပန်းတောင်းသန်းကြွယ် ရေးစပ်သော အမျိုးသားနေ့တို့မမေ့ ကဗျာကို မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား နိုဝင်ဘာ ၁၅ ရက်တွင်ကျင်းပမည့် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စာပေဖတ်ရှုမှုတိုးတက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရန်နှင့် အပြောစွမ်းရည်တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စန္ဒာမိုးက ပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၃**
ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့များပူးပေါင်း၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများ၊ သတင်းမီဒီယာသမားများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်းခေါင်းဆောင်နှင့်အဖွဲ့ဝင်များက စာရေးဆရာတင်မောင်မြင့် ရေးသားသော 'အချစ်များစွာနဲ့ပါဆရာ' စာအုပ်ကို ဦးတည်ပြီး ဆွေးနွေးရမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်းတက်ရောက်လာသူများက 'အချစ်များစွာနဲ့ပါဆရာ' စာအုပ်မှ သိမှတ်ဖွယ်ရာများကို ကောက်နုတ်၍ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့် စာဖတ်သူများက မိမိတို့ မှတ်သားလေ့လာတွေ့ရှိချက်များမှ ရရှိသော စာပေအသိအမြင်၊ အတွေးအခေါ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

# ဆယ်လ်ဖီ ဆွဲသင့်/မဆွဲသင့်

**မောင်သောင်းဝင်း(တမန်ဟောင်း)**



မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရား၊ စေတီများပေါ်တွင် ကမ္ဘာလှည့်ခရီးသွားများကို ယခင်ကထက်ပို၍ တွေ့မြင်လာရသည်။ တိုင်းပြည်အေးချမ်းခြင်း၊ ခရီးသွားလုပ်ငန်း တိုးတက်လာခြင်း၏ ပြယုဂ်များပင်ဖြစ်သည်။ အချို့သော ကမ္ဘာလှည့်ခရီးသွားများ၊ အထူးသဖြင့် လူငယ်များ၏ လက်ထဲတွင် ဆယ်လ်ဖီတုတ်တံတပ်ထားသော စမတ်ဖုန်းလေးများ ပါလာတတ်သည်။ မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားများ၊ အထင်ကရနေရာများ၊ အဆောက်အအုံများကို နောက်ခံထား၍ ဓာတ်ပုံရိုက်ကြခြင်းဖြစ်သည်။ သို့သော် ကမ္ဘာတစ်ဝန်း၌ အန္တရာယ်ရှိသည့်နေရာများတွင် မဆင်မခြင် ဆယ်လ်ဖီဆွဲသဖြင့် အသက်စွန့်လွှတ်ခဲ့ရသည့် လူအရေအတွက်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ၂၅၉ ဦး အထိရှိခဲ့သည်ဟုဆိုသည်။ သို့ဖြစ်ရာ မြန်မာလူငယ်များလည်း ဆယ်လ်ဖီဆွဲခြင်းနှင့်ပတ်သက်၍ ဆင်ခြင်သင့်သည်များကို ဆင်ခြင်သွားသင့်ပါသည်။

**ဆယ်လ်ဖီ (Selfie) ဆိုသည်မှာ**

လူတစ်ဦးသည် စမတ်ဖုန်းတစ်လုံးဖြင့် မိမိကိုယ်ကို ဓာတ်ပုံရိုက်ခြင်းကို ဆယ်ဖီ(Selfie)ဆွဲခြင်းဟု ခေါ်ဆိုသည်။ ထိုသို့ ဓာတ်ပုံရိုက်ရာတွင် ဖုန်းကို ကိုယ်တိုင် လက်ဖြင့်ကိုင်၍သော်လည်းကောင်း၊ ဆယ်လ်ဖီတုတ်တံဖြင့်သော်လည်းကောင်း ရိုက်ကူးလေ့ရှိကြသည်။ ထိုသို့ရိုက်ကူးထားသည့် ဓာတ်ပုံကို လူမှုကွန်ရက်သို့တင်ကာ သူငယ်ချင်းများထံသို့ မျှဝေလေ့ရှိကြသည်။ အထူးသဖြင့် မရောက်ဖူးသည့် အထင်ကရနေရာများကို နောက်ခံထား၍ အမှတ်တရဆယ်လ်ဖီဆွဲလေ့ရှိကြသည်။

သို့သော် မြန်မာလူငယ်အများစုသည် ကြွားဝါဖို့ သက်သက်လောက်သာ ဆယ်လ်ဖီဆွဲလေ့ရှိကြသည်ဟု ဆိုချင်သည်။ အချို့သောလူများသည် မိမိ၏ ပိုင်ဆိုင်မှုပစ္စည်းများ၊ ဥပမာ နောက်ဆုံးပေါ် ဇိမ်ခံကား၊ လုံးချင်းအိမ်၊ ကွန်ဒိုတိုက်ခန်းများကို နောက်ခံထား၍ ဆယ်လ်ဖီဆွဲလေ့ရှိကြသည်။ နိုင်ငံခြားခရီးစဉ်များတွင် ဟိုတယ်၊ ရှော့ပင်းမောနှင့် စားသောက်ဆိုင်များကို နောက်ခံထား၍လည်း ဆယ်လ်ဖီဆွဲလေ့ရှိကြသည်။

အချို့ကမူ မိုးလင်းမှ မိုးချုပ် လုပ်သမျှအလုပ်တွေကို ဆယ်လ်ဖီဆွဲ၍ လူမှုကွန်ရက်ပေါ် တင်နေကြသည်ကိုလည်း တွေ့နေရသည်။ မျက်နှာသစ်ပြီး၊ နံနက်စာစားပြီး၊ ဈေးဝယ်သွားပြီး၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး၊ ရုပ်ရှင်ကြည့်ပြီး၊ အိပ်ယာဝင်ပြီစသည်ဖြင့် တစ်ချိန်လုံးဆယ်လ်ဖီဆွဲကာ ဖေ့စ်ဘုတ်ပေါ် တင်နေကြသည်။ အလုပ်အကိုင် မယ်မယ်ရရ မရှိကြသူများပင် ဖြစ်လေမလားဟု တစ်ခါတစ်ရံ တွေးမိသည်။ မိမိ၏ ဖေ့စ်ဘုတ်သူငယ်ချင်းများထဲတွင် ထိုသူမျိုးရှိနေမည်ဆိုလျှင် များစွာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ခပ်မြန်မြန် Block လုပ်ပစ်ရပါသည်။

**ဆယ်လ်ဖီဆွဲရာတွင်**

လူအများစုသည် အန္တရာယ်ရှိသောနေရာများတွင် ဆယ်လ်ဖီဆွဲရာမှ အသက်စွန့်လွှတ်ခဲ့ရသည့် သာဓက များစွာ ရှိနေပါသည်။ အန္တရာယ်ရှိသောနေရာများတွင် ဆယ်လ်ဖီဆွဲသောကြောင့် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူ ၄၃ ဦးခန့် အသက်ဆုံးရှုံးရလျက်ရှိသည်ဟု သိရသည်။ သေဆုံးသူ ၁၀ ဦးတွင် အမျိုးသားဦးရေက ခုနစ်ဦးခန့် ဖြစ်နေပြီး သေဆုံးသူများ၏ ထက်ဝက်ခန့်သည် အသက် ၂၀ မှ ၂၉ နှစ်ကြားအရွယ်များဖြစ်ကြသည်ဟု သိရသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ဆယ်လ်ဖီဆွဲသောကြောင့် သေဆုံးသူ ၂၅၉ ဦးကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် ရေနစ်မှုကြောင့်သေဆုံးသူ ၇၀ ဦး၊ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၅၁ ဦး၊ ယာဉ်ပေါ်မှပြုတ်ကျမှုကြောင့်သေဆုံးသူ ၄၈ ဦး၊ အီလက်ထရောနစ်ကြောင့် သေဆုံးသူ ၁၆ ဦး၊ သေနတ်ကြောင့်သေဆုံးသူ ၁၁ ဦးနှင့် သားရဲတိရစ္ဆာန်များကြောင့် သေဆုံးသူ ၈ ဦးအထိ အသီးသီးရှိခဲ့သည်။ တန်ဖိုးရှိသော အသက်များ အဓိပ္ပာယ်မဲ့စွာ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုရပါမည်။

**မည်သည့်အချိန်မှာ ဆယ်လ်ဖီဆွဲမလဲ**

လူတစ်ဦးသည် နေရာတိုင်း၊ အချိန်တိုင်းတွင် ဆယ်လ်ဖီမဆွဲသင့်ပေ။ အထင်ကရပုဂ္ဂိုလ်များ၊ နိုင်ငံ့ခေါင်းဆောင်များ၊ နာမည်ကြီးအနုပညာရှင်များနှင့် တွေ့သည့်အခါမျိုးတွင်မူ ခွင့်ပြုချက်ရရှိပါက ဆယ်လ်ဖီဆွဲသင့်ပါသည်။ သို့ရာတွင် အရေးကြီးဆုံးအချက်သည် ကာယကံရှင်၏ခွင့်ပြုချက်ယူရန် ဖြစ်ပါသည်။ မိမိဆယ်လ်ဖီဆွဲသောကြောင့် တခြားသူ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်သင့်ပေ။ လူတစ်ဦး၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို အနှောင့်အယှက်မပေးသင့်ပေ။

မရောက်ဖူးသောနေရာဒေသများ၊ အထင်ကရ အဆောက်အအုံများ၊ အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများတွင်လည်း ဆယ်လ်ဖီဆွဲသင့်ပါသည်။ သာဓကအနေဖြင့် ဘွဲ့ယူသည့် အခမ်းအနားများတွင် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ဆယ်လ်ဖီဆွဲမည်ဆိုလျှင် ဘေးကင်းလုံခြုံမှုလည်းရှိပါသည်။ ဘုရားစေတီပုထိုးများ၊ ပန်းဥယျာဉ်များတွင်လည်း မိသားစုလိုက် အမှတ်တရ ဆယ်လ်ဖီဆွဲမည်ဆိုလျှင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာကောင်းပါသည်။

**ဆယ်လ်ဖီမဆွဲသင့်သော နေရာများ**

လူသားတို့သည် စတန့်ထွင်လိုကြသည်။ ထိုသို့ စတန့်ထွင်မှုကြောင့် သေကျေ ထိခိုက်ဒဏ်ရာရရှိမှုများစွာ ရှိနေပါသည်။ ထို့ကြောင့် မြင့်မားမတ်စောက်သော ရေတံခွန်များ၊ မြစ်ကမ်းပါးများ၊ ကျောက်ဆောင်များ၊ တောင်ထိပ် တောင်စွန်းများ၊ မျှော်စင်များ၊ ပင်လယ်ရေအောက်သမုဒ္ဒရာများ၊ လျှပ်စစ်ဓာတ်အားလွှတ်ထားသော ထရန်စဖော်မာများနှင့် သားရဲတိရစ္ဆာန်များကို နောက်ခံထား၍ ဆယ်လ်ဖီမဆွဲသင့်ပေ။ အသက်အန္တရာယ် ရှိနိုင်ပေသည်။ ထို့အပြင် လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများ၊ ဘုရားဝတ်ပြုသည့်နေရာများ၊ ရှေးဟောင်းပြတိုက်များ၊ အောက်မေ့ဖွယ်အထိမ်းအမှတ်နေရာများ၊ ဆရာဝန်နှင့်တွေ့ရန်စောင့်ဆိုင်းနေသည့် အခန်းများ၊ လူနာအခန်းများနှင့် အသုဘအခမ်းအနားများတွင်လည်း လူမှုကျင့်ဝတ်အရ ဆယ်လ်ဖီမဆွဲသင့်ပေ။

အလားတူ ယာဉ်မောင်းစွမ်းရည် စမ်းသပ်နေစဉ်၊ အလုပ်အတွက် လူတွေ့စစ်ဆေးခံနေစဉ်၊ ရုံးထိုင် ကြားနာစစ်ဆေးနေစဉ်၊ လျှို့ဝှက်အစည်းအဝေးထိုင်နေစဉ်၊ ရေချိုးခန်းထဲ ရောက်ရှိနေစဉ်၊ ဘွဲ့သို့မဟုတ် ဒီပလိုမာလက်မှတ်ယူဖို့ စင်မြင့်ပေါ်သို့ တက်ရောက်နေစဉ်နှင့် ဆရာဝန်နှင့်ပြသနေသည့် အချိန်များတွင်လည်း ဆယ်လ်ဖီမဆွဲသင့်ပေ။

**ဆယ်ဖီမဆွဲရဇုန်များ သတ်မှတ်ထားသင့်**

အချို့သောလူငယ်များသည် ဆယ်ဖီဆွဲရန် သင့်/မသင့်ကို ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းအား နည်းလှသည်ဟု ဆိုချင်ပါသည်။ လတ်တလော လုပ်ချင်သည့်အရာကိုသာ လုပ်တတ်ကြသည်။ နောက်ဆက်တွဲဆိုးကျိုးကို မတွေးမိတတ်ပေ။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အန္တရာယ်ရှိသည့်နေရာများ၊ လူမှုကျင့်ဝတ်အရ ဆယ်လ်ဖီဆွဲရန်မသင့်သည့် နေရာများကို ဆယ်လ်ဖီမဆွဲရဇုန်အဖြစ် သတ်မှတ်ထားသင့်ပါသည်။ ထိုသို့ ဆောင်ရွက်ထားမည်ဆိုလျှင် ဆယ်လ်ဖီဆွဲခြင်းကြောင့် မတော်တဆဖြစ်ရမည့် အသက်ဘေးအန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သလို အခြားသူများကိုလည်း အနှောင့်အယှက်ပေးသလို ဖြစ်တော့မည်မဟုတ်ချေ။

**ဆယ်လ်ဖီ၏ ဘေးထွက်ဆိုးကျိုးများ**

လူအမျိုးမျိုးစိတ်အထွေထွေဆိုသလို လူတစ်ဦးနှင့် တစ်ဦးသည် ဝါသနာတူညီနိုင်မည်မဟုတ်ချေ။ သို့သော် မိမိ၏ဝါသနာသည် တခြားသူကို အနှောင့်အယှက်မဖြစ်ဖို့တော့ လိုပါသည်။ လက်ရှိအချိန်တွင် လူငယ်များသည် ဆယ်လ်ဖီဆွဲ၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် အပြိုင်လိုပင် တင်လေ့ရှိကြသည်။

ထိုသို့ ဆယ်လ်ဖီဆွဲရာတွင် အသက်အန္တရာယ်မရှိသည့် နေရာများ၊ ခွင့်ပြုထားသည့်နေရာမျိုးတွင်သာ ဖြစ်သင့်ပါသည်။ ကန့်သတ်နယ်မြေများတွင် ဆယ်လ်ဖီဆွဲမည်ဆိုလျှင် ဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။ အန္တရာယ်ရှိသော နေရာများတွင် ဆယ်လ်ဖီဆွဲမည်ဆိုလျှင် အသက်ကိုပင် ပေးဆပ်သွားရနိုင်သည်ကို သတိပြုသင့်ကြပါသည်။

ဖြစ်သင့်သည်မှာ မိမိမရောက်ဖူးသည့် အထင်ကရနေရာများကို ရောက်ရှိလျှင်၊ ထင်ရှားသည့်ပုဂ္ဂိုလ်များ၊ အနုပညာရှင်များကို တွေ့ရှိလျှင် ခွင့်ပြုချက်ယူပြီး ဆယ်လ်ဖီဆွဲသင့်ပါသည်။ သို့သော် မိမိ၏ဓာတ်ပုံများကို လူမှုကွန်ရက်ပေါ်သို့ တင်လိုက်သည်နှင့် လုံခြုံမှု ပေါက်ကြားသွားပြီဖြစ်သည်။ မိမိတို့၏ ပုံများကို အခြားသူများက အလွယ်တကူရယူ၍ ငွေကြေးလိမ်လည်မှုများအပါအဝင် အလွဲသုံးစားမှုများ ပြုလုပ်နိုင်ချေရှိသွားပြီဖြစ်သည်။ ထို့ကြောင့် ဘေးထွက်ဆိုးကျိုးများသော ဆယ်လ်ဖီဆွဲခြင်းနှင့် လူမှုကွန်ရက်ပေါ်တင်ခြင်းကို ချင့်ချိန်၍သာ ပြုလုပ်သွားကြစေလိုကြောင်း အကြံပြုတိုက်တွန်းလိုက်ပါရစေ။ ။

**“လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများ၊ ဘုရားဝတ်ပြုသည့်နေရာများ၊ ရှေးဟောင်းပြတိုက်များ၊ အောက်မေ့ဖွယ်အထိမ်းအမှတ်နေရာများ၊ ဆရာဝန်နှင့်တွေ့ရန်စောင့်ဆိုင်းနေသည့် အခန်းများ၊ လူနာအခန်းများနှင့် အသုဘအခမ်းအနားများတွင်လည်း လူမှုကျင့်ဝတ်အရ ဆယ်လ်ဖီမဆွဲသင့်ပေ။ အလားတူ ယာဉ်မောင်းစွမ်းရည် စမ်းသပ်နေစဉ်၊ အလုပ်အတွက် လူတွေ့စစ်ဆေးခံနေစဉ်၊ ရုံးထိုင် ကြားနာစစ်ဆေးနေစဉ်၊ လျှို့ဝှက်အစည်းအဝေးထိုင်နေစဉ်၊ ရေချိုးခန်းထဲ ရောက်ရှိနေစဉ်၊ ဘွဲ့ သို့မဟုတ် ဒီပလိုမာလက်မှတ်ယူဖို့ စင်မြင့်ပေါ်သို့ တက်ရောက်နေစဉ်နှင့် ဆရာဝန်နှင့်ပြသနေသည့် အချိန်များတွင်လည်း ဆယ်လ်ဖီမဆွဲသင့်ပေ”**

## အမျိုးသားနေ့အထိမ်းအမှတ်ဟောပြောပွဲ လှိုင်းဘွဲမြို့နယ်၌ ကျင်းပ

**လှိုင်းဘွဲ့ နိုဝင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကွမ်တာကျေးရွာအုပ်စု ကုန်းကလေးကျေးရွာ အမက ကျောင်းမှ ကျောင်းသား ကျောင်းသူများအနေဖြင့် နေ့ထူးနေ့မြတ်များမှ မမေ့သင့် မမေ့အပ်သော နေ့တစ်နေ့ဖြစ်သည့် အမျိုးသားနေ့ကို အမြဲအမှတ်ရနေစေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျရောက်မည့် (၉၇)နှစ်မြောက် အမျိုးသားနေ့ အကြိုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်မှ ဦးမျိုးကိုကိုက အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး လူငယ်များ စာဖတ်ရှုနိုင်တိုးတက်မြင့်မားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းတို့ကိုလည်း ဟောပြောခဲ့ကာ အသိပညာပေး စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံများ ပြသခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## စဉ်ဆက်မပြတ် သူနာပြုနှင့် သားဖွားပညာရေးဆိုင်ရာများ ပြင်ဦးလွင်မြို့၌ ဟောပြောဆွေးနွေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်းနှင့် ပြင်ဦးလွင်ခရိုင် သူနာပြုနှင့် သားဖွားအသင်းတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် သူနာပြု/သားဖွား ပညာရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရောဝတီခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပရာ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သူနာပြုနှင့် သားဖွားဆရာမများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပညာရေးဟောပြောဆွေးနွေးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မန္တလေးတိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်းနှင့် ပြင်ဦးလွင်ခရိုင် သူနာပြုနှင့် သားဖွားအသင်းတို့မှ တာဝန်ရှိသူများက Code of Ethics and Nursing-Midwifery Professional ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Shorter MDR-TB Treatment Regimen ခေါင်းစဉ်ဖြင့်လည်းကောင်း သူနာပြုနှင့် သားဖွား ပညာရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး တိုးချဲ့ဇရိယာတွင် ငါးဖမ်းဆီးမှုအခြေအနေများစောင့်ကြည့်



**နေပြည်တော် နိုဝင်ဘာ ၁၃**

ထီးချိုင့်-ကသာ-ရွှေကူမြစ်ပိုင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး တိုးချဲ့ဇရိယာတွင် ငါးဖမ်းဆီးမှုအခြေအနေများကို စောင့်ကြည့်စစ်ဆေးရန်အတွက် ပုံမှန်ကင်းလှည့်မှုများကို ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးတင့်လွင်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)မှ သိရသည်။

ကင်းလှည့်ခရီးစဉ်တွင် မြစ်ရိုးတစ်လျှောက် ငါးဖမ်းဆီးမှုအခြေအနေများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ဧရာဝတီလင်းပိုင် ကျက်စားသည့်နေရာများကို လေ့လာမှတ်သားခြင်း၊ ဒေသခံများနှင့် တွေ့ဆုံပညာပေးခြင်း၊ တွေ့ရှိရသော ရေပျော်ငှက်မျိုးစိတ်များကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့အပြင် ဝဲကြီးကျေးရွာ၊ မိုးတားကျေးရွာ၊ သံပုရာကျေးရွာနှင့် သပြေလှကျေးရွာများရှိ ရေလုပ်ငန်းနှင့် ငါးဖမ်းကိရိယာများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးကြည့်ရှုပြီး ရေလုပ်သားများအား ပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အလားတူမန္တလေးမှကျောက်မြောင်းအကြား ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း၌လည်း ပူးပေါင်းအဖွဲ့များက နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကင်းလှည့်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက် ညပိုင်းက ဝက်လက်မြို့နယ် သရက်ပင်ကျေးရွာနှင့် သစ္စာရွာဘုရားအကြား တရားမဝင် ရှော့ခ်တိုက်ငါးဖမ်းသည့် လှေတစ်စင်း၊ နိုဝင်ဘာ ၈ ရက်ညက စဉ့်ကူးမြို့နယ် ဘုံသာကုန်းကျေးရွာအနီး၌ တရားမဝင်ရှော့ခ်တိုက်ငါးဖမ်းသည့် လှေတစ်စင်းကို သိမ်းဆည်းရမိပြီး လူများမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းနှင့် အဆိုပါ သိမ်းဆည်းရမိသော လှေနှင့် ပစ္စည်းများကို ရွှေဘိုမြို့နယ်၊ စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် အပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့များအနေဖြင့် စဉ့်ကူးမြို့နယ် မြစ်ကမ်းကြီးကျေးရွာနှင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာတို့ရှိ ရေလုပ်သားများ၊ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများအား ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောမှုများဆောင်ရွက်ပြီး ပညာပေးစာအုပ်များလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

အနှစ်ငါးဆယ် ဦးထိပ်ထား စိန့်လွှရေတာ ကုဋေကုဋာမွာ ပုဂ္ဂိုလ်အပေါင်းဆောင်ရွက်ထား ကန်ကော်လေးမှာ ပေါက်တာတေအား
ကန်ကော်လေး ထီဆိုင်
အမှတ်၈၂၃၊ မဟာဗန္ဓုလလမ်းနှင့်(၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Ph:01 222576, 09 73049804
သက်ရှိထင်ရှားမိဘနှစ်ပါးကို ကောင်းစွာလုပ်ကျွေးပြုစုခြင်းသည် စင်စစ် ~ မြတ်စွာဘုရားကို လှူဒါန်းပူဇော် ဆည်းကပ်ခြင်းနှင့်ပမာတူ၏။
❖ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် အမိအဖတို့၏ ကျေးဇူးနှင့်နှိုင်းချိန်သော် ဝါးရွက်ငယ် ပမာမျှသာရှိပေ၏။
❖ အဆုံးအစမမြင် မဟာသမုဒ္ဒရာကြီးသည်လည်း အမိအဖတို့၏ ကျေးဇူးနှင့် နှိုင်းချိန်သော် မိုးရေစက်ငယ် တစ်စက်မျှပမာသာရှိပေ၏။
❖ ယူဇနာရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်မင်းသည်လည်း အမိအဖတို့၏ကျေးဇူးနှင့် နှိုင်းချိန်သော် နှမ်းချေးပေါက်စေ ပမာခန့်မျှသာ ရှိပေ၏။
❖ အတိုင်းအဆမထင် ကျယ်ပြောလှစွာသော အနန္တစကြဝဠာ တိုက်ကြီးသည်ပင်လျှင် အမိအဖတို့၏ ကျေးဇူးနှင့်နှိုင်းချိန်သော် အပ်နဖားပေါက် အရွယ်ပမာဏမျှသာ ရှိပေ၏ ... ဟု ရှင်တော်မြတ်ဘုရားက မာတုပေါသကသုတ်တွင် ထင်ရှားစွာဟောကြားတော်မူပါသည်။
သို့လျှင်
တင်ပေဖူးလျက်အဆပ်ခက်သည့် ၊ မြင်းမိုရ်ရွှေတောင် မိဘကြွေးကို နေ့ရွေ့ ညရွေ့ တရွေ့ရွေ့နှင့် ၊ နေ့မေ့ညမေ့ တမေ့မေ့နှင့် မေ့ပေါင်းကုဋေကုဋာ များလှပြီ ၊ ကြွေးဟောင်းအသေအချာ ပွားလှပြီ
ထို့ပြင်တဝ
ခုခေတ်ကာလ အထော်များများ လူအချို့ကား ၊ အသိခေါက်ခက်အဝင်နက်၍ မိဘကိုပင် မကျွေးချင် ၊ သေလျှင် ... နောင်တ 'တောက်' ခေါက်ရလိမ့်
ထို့ကြောင့်
ကြွေးဟောင်းတွေလည်း ပြေစေဖို့ ၊ ကြွေးသစ်ကိုလည်း ချွေနိုင်ဖို့ ယခုပင်လျှင် မလွန်ခင်က ၊ အားသွန်လုံ့လ စိုက်ထုတ်ကြလို့ မိအိုဖအို ကျေးဇူးရှင်ကို ၊ သဒ္ဓါကြည်ဖြူ လုပ်ကျွေးကြစို့ ...
"ကန်ကော်လေး" ရဲ့ ချစ်ပရိတ်သတ် ချမ်းသာကြမှာ ဇကန်အမှန်မို့ မြင်းမိုရ်ရွှေတောင် မိဘကြွေးကို ဆပ်ဖြစ်အောင်ကို ဆပ်လိုက်ကြစို့




### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၄၄၂၇ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၀/မဒန(နိုင်) ၁၃၄၁၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ် (၆၈၅၊ ဆားကျင်းကြီးကွင်း၊ ကြာဇံ၊ သားရေ၊ အခြား)ဦးပိုင်အမှတ်၄လမ်း၁၂၊ ဧရိယာ၀ဒသမ၁၁၀ ဧကရှိမြေနှင့်စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ် (၆၈၅၊ ဆားကျင်းကြီးကွင်း၊ ကြာဇံ၊ သားရေ၊ အခြား) ဦးပိုင်အမှတ် ၄လမ်း၁၄၊ ဧရိယာ၀ဒသမ၁၁၀ဧကရှိမြေတို့အား ဦးမျိုးမင်းထက်အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၄)အထက်လမ်းရှိတိုက်အမှတ် (၄၈၀/က)မြေပေါ်တွင်ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်သစ်၏(ပထမထပ်)၊ အကျယ်အဝန်း(၁၈'×၅၄')ရှိသောတိုက်ခန်းတစ်ခန်းနှင့် ၄င်းတိုက်ခန်း၌စွဲကပ်တည်ရှိနေသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်ဝင်းဝင်းနွယ် ၁၂/ဥကတ(နိုင်)၁၁၅၆၅၈ထံမှဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်သူ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၅၈၃၂)**
**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်ပိုင်ဆိုင်သော မော်တော်ယာဉ် Toyota Surf 6E/3848 (SHN) မော်တော်ယာဉ်သည် ကားအုံနာဘုတ်၊ အာမခံစာအုပ်၊ မော်တော်ယာဉ်တံဆိပ်ပိုင်းတို့နှင့်အတူ ၂၃-၁၀-၂၀၁၈ ရက် ညနေ ၃း၃၀နာရီခန့်တွင် ကျွန်တော်နေထိုင်သော နေအိမ်ဝန်းကျင်၌ ပျောက်ဆုံးသွားခဲ့ပါသည်။ ၄င်းမော်တော်ယာဉ်အား တွေ့ရှိပါက ကျေးဇူးပြု၍ အကြောင်းကြားပေးစေလိုပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဦးမောင်လှ ၁၃/လရန(နိုင်)၀၅၇၄၇၀**
**ရပ်ကွက်(၅)၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၂၀၃၉၈၈၃၊ ၀၉-၄၇၃၁၉၄၉၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8269,Mitsubishi Canter FE 63 EG, Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအေး ၁၂/ကခက(နိုင်)၀၆၁၄၀၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာ၊ မြေကွက်အမှတ် ၂၇၊ ဧရိယာ၀ဒသမ၄၄၇ဧကရှိ ဒေါ်နန်းချောကလျာ အမည်ပေါက် နှစ်၃၀ မြေငှားစာချုပ်မြေကွက်အား ဦးထွန်းထွန်းဝင်း (ဘ)ဦးဝုရှောင်ချိန် ၁၃/တကန(နိုင်)၂၄၄၂၈၀၊ ဒေါ်နန်းချောကလျာ၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၉၈၀/၂၀၁၈ရသူမှ ဦးကျော်ထက်ခိုင် (ခ)ကော်လင်း (ဘ) ဦးကျော်ဝေ(ခ)စန်းဝေဟွာ ၉/ခသဇ(နိုင်)၀၁၇၀၇၅နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် ဒေါ်နန်းချောကလျာ အမည်ပေါက်နှစ် ၃၀မြေငှားစာချုပ်၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၂၉၈၀/၂၀၁၈ မူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၁၁၀ဧက၊ မြေကွက်အမှတ် (ဉ-၇၀၀၃) ဦးဝင်းညွှန့် ၉/ပမန(နိုင်)၂၁၁၂၄၁(ဘ)ဦးပြုံးချို အမည်ပေါက် ပါမစ်မြေကွက်ကို ဦးထွန်းလင်းအောင် ၇/ပမန(နိုင်)၀၃၇၄၈၁ (ဘ)ဦးဟန်ထွန်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ နောင်ခရိုရပ်ကွက်၊ အောင်မင်္ဂလာ (၂)ရပ်၊ အမှတ် (၁၄၅)နေ ဒေါ်ခင်ဝင်းတင့်၏သား မောင်ဇော်မြင့်ဦး ၁၀/မဒန(နိုင်)၁၂၇၂၇၄သည် မိဘအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ကိစ္စများကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်- ဒေါ်ခင်ဝင်းတင့်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ချင်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဟားခါးမြို့

၁။ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဟားခါးမြို့၊ ထန်တလန်မြို့၊ ကန်ပက်လက်မြို့၊ ကျီခါးမြို့၊ နာရိန်မြို့၊ ဆမီးမြို့များတွင် အားကစားရုံတည်ဆောက်ခြင်း၊ ဘောလုံးကွင်းများ အဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၁၅-၁၁-၂၀၁၈ ရက်မှစ၍ ချင်းပြည်နယ်အားကစားနှင့် ကာယာပညာဦးစီးဌာနရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူပြီး ၁၅-၁၂-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈**
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော်ဧရိယာအတွင်း ပလက်ဖောင်းကပ်တုံးနှင့် လမ်းလယ်ကျွန်းကပ်တုံးများ ရေဆေးသုတ်ရန်အတွက် လိုအပ်သော ပလတ်စတစ်ရေဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါ အတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | UPG(Unitex) အဖြူရောင် (UE-9000) | ၃၁၀၇ ဂါလန် |
| (ခ) | UPG(Unitex) အနီရောင် (SSUE-9700) | ၃၁၀၅ ဂါလန် |
| (ဂ) | UPG(Unitex) အဝါရောင် (SUE-9200) | ၄၁၉၃ ဂါလန် |
| (ဃ) | UPG(Unitex) အနက်ရောင် (SUE-9900) | ၃၀၂၄ ဂါလန် |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၁၁-၂၀၁၈ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၂၇-၁၁-၂၀၁၈ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် သာမိုပလတ်စတစ်ဆေးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|
| သာမိုပလတ်စတစ်ဆေး | (၁၅၆.၅)တန် |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၈ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၂၇-၁၁-၂၀၁၈ရက်၊ (၁၆း၀၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေဖြင့် လမ်းမီးဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | 120 W LED Spare Part (LED Module, Driver & Surge Protection Device) | 50 Sets |
| (ခ) | 4Cx25 $mm^2$ Cu/XLPE/PVC Cable | 250 meter |
| (ဂ) | 1Cx6 $mm^2$ Cu/XLPE/PVC Wire | 500 meter |
| (ဃ) | 12 m Double Arms Pole | 5 Poles |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၁၁-၂၀၁၈ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၂၇-၁၁-၂၀၁၈ရက်၊ ၁၆း၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

**အင်ဂျင်နီယာဌာန(လမ်း/တံတား)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၀၃၇**

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန်မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၄း၀၀ နာရီ

ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www.moee.gov.mm)တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) အစည်းအဝေးခန်းမနှင့်ဝန်ထမ်းနေအိမ် (၅၆'×၅၀') R.C ၄ထပ် (ရေနှင့်မီးအပါအဝင်)ဆောက်လုပ်ခြင်း — ပြည်နယ်ဦးစီးမှူးရုံး မြစ်ကြီးနားမြို့နယ်
(၂) ဝန်ထမ်းအိမ်ရာ (၁၀၀'x၃၀') R.C ၄ခန်းတွဲ ၂ထပ် (ရေနှင့်မီးအပါအဝင်)ဆောက်လုပ်ခြင်း — မြို့နယ်ဦးစီးမှူးရုံး မိုးကောင်းမြို့နယ်

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၈ရက်မှ ၁၅-၁၂-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း)
၃။ **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၁၂-၂၀၁၈ရက် (ရုံးချိန်အတွင်း)
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၅၂၂၃၁၂၊ ၀၇၄-၂၅၂၂၈၅၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
### ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၈ရက်
### ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၅ရက်

၁။ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်း Lot(၅)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊ နေရာ** - ၄-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ညောင်လေးပင်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၁၅-၁၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၅၂-၂၇၅၀၀၆၄**

---

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
### ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ရက်
### ၂၀၁၈ခုနှစ် နိုဝင်ဘာ ၁၂ရက်

၁။ ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ်စက်တင်ဘာလအထိ) ဆောင်ရွက်မည့်လမ်းနှင့် အခြားငွေလုံးလုပ်ငန်း (၆)ခုအား ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

**တင်ဒါအဆိုပြုလျှောက်လွှာရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါအဆိုပြုလျှောက်လွှာပိတ်မည့်ရက်** - ၃-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်၊နေရာ** - ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝေါမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၁၉-၁၁-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**
**ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၅၂-၇၅၅၇၀**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
### ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အတွင်း ပြည်ထောင်စု/ပြည်နယ်(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | ကွန်ကရစ်လမ်းလုပ်ငန်း | ၁ | မိုင် | ၃.၀၀ | ဖာလုံ |
| (ခ) | ကတ္တရာလမ်းလုပ်ငန်း | ၄၃ | မိုင် | ၀.၆၁၅ | ဖာလုံ |
| (ဂ) | ကျောက်ချောလမ်းလုပ်ငန်း | ၃၉ | မိုင် | ၆.၈၂၇၅ | ဖာလုံ |
| (ဃ) | မြေသားလမ်းလုပ်ငန်း | ၅၈ | မိုင် | ၁.၀၇၈၄ | ဖာလုံ |
| (င) | ကွန်ကရစ်တံတားလုပ်ငန်း | ၁၄ | စင်း | ၂၉၉ | ပေ |
| (စ) | Box Culvert | ၃၈ | စင်း | ၁၉၀ | ပေ |

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၃-၁၁-၂၀၁၈ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၁၂-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) (၁၆း၃၀)နာရီ
(ဂ) **တင်ဒါ (နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၁၃-၁၂-၂၀၁၈ (ကြာသပတေးနေ့)၁၆း၃၀ နာရီ
(ဃ) **တင်ဒါစည်းမျဉ်းစည်းကမ်း ရှင်းလင်းပွဲ ကျင်းပမည့်ရက်** - ၂၈-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၅၇၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တနင်္သာရီမြို့နယ်နှင့် ကော့သောင်းမြို့နယ်များအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများဝယ်ယူနိုင်ရေး အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချခြင်း/ တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချိုရပ်၊ထားဝယ်မြို့
**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၈ရက်၊ ရုံးချိန်အတွင်း
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၃-၁၂-၂၀၁၈ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၃-၁၂-၂၀၁၈ရက်၊ ၁၃း၃၀နာရီ

တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၅၉-၂၀၂၂၁၆၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အောက်ဖော်ပြပါလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

(က) **ခေါ်ယူမည့်လုပ်ငန်းများ** -(၁) ချမ်းမြသာစည်မြို့နယ်၊ ၆၅လမ်းနှင့် ပြင်ဦးလွင်ရထားလမ်းဆုံအနီးရှိ ရေဆိုးစုကန်မှပိုလျှံမိုးရေများအား စွန့်ပစ်မည့်ရေစုပ်ထုတ်စက်ရုံနှင့် ပိုက်လိုင်းတည်ဆောက်ခြင်းလုပ်ငန်း
-(၂) အမှတ်(၄)ရေဆိုးထုတ်စက်ရုံ ဇောင်းကလောအနီးတွင်ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းရပ်ကွက်များ ရေဝင်နစ်မြုပ်မှုမဖြစ်စေရန် ရေဆိုးထုတ်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း
-(၃) မဟာအောင်မြေမြို့နယ်၊ ကိုလံဘိုမြောင်းနှင့်မင်္ဂလာတူးမြောင်းဆုံသည့်နေရာတွင် မိုးရာသီမြို့တွင်းမြေနိမ့်ရပ်ကွက်များရေစီးရေလာကောင်းမွန်စေရန် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်း

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၁၈ခုနှစ် နိုဝင်ဘာ ၂၆ ရက်
(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၀၁၉ခုနှစ် ဇန်နဝါရီ ၃ရက်
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) **တင်ဒါတစ်စုံရောင်းနှုန်း** - အမှတ်စဉ်(၁)၊(၂)-၁၀၀၀၀ိ/-နှုန်း
- အမှတ်စဉ်(၃) -၅၀၀၀ိ/-နှုန်းဖြင့်

ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၄၀၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၀၁၊ ၀၉-၇၈၃၉၃၉၃၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## အမည်မှန်

မင်းပြား အထက ၁၊ န၀မတန်း (C)မှ စိုးထက်အောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ စိုးထက်တင် ဖြစ်ပါကြောင်း။

**စိုးထက်တင်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့နယ် ရန်တိုင်ကျေးရွာ မောင်အောင်ရွှေလင်း၏ ဖခင် ဦးညီးချေးနှင့် အေးမောင် ၁၁/မပန (နိုင်)၀၃၆၄၁၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

မြောက်ဦးမြို့၊ လက်ကောက်ဈေးရပ်ကွက်နေ ကျွန်တော် ဦးလှသာထွန်း ၁၁/မဥန(နိုင်)၀၀၁၄၇၃ ၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့) နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၇၀၃၃၇၅**

---

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့နယ်၊ ဘရဝါကျေးရွာနေ ဦးထွန်းအောင်ဇံ၏သမီး မရွှေရီဝင်း ၁၁/ကတန(နိုင်)၁၁၂၄၃၆ နှင့် မရွှေရည်ဝင်း (တက္ကသိုလ်ဝင်အောင်လက်မှတ်)မှာ တစ်ဦးတည်းဖြစ်ပြီး၊ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၈-၁၉၉၆ ဖြစ်ပါကြောင်း။

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၉၁၉၄၇ Luojia ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၉/မထလ(နိုင်)၂၅၁၉၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (မိတ္ထီလာခရိုင်)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း (၂)မြေကွက်အမှတ် (၂၂၈၆)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား ဒေါ်ဝင်းအေး(ဘ) ဦးစံပွင့် ၉/လဝန(နိုင်)၂၆၂၃၀၄ မှ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ပြရန်အတွက် ပျဉ်းမနားမြို့မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧက မြေကွက်အမှတ် (ဥ-၇၀၅၃)၊ ဦးဘိုဟိန်း ၉/ပမန(နိုင်)၂၀၂၉၆၃ (ဘ) ဦးမောင်မြင့် အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်အိန္ဒြာတင်မြင့် ၉/ခအဇ(နိုင်) ၀၀၂၁၁၅(ဘ) ဦးတင်မြင့်မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူဝယ်ယူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းများအားဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ** ရုံးအမှတ် ၄၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၁၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁၂-၂၀၁၈ရက်၊ ညနေ ၃း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသုံးပြုရန်လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း ကိရိယာ(၅၈)မျိုးကို ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၅-၁၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၆-၁၁-၂၀၁၈ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1 % P.O Cheque လက်ခံမည်ဖြစ်ကာ ၂၈-၁၁-၂၀၁၈ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၄၆၄ နှင့် ၀၆၇-၃၄၀၈၁၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း တောင်ငူ၊ အုတ်တွင်း၊ ကျောက်တံခါး၊ ပဲခူး၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ ပြည်၊ ပေါက်ခေါင်းမြို့နယ်များတွင် စက်မှုလယ်ယာစနစ်တကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၁၀-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၁၁-၂၀၁၈ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာနှင့် အသေးစိတ်သိလိုသည့် အချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ပဲခူးမြို့ ဖုန်း-၀၉-၄၃၀၃၅၃၇၁၊ ၀၉-၂၅၀၂၉၉၀၅၆၊ ၀၅၂-၂၂၂၁၀၄၂၊ ၀၅၂-၂၂၂၁၂၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဟိုတယ်မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်း အမှတ်စဉ် (၉)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်းဖွင့်လှစ်ပါမည်-

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၁၀ရက်
**သင်တန်းဖွင့်လှစ်မည့်နေရာ** - ရတနာဂဟေဆက်နည်းပညာ သင်တန်းကျောင်း (ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပညာသင်ကျောင်း (အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး) အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၆၁၄၉၆၁၉၊ ၀၉-၇၇၇၃၈၇၃၆၉
**သင်တန်းကာလ** - ရက်သတ္တပတ် ၁၂ ပတ်

၂။ သင်တန်းအမှတ်စဉ် (၉)တွင် သင်တန်းသား ၁၅ဦးလက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
(က) အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် ၁၈နှစ်ပြည့်ပြီး အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင် ကျွမ်းကျင်သောသူများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းစာမေးပွဲအောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ် ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး အသိအမှတ်ပြုအောင်လက်မှတ်ရ ထူးချွန်သော ကျောင်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း ၄လမှ ၆လအထိ တက်နိုင်ရန် ကုမ္ပဏီများနှင့်ချိတ်ဆက် ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်းတက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သောထောက်ပံ့ကြေး ပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက်လိုအပ်သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၁၂-၁၁-၂၀၁၈ ရက်မှ စတင်၍ နံနက် ၉း၃၀မှ ညနေ ၄း၀၀ နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ ၂ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၃၀-၁၁-၂၀၁၈ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း) ဖုန်း-၀၉-၄၂၆၁၄၉၆၁၉၊ ၀၉-၇၇၇၃၈၇၃၆၉ တို့သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀မှ ညနေ ၄း၀၀နာရီအတွင်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)နယ်မြေအတွင်း**
**ခေတ်မီဘက်စုံကစားကွင်းလုပ်ငန်း**

## Design တင်ဒါအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)နယ်မြေအတွင်းရှိ ၁၀ဒသမ၁၈ ဧကကျယ်ဝန်းသောမြေနေရာပေါ်တွင် ခေတ်မီဘက်စုံကစားကွင်းအတွက် Design တင်ဒါခေါ်ယူခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား တိုင်းရင်းသားကုမ္ပဏီများအား Design တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **Design တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ရောင်းချမည့်နေရာ** - အမှတ်၁၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်
(ခ) **Design တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၁၈မှ ၂၆-၁၁-၂၀၁၈ထိ (ရုံးချိန်အတွင်း)
(ဂ) **Design တင်ဒါအဆိုပြုလွှာ ပုံစံအပြည့်အစုံတင်သွင်း ရမည့်ရက်** - ၂၅-၂-၂၀၁၉ရက် ညနေ ၃း၀၀နာရီထက် နောက်မကျစေဘဲတင်သွင်းရန်

၂။ Design တင်ဒါအဆိုပြုလွှာများနှင့် စပ်လျဉ်း၍ သိရှိလိုသောအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဖုန်း-၀၁-၃၆၈၁၉၁၆၊ ၀၉-၄၂၀၁၄၆၄၇တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)နယ်မြေအတွင်းရှိ**
**ခေတ်မီဘက်စုံကစားကွင်းလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**
**နေပြည်တော်-ရေဆင်း**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်း (၃)ခု** 1-Lot
- (၃၀'x ၂၈ 'x ၁၄') စိုက်ကွင်းရုံး (၁)လုံး
- (၁၅၇'x ၆၆ 'x ၉'' ထု)မျိုးစေ့လှမ်း တလင်း ၁ခု
- (3 Phase 4 Wire လိုင်း၊ 8800') လျှပ်စစ်မီးလိုင်း (၁လိုင်း) သွယ်တန်းတပ်ဆင်ခြင်း

(ခ) **တည်ဆောက်ရေးလုပ်ငန်း (၃)ခု** 1-Lot
- (၄၀'x ၂၀ 'x ၁၀') Net House ၁ လုံး
- (၁၁၆.၅'x ၃၀')ဓာတ်ခွဲခန်းတစ်ခန်းအားပြန်လည်ပြင်ဆင်ခြင်း
- Breeding House (၁၀၅'x ၆၀ 'x ၉') ၁ လုံးနှင့် (၃၀'x ၂၀ 'x ၁၂') ၄လုံး

(ဂ) ဓါတ်ခွဲခန်းသုံးပစ္စည်း ၂မျိုး (Amino Acid Analyzer, PCR) - 1-Lot
(ဃ) အခြားစက်ပစ္စည်း ၁တွဲ (Microphone and 6 Channels Recorders) 1-Lot

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၁၈ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနစု
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၇-၁၂-၂၀၁၈ရက် ညနေ ၄း၃၀ နာရီ
၅။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၀-၁၂-၂၀၁၈
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**
**(တင်ဒါခေါ်ယူခြင်း)**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဖြင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (Temporary Border Pass)များအား လုံခြုံရေးအဆင့်မြှင့်တင်၍ ရိုက်နှိပ်အသုံးပြုရန်ရှိပါသဖြင့် ပုံနှိပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် နမူနာပုံစံများနှင့် ဈေးနှုန်းအဆိုပြုချက်ကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁၁-၂၀၁၈ နံနက် ၁၀း၀၀နာရီမှ ၁၃-၁၂-၂၀၁၈ရက် ညနေ ၄း၀၀နာရီထိ
(ခ) **တင်ဒါတင်သွင်းမည့်ရက်** - ၁၃-၁၂-၂၀၁၈ရက် ညနေ ၄း၀၀နာရီထိ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၁၇-၁၂-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ
(င) **တင်ဒါဖွင့်မည်နေရာ** - အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အသေးစိတ်သိလိုသောအချက်အလက်များကို စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာန၊ ဖုန်း-၀၆၇-၄၃၁၅၁၁နှင့် ၀၆၇-၄၃၁၅၁၂သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန**
**တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၈)၊ ဒိုးကွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၀၈)၊ ဦးပိုင်အမှတ် ၂၃/၆၊ မြေဧရိယာ ၀ဒသမ၄၀ဧကရှိ ယာမြေ အား ဒေါ်နန်းကလျာသန်း ၉/မရမ(နိုင်) ၀၇၇၈၁၁မှ လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၃၀အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့**

---

## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်** - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာသင်တန်း
၂။ **သင်တန်းအောင်လက်မှတ်** - ဘွဲ့လွန်အသုံးချကွန်ပျူတာဒီပလိုမာ (Post-Graduate Diploma in Computer Application-PGDCA)
၃။ **သင်တန်းဝင်ခွင့်အရည်အချင်း** - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
၄။ **သင်တန်းကာလ** - 2 Semester + Project
၅။ **သင်တန်းချိန်** - စနေ၊ တနင်္ဂနွေ နံနက် ၇း၀၀မှ ညနေ ၅း၀၀နာရီထိ (သောကြာနေ့ နံနက် ၇း၀၀မှ နံနက် ၉း၀၀နာရီ ထိသင်တန်းချိန် တစ်ချိန်ပါရှိသည်။)
၆။ **လက်ခံမည့်သင်တန်းသားဦးရေ** - (၁၀၀)ဦး ကန့်သတ်
၇။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၆-၁၁-၂၀၁၈ (တနင်္လာနေ့)
၈။ **လျှောက်လွှာပိတ်မည့်ရက်** - ၇-၁၂-၂၀၁၈ (သောကြာနေ့)
၉။ **သင်တန်းစတင်ဖွင့်မည့်ရက်** - ၈-၁၂-၂၀၁၈ (စနေနေ့)
၁၀။ **ဆက်သွယ်ရမည့်လိပ်စာ** - အခန်းအမှတ်- U 308 (ULB)၊ ရန်ကုန်တက္ကသိုလ်

**မှတ်ချက်**-အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာ ဖုန်း-၅၃၄၃၉၀၊ ၇၀၂၂၃၀၊ ၅၀၃၅၉၉၊ ၀၉-၇၃၀၀၆၄၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဓိကလိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် လိုအပ်သော Precast Drain၊ Drain Cover၊ Box Culvert၊ Platform ၊ Road Kerb စသည်များအား ထုတ်လုပ်ရန်အတွက် Precast စက်ရုံအား Engineering Procurement Construction Method (EPC)ဖြင့်တည်ဆောက်ရန်တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။ စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တင်ဒါတင်သွင်းနိုင်ပြီး အောက်ပါတည်ဆောက်ရေးဆိုင်ရာအချက်အလက်၊ အစီအစဉ်များအတိုင်း တင်ဒါခေါ်ယူခြင်းဖြစ်သည်-

**တည်ဆောက်ရေးဆိုင်ရာအချက်အလက်**
(က) **တည်နေရာ** - ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက် (ဈဈ-၆) ဦးပိုင် ၁-က+၁-ခ၊ မင်းကြီးရန်နောင်လမ်း၊ ၆၁×၆၂လမ်းကြား။ မြေဧရိယာ-၂ဒသမ၇၉၃ ဧက
(ခ) **လုပ်ငန်းဆောင်ရွက်လိုသည့်ပမာဏ** - $120m^3/hr$ (Minimum Batching Plant Productivity)

**တင်ဒါခေါ်ယူမည့်အစီအစဉ်**
(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၄-၁၁-၂၀၁၈
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၄-၁၂-၂၀၁၈
(ဂ) **တင်ဒါတင်သွင်းရန်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ကျပ် ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

တင်ဒါဖွင့်ဖောက်ဆောင်ရွက်မည့် ရက်နှင့်အချိန်အား ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အဆောက်အအုံနှင့် ကုန်ရုံဌာန ဖုန်း-၀၂-၄၀-၆၀၂၅၂၊ လိုင်းခွဲ-၀၂-၄၀-၃၆၁၇၁ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅) ရပ်ကွက်၊ လုပ်သားလမ်း၊ မြေကွက်အမှတ် (၅၆၆) ၊ အကျယ်အဝန်း (၄၄ပေ× ၆၀ပေ) ရှိ ဦးအောင်ခိုင်(၁၂/ဥကမ(နိုင်)၀၆၆၇၂၁)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခိုင်ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ် ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
**Hein Htet San Law Firm**

**ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

---

## အများသိစေရန် ကြေညာခြင်း

နေပြည်တော် ဇေယျာသီရိမြို့နယ်နေ ဒေါ်အိပွင့်ဖြူ ၉/ပဥလ(နိုင်) ၀၁၇၂၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် Facebook name-Ei Pwint Phyuအမည်ဖြင့် အင်တာနက် လူမှုကွန်ရက်ပေါ်တွင် လေလံစုကြေးမဲစုခြင်း၊ စုကြေးမဲများဝယ်ယူ၍ တစ်ဆင့် ပြန်လည်ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ပါသည်။ သို့ရာတွင် သတ်မှတ်ရက်ပြည့်မြောက်သည့်ရက်တွင် စုကြေးမဲဒိုင်များမှ ကျွန်ုပ်မိတ်ဆွေအား ပြန်လည်ထုတ်ပေးရမည့် စုကြေးငွေများကို ပြန်လည်ထုတ်ပေးရန် ပျက်ကွက်လျက်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှတစ်ဆင့် ရောင်းချပေးခဲ့သော စုမဲပိုင်ရှင်များအနေဖြင့်လည်း စုမဲဒိုင်များထံမှ စုကြေးမဲများကို ပြန်လည်ထုတ်ပေးရန် ပျက်ကွက်နေသည့်အတွက် စုကြေးငွေများကို စိုက်ထုတ်၍ သင့်သလို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်နေရသည့် အချိန်ကာလတစ်ခုတွင် တစ်ဖက်မှလည်း စုကြေးမဲဒိုင်များထံမှ ရရန်ရှိသောစုကြေးငွေများကို ဥပဒေနှင့်အညီတောင်းခံရန် စီစဉ်လျက်ရှိပါသည်။

ထိုသို့ သင့်သလိုပြေလည်အောင် ဖြေရှင်းဆောင်ရွက်နေသည့်အချိန်ကာလတွင် မည်သူတစ်ဦးတစ်ယောက်မှ Facebook Online ဖြင့်ဖြစ်စေ၊ Viber ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ ခင်ပွန်း၊ မိတ်ဆွေ၊ ဆွေမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြောအမူအပြောအဆိုနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အနိုင်အထက်ပြုခြင်း၊ အသရေဖျက်ခြင်း၊စိတ်ငြိုငြင်အောင်ပြုလုပ်ခြင်းနှင့် နှောင့်ယှက်ခြင်း၊ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက မလွှဲမရှောင်သာသည့်အခါ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**မအိပွင့်ဖြူ**
**၉/ပဥလ(နိုင်)၀၁၇၂၅၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှယဉ်ဝင်း(B.A,H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၉၄၄၈)**
**အမှတ် ၃၆၊ ၇ရပ်ကွက်၊ မန္တလေး-လားရှိုးလမ်း၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၂၁၉၈၄**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4910 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ် (၈/စည်းခံရပ်)၊ ဦးပိုင်အမှတ်(၃၀)၊ မြေယာအမှတ် (186-187)၊ မြေဧရိယာ ၀ဒသမ ၁၂၄ဧကရှိ မြေကွက်အား မြေငှားဂရန်သစ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမင်းအောင် ၁၂/အစန(နိုင်)၁၀၅၆၄၈မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**



ငွေဆောင်ကမ်းခြေ၌ ကျင်းပသည့် ၁၅ နှစ်နှင့်အောက် **Optimist Asian & Oceanian Championship (OAOC)** ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ရွက်လှေအားကစားသမားများကို တွေ့ရစဉ်။ ဓာတ်ပုံ-နေလင်း

# နိုင်ငံတကာအဆင့်မီ ရွက်လှေပြိုင်ပွဲများ ကျင်းပနိုင်ခြင်းဖြင့် ငွေဆောင်ကမ်းခြေကို နိုင်ငံတကာမှ ပိုမိုသိရှိလာမည်

**ငွေဆောင် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြန်မာရွက်လှေအားကစားအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတကာမှ အားကစားသမားများပါဝင်သည့် ၁၅နှစ်နှင့်အောက် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲကို ငွေဆောင်ကမ်းခြေ ငွေဆောင်ရွက်ကလပ်၌ နိုဝင်ဘာ ၁၂ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာမှ အားကစားသမားများပါဝင်သည့် Optimist Asian & Oceanian Championship (OAOC) ရွက်လှေပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ၂၀၁၆ ခုနှစ်မှ စတင်ကြိုးစားဆောင်ရွက်ခဲ့ပြီး ပြင်ဆင်မှုများပြုလုပ်ခဲ့ကာ မြန်မာရွက်လှေအားကစားသမားများကိုလည်း နိုင်ငံတကာ အတွေ့အကြုံရှိသည့် ပြည်တွင်းနည်းပြအပြင် နိုင်ငံခြားသားနည်းပြကိုပါ ငှားရမ်းသင်ကြားပေးခဲ့သည်။

မြန်မာရွက်လှေအသင်း မန်နေဂျာ ဦးစိုင်းပြည့်စုံဟိန်းက "မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ်ဆိုကတည်းက(၂၀၁၆ ခုနှစ်လောက်ကတည်းက) ပြင်ဆင်ခဲ့တယ်။ ၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံးမှာ လေ့ကျင့်မှုတွေလုပ်ခဲ့တယ်။ ပြည်ပပြိုင်ပွဲအတွေ့အကြုံယူပြီးတော့ အဆင်သင့်ပြင်ဆင်ထားခဲ့တယ်။ ကလေးတွေရဲ့လေ့ကျင့်မှုနည်းပြတွေရဲ့ ကလေးတွေပေါ် ပံ့ပိုးပေးနေတဲ့အနေအထား ရွက်လှေအဖွဲ့ချုပ်က ထောက်ပံ့ပေးနေတဲ့ အနေအထားမှာ အားရကျေနပ်မှုရှိပါတယ်"ဟု ပြောသည်။

ရွက်လှေပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ ရန်ကုန်TTC ကျောင်းမှ အသက် (၁၁)နှစ်အရွယ် ဆဋ္ဌမတန်းကျောင်းသူ မသန္တာအောင်က "၂၀၁၃ခုနှစ် နွေရာသီလောက်က စပြီး ရွက်လှေကို စီးဖြစ်ခဲ့တာပါ။

*စာမျက်နှာ ၁၀ ကော်လံ ၄* ◆

# ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် မြန်မာနှင့် လာအိုအသင်းတို့ နိုဝင်ဘာ ၁၆ ရက်တွင် ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၁၃

**မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် လာအိုအသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ထွက်ခွာသွားသည်။**

မြန်မာ့လက်ရွေးစင်အသင်းသည် လာအိုနိုင်ငံ၌ ကြိုတင်ပြင်ဆင်နိုင်ရန် သတ်မှတ်ထားသည့် ရက်ထက် ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး အုပ်ချုပ်/ နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။ မြန်မာအသင်းအတွက် လာအိုအသင်းနှင့်ပွဲမှာ အုပ်စုဒုတိယပွဲဖြစ်သော်လည်း လာအိုအသင်းမှာမူ တတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် နိုဝင်ဘာ ၁၂ ရက်က ကမ္ဘောဒီးယားအသင်းနှင့် အိမ်ကွင်းပွဲယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး လာအိုအသင်းမှာမူ ဗီယက်နမ်အသင်းကို အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ထို့ကြောင့် လာအိုအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရန် အခွင့်အရေးနည်းပါးနေပြီဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် မျှော်လင့်ချက်အတွက် လာအိုအသင်းကို မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**- ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**- အန်တွမ်မ်နီဟေး၊ **လက်ထောက်နည်းပြ**-ကာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ကာစတန်၊ **အတွင်းရေးမှူး**-ဦးမိုးဝေအောင်၊ **ဂိုး** - ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ **နောက်တန်း** - သိန်းသန်းဝင်း၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ဇော်မင်းထွန်း၊ ပြည့်ဖြိုးဇော်၊ **အလယ်တန်း** - လှိုင်းဘိုဘို၊ စည်သူအောင်၊ ရဲကိုဦး၊ ရဲရင့်အောင်၊ သန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ **ရှေ့တန်း**- အောင်သူ၊ ဇင်မင်းထွန်းနှင့် အီစိုးတို့ ပါဝင်ကြသည်။

လာအိုအသင်းနှင့် မြန်မာအသင်းသည် နိုဝင်ဘာ ၁၆ ရက်တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ရှိ အမျိုးသားဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



# ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့ဘက်မိုင် ၃၆၀ ခန့်နှင့် နာဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ၄၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"သည် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၃ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းအထိ ဖြစ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"ဂါဂျာ"သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "ဂါဂျာ"၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၂၄ နာရီအတွင်း နေပြည်တော်၊

*စာမျက်နှာ ၅ ကော်လံ ၁* ❄

**အိုလံပစ် အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဒုတိယအဆင့် တက်ရောက်**

စာ ➤ ၁၂

**အလုံမြို့နယ်၌ KGL အင်ဂျင်ဝိုင်ရောင်းဝယ်ရေး ကုမ္ပဏီဝင်းအတွင်းသို့ ဝင်ရောက်မွှေနှောက်ပြီး မန်နေဂျာဖြစ်သူအား ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်တွင် ပါဝင်သူများ ထပ်မံဖမ်းဆီးရမိ**

စာ ➤ ၁၃

Certificate TH09/3125
ဦးသာရင် ၏ နဂါးအမှတ်တံဆိပ် လေငန်းဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR 001520 (0519)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH06/3966
ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၇ တဆဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ရဲ့ ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်း

..................
ဝေယံဦး
..................




**မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်လို့ အသိအမှတ်ပြုထားတဲ့ ရန်ကုန်မြို့ဟာ တဖြည်းဖြည်းနဲ့ မြို့ဧရိယာ ကြီးမားကျယ်ပြန့်လာသလို မြို့ပြတည်ဆောက်မှုစီမံကိန်းအသစ်တွေလည်း အစီစီအရီရီနဲ့ တန်းစီပြီး ရှိနေပါတယ်။ အဲဒီစီမံကိန်းတွေထဲမှာမှ အရင်က ဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ ညောင်နှစ်ပင်မြို့ပြစက်မှုဇုန်စီမံကိန်းကတော့ လာမယ့် ၂၀၁၉ ခုနှစ်မှာ စတင်အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမြန်လမ်းမကြီး မိုင်တိုင် ၅ မိုင် ၆ ဖာလုံခန့်ရဲ့ အနောက်ဘက် ညောင်နှစ်ပင်ရွာအနီးမှာရှိတဲ့ မြေဧက ၅၃၀ ခန့်မှာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ယခင်က အမျိုးသားညီလာခံ ကျင်းပခဲ့တဲ့ ညောင်နှစ်ပင် နယ်မြေဧရိယာဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်နိုင်ရေး စတင်နိုင်ဖို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ညှိနှိုင်းဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းဟာ မြန်မာနဲ့ တောင်ကိုရီးယားအစိုးရတို့ ပူးပေါင်းဆောင်ရွက်မယ့် ကိုရီးယား - မြန်မာ မြို့ပြစက်မှုဇုန်စီမံကိန်းဖြစ်ပြီး မြန်မာက ၄၀ ရာခိုင်နှုန်းနဲ့ တောင်ကိုရီးယားက ၆၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှု ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ကြမယ့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။

ဒီစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ တောင်ကိုရီးယားအစိုးရပိုင် LH (Korea Land and Housing Corporation) တို့က ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်မှာ ပူးပေါင်းဆောင်ရွက်ဖို့ လက်မှတ်ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။

တောင်ကိုရီးယားအစိုးရပိုင် LH ဟာ နိုင်ငံတကာမှာ Smart City တွေကို တာဝန်ယူတည်ဆောက်နေတဲ့ ကော်ပိုရေးရှင်းတစ်ခုဖြစ်ပြီး အခု ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းဟာလည်း အဲဒီလုပ်ငန်းတွေက တစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရရှိတာနဲ့ လုပ်ငန်းအကောင်အထည်ဖော်မှုတွေ ဆောင်ရွက်နိုင်ဖို့ ကြိုးစားတော့မှာ ဖြစ်ပါတယ်။

ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းဟာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် တန်ဖိုးရှိပြီး နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ်ကတည်းက ချုပ်ဆိုခဲ့တာလို့ ဆိုပါတယ်။ နိုင်ငံတကာအဆင့်မီ မြို့ပြစက်မှုဇုန်စီမံကိန်းဖြစ်တာမို့ တောင်ကိုရီးယားအစိုးရပိုင် LH ဟာ လုပ်ငန်းတွေကို စနစ်တကျ အရည်အသွေးရှိရှိ တည်ဆောက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

ဒီလို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းမှာ စက်မှုလုပ်ငန်းဧရိယာ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ၊ သင်တန်းကျောင်း၊ အိမ်ရာနဲ့ စီးပွားရေးဆိုင်ရာ အဆောက်အအုံတွေ ပါဝင်မှာ ဖြစ်တယ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားထားပါတယ်။

ဒီစီမံကိန်း အကောင်အထည်ဖော်နိုင်ရင်တော့ မြန်မာနိုင်ငံမှာ

**အချပ်ပို (ခ) သို့**

> ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းမှာ နိုင်ငံတကာ မော်တော်ကားကုမ္ပဏီက စက်ရုံတွေ တည်ဆောက်မှာဖြစ်လို့ အလုပ်အကိုင်ရော နည်းပညာတွေသာမက နိုင်ငံအတွက် အခွန်ငွေတွေလည်း ရရှိစေမှာဖြစ်

# စီးပွားရေးမြို့တော်မှ ပြုပြင်ရန်လိုအပ်နေသော စီးပွားရေးအဆောက်အအုံကြီးတစ်ခု

■ တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး



**ရန်ကုန်** မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီး ဖြစ်သည်။ ထို့အတွက် စီးပွားရေး လုပ်ဆောင်ရန် အလွန်ကောင်းမွန်သော မြို့တော်မှ မြေကွက်တစ်ကွက် သို့မဟုတ် အဆောက်အအုံတစ်ခုသည် များစွာတန်ဖိုးကြီးလှပေသည်။

စီးပွားရေးမြို့တော်တွင် ယနေ့ အဆိုပါ ငွေကြေးတန်ဖိုး ကြီးမားလှသော အဆောက်အအုံကြီးတစ်ခုမှာ အဖျက်သမားတို့၏ ပယောဂကြောင့် ပျက်စီးခဲ့ပြီး ပျက်စီးသည့်အတိုင်း ရှိနေသည်မှာ ၁၃ နှစ် ကျော်ရှိနေသည်ကို သတိထားမိသူတိုင်းက "ကြည့်သောသူသည်မြင်၏" ဆိုစကားပမာ ယနေ့တိုင် အမြင်ဆိုးရွားစွာဖြင့်၊ တန်ဖိုးမဲ့စွာဖြင့် ရှိနေဆဲဖြစ်သည်ကို မြင်တွေ့နိုင်ပေသည်။

**ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန**

ထိုအဆောက်အအုံကြီး တည်ရှိရာနေရာသည်ကား မြို့နယ်တစ်ခုဖြစ်သည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်မှ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန (Yangon Trade Center) အဆောက်အအုံဟောင်းကြီးဖြစ်သည်။

နိုင်ငံပိုင်သတင်းစာတစ်စောင်၏ဖော်ပြမှုအရ ၂၀၀၅ ခုနှစ် မေလ ၇ ရက်က ဖြစ်သည်။ အချိန်အားဖြင့် မွန်းလွဲ ၃ နာရီခန့်က ဖြစ်သည်။

စနေနေ့ဖြစ်၍ ကုန်သွယ်မှုအဆောက်အအုံကြီးမှာ လွန်စွာမှပင် စည်ကားနေသည်ဟု သိရသည်။ ပြည်တွင်း ပြည်ပ ထုတ်ကုန်ပစ္စည်းများ စုံလင်စွာ အရောင်းအဝယ်ပြုရာ ဗဟိုတစ်ခုဖြစ်၍ အိမ်နီးချင်းနိုင်ငံတစ်ခုမှ အလှုကုန်ပစ္စည်းများ မိတ်ဆက်ပွဲပြုလုပ်နေသော ကာလတစ်ခုဖြစ်သည်။ ပရိသတ်များအား ဆွဲဆောင်မှုအနေဖြင့် နာမည်ကြီးအဆိုတော်များဖြင့်လည်း ရောင်းအားမြှင့်တင်နေသောအချိန်ဖြစ်သည်။

ထိုပွဲအပေါ် လူအများစိတ်ဝင်စားစွာရှိနေခိုက် မထင်မှတ်သော နေရာတစ်ခုဆီမှ ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ ငါးထပ်အဆောက်အအုံကြီးမှာ တုန်ခါသွားခဲ့ပြီး အုတ်နံရံ အင်္ဂတေများ၊ ကာရံထားသော မှန်အမည်းများက ပေါက်ထွက်လွင့်စဉ် ပြုတ်ကျလာခဲ့သည်။

**ကမ္ဘာကြီးပျက်သကဲ့သို့ ဖြစ်ရပ်**

အထပ်ထပ်သော အဆောက်အအုံများအတွင်းဆီမှ ကြောက်လန့်တကြား အော်ဟစ်သံများ၊ ငိုယိုသံများအလဲလဲအပြိုပြိုနှင့် ထွက်ပြေးလာကြသူများ၊ သွေးအလူးလူးဖြင့် နေရာ အသီးသီးဆီမှ တိုးဝှေ့လာကြသူများဖြင့် ကမ္ဘာကြီးပျက်သကဲ့သို့ ဖြစ်ရပ်တစ်ခုက မြင်တွေ့ကြရသူများမဆိုထားနှင့် ပြန်လည်ကြားရသူများပင် ချောက်ချားတုန်လှုပ်ခဲ့ရသည်။

၁၀ ဂဏန်းထက်မနည်း သေဆုံးမှု၊ ရာချီသော ဒဏ်ရာရရှိမှုများဖြင့် ပြည်သူအများ ထိခိုက်ခဲ့ရသည်။ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာနကြီး ဗုံးပေါက်ကွဲပြီးသည်နှင့် မြေနီကုန်း ဒဂုံစင်တာတို့တွင်ပါ အချိန်ကိုက်ဗုံး ပေါက်ကွဲမှုများ တစ်ဆက်တည်းဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို အနှောင့် အယှက်ပြု ခြိမ်းခြောက်မှုကြီးပင် ဖြစ်သည်။ ရန်ကုန်မြို့နေ ပြည်သူအများ လူစည်ကားရာ၊ လူစုစုရှိရာ နေရာများဆီသို့ မသွားရဲမလာရဲ ဖြစ်ခဲ့ကြသည်။ ဟိုနား ထပေါက်နိုး၊ ဤအနားများ ဗုံးထောင်ထားဦးမှာလားဆိုသည့် စိုးရိမ်ကြောက်လန့်မှုများဖြင့် တိတ်ဆိတ်သည့် ရန်ကုန်မြေ ဖြစ်ခဲ့ရသည်။

ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနကြီး ဗုံးပေါက်ကွဲပြီးနောက် အဆောက်အအုံကြီးအတွင်းနှင့် ပတ်ဝန်းကျင်တွင် လူအများ စိတ်ဝင်စားဖွယ်ရာ ဇာတ်ကောင်မျိုးစုံ ပေါ်ထွက်လာခဲ့သည်။ ရုတ်တရက် ဖြုန်းခနဲ သေဆုံးသူအချို့၏ အကူအညီတောင်းသံများ၊ ညည်းတွားသံများကို ကြားလာရသည်ဟု ဆိုသူတို့က ဆိုကြသကဲ့သို့ အရိပ်အချို့ လှုပ်ရှားသွားလာမှုကို တွေ့ခဲ့ကြသည်ဟု ပြောသူတို့က ပြောလာကြသည်။ နာမ်လောကကို ယုံကြည်သူများက အများဆုံး တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကားလာကြသည်။

**မြို့နယ်၏အလှကို အကျည်းတန်စေ**

သို့အတွက် ရပ်ကွက်နှင့် တာဝန်ရှိသူများက မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ သံဃာတော်များ ပင့်ဖိတ်ကြ၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ကမ္မဝါစာများ ဖတ်ကြားခြင်း၊ သေဆုံးသူများအတွက် မေတ္တာပို့အမျှပေးဝေခြင်းများ နှစ်ကြိမ် တိုင်တိုင်ပြုလုပ်ပေးခဲ့သည်ဟု သိရသည်။

ယင်းအဆောက်အအုံမှာ ဖြစ်သည့်အချိန်မှစ၍ ပြန်လည်ပြင်ဆင်မှုပြုပြင်မှုများ မရှိခဲ့ပေ။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အတွင်းရှိပစ္စည်းများ၊ ယခုပျောက်ခြင်းမလှ ပျောက်ကုန်ခဲ့ကြပြီဖြစ်သည်။ သို့အတွက် ပတ်ဝန်းကျင်နေသူများက မြို့နယ်၏အလှကို အကျည်းတန်စေသော၊ ပျက်စီးနေသော အဆောက်အအုံကြီးကို မြင်တိုင်း အတိတ်ကအရိပ်များကို ပြန်လည်မြင်တွေ့ကြားနေရသကဲ့သို့ရှိသည်။ ယင်းအဆောက်အအုံဟောင်းကြီးအား အမြန်ဆုံးပြန်လည်ပြင်ဆင်မှုကို မြင်တွေ့ရန် လိုလားနေကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးရန်အောင်က ထိုအဆောက်အအုံဟောင်းကြီးအား ပြန်လည်ပြုပြင်ရန် အစီအစဉ်ရှိ မရှိ ကို ၂၀၁၆ ခုနှစ်က လွှတ်တော်တွင် မေးမြန်းခဲ့ဖူးသည်ဟု သိရသည်။ ယင်းအဆောက်အအုံကြီးမှာ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိနေခြင်းဖြစ်သည့်အတွက် တိုင်းဒေသကြီး အနေဖြင့် ဆောင်ရွက်၍မရကြောင်း ပြောကြားမှုရှိခဲ့သည်ဟု သိရသည်။

သက်ဆိုင်ရာ ဌာနတာဝန်ရှိသူတစ်ဦးကလည်း လက်ရှိအနေအထားအရ ပြန်လည်ပြုပြင်ရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားမှုလည်း ရှိခဲ့သည်ဟု သိရသည်။

**တန်ဖိုးမဲ့စွာဖြင့် ရပ်တည်လျက်ရှိ**

ယနေ့စီးပွားရေးမြို့တော် ရန်ကုန်တွင် အသစ်အသစ်သော စီးပွားရေးဆိုင်ရာ အဆောက်အအုံကြီးများ၊ ပုဂ္ဂလိကပိုင် အရောင်းစင်တာကြီးများက တစ်ခုပြီးတစ်ခု အပြိုင်အဆိုင် ပေါ်ပေါက်လာနေသော်လည်း ၁၃ နှစ်ကျော် ပျက်စီးမှုအတိုင်းရှိနေသော ယင်းကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံကြီးသည်ကား မပြောင်းမလဲတန်ဖိုးမဲ့စွာဖြင့် ရပ်တည်မြဲ ရပ်တည်လျက်သာ ရှိနေတုန်းပင်ဖြစ်သည်။

၂၀၁၄၊ ၂၀၁၆ ခုနှစ်များက ပြောင်းလဲမှုတစ်ခုအတွက် စီစဉ်မှုများရှိခဲ့သည်။ တင်ဒါများ ခေါ်ယူခဲ့သည်။ လုပ်ငန်းများ မအောင်မြင်ခဲ့ပေ။ ယင်းနောက် တရုတ်၊ ဂျပန် စသည့် ကုမ္ပဏီကြီးများက တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်ကြည့်ရှုကြသည်။ မည်သည့်အကြောင်းကြောင့်မသိ နောက်ဆုတ်သွားခဲ့ကြသည်။

စီးပွားရေးကျွမ်းကျင်သူ အငြိမ်းစားအရာရှိကြီးတစ်ဦးက "အခုဆို ၁၃ နှစ်ကျော် ကြာပြီ။ ဒီကြားထဲ ပြုပြင်မှုလည်းမရှိ၊ ထိန်းသိမ်းမှုအားနည်းပြီး ဒီအတိုင်းပစ်ထားသလိုဖြစ်နေခဲ့တယ်။ တိုင်းဒေသကြီးအနေနဲ့ရော မြို့နယ်အနေနဲ့ပါ အမြင်မှာ အရုပ်ဆိုးသလို စီးပွားရေးဝင်ငွေအရလည်း နစ်နာတယ်။ နောက်တစ်ခုက ဆုံးရှုံးပြီးဆုံးရှုံးဆိုသလို ဒီအဆောက်အအုံပျက်ကြီးထဲမှာ ဒုစရိုက်သမားတွေ ခိုအောင်းနိုင်တယ်။ အုပ်ချုပ်ရေး၊ လုံခြုံရေးအတွက်ပါ စိုးရိမ်ရတယ်။ မိအေးနှစ်ခါနာဆိုသလို မဖြစ်ရအောင် အမြန်ဆုံးပြုပြင်ဆောင်ရွက်သင့်ပါတယ်"ဟု မှတ်ချက်ပြုမှု ရှိခဲ့ဖူးသည်။

ထို့အတွက် နိုင်ငံတော်အတွင်း စီးပွားရေးမြို့တော်၏ ဂုဏ်အင်္ဂါနှင့်ညီစေရန် ဆယ်စုနှစ်တစ်ခုမက ပျက်စီးမှုအတိုင်းရှိနေသော ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံဟောင်းကြီးအား မြို့တော်ကြီးလှပစေရေး၊ စီးပွားရေးဝင်ငွေ အထောက်အကူပြုနိုင်စေရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်သင့်ပြီဟု တိုက်တွန်းဖော်ပြလိုက်ရပါသည်။ ။

**နိုင်ငံတော်အတွင်း စီးပွားရေး မြို့တော်၏ ဂုဏ်အင်္ဂါနှင့်ညီစေရန် ဆယ်စုနှစ်တစ်ခုမက ပျက်စီးမှုအတိုင်းရှိနေသော ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန အဆောက်အအုံဟောင်းကြီးအား မြို့တော်ကြီးလှပစေရေး၊ စီးပွားရေးဝင်ငွေ အထောက်အကူပြုနိုင်စေရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်သင့်**

---

**ရန်ကုန်မြို့ရဲ့ ညောင်နှစ်ပင်မြို့ပြစက်မှုဇုန်စီမံကိန်း..မှ**

အလုပ်အကိုင် အခွင့်အလမ်း တစ်သိန်းခန့်ပေါ်ထွက်လာမှာဖြစ်လို့ လူငယ်လူရွယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းကို ရရှိစေမှာဖြစ်ပါတယ်။

ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်စီမံကိန်းမှာ နိုင်ငံတကာမော်တော်ကားကုမ္ပဏီက စက်ရုံတွေတည်ဆောက်မှာဖြစ်လို့ အလုပ်အကိုင်ရော နည်းပညာတွေသာမက နိုင်ငံအတွက် အခွန်ငွေတွေလည်း ရရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ စောင့်မျှော်နေတဲ့ လူငယ်လူရွယ်တွေအတွက်တော့ မျှော်လင့်စရာ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲ့ ရန်ကုန်မြို့ပြင် ၁၁ မြို့နယ်မှာ စက်မှုဇုန်တွေ ထူထောင်နိုင်ရေး အတွက် အစီအစဉ်တွေတော့ ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပြီး ၃၃ မြို့နယ်ကတော့ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့စီမံခန့်ခွဲမှုအောက်မှာ ရှိနေတာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်ပေါင်း ၂၉ ခုရှိနေပြီး မြန်မာတစ်နိုင်ငံလုံးစက်မှုဇုန်ရဲ့ ၅၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ညောင်နှစ်ပင် မြို့ပြစက်မှုဇုန်လို ရန်ကုန် မြို့ပြင် ၁၁ မြို့နယ်မှာ အကောင်အထည်ဖော်နိုင်ခဲ့ရင်တော့ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် နေရာကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်နိုင်မှာဖြစ်သလို ဒေသခံပြည်သူတွေကလည်း မိမိတို့နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်လာရေးအထောက်အကူပြုမှာဖြစ်လို့ အကျိုးကျေးဇူးရှိစေမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေရဲ့လူမှုဘဝတိုးတက်မှုတွေလည်း ဖြစ်ပေါ်လာမှာပါလို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

"ကိုယ့်ရပ်ရွာအနီးမှာ အခုလို မြို့ပြစက်မှုဇုန် စီမံကိန်း ဖြစ်ပေါ်လာရင်တော့ ကျွန်တော်တို့လို လူငယ်တွေအတွက် ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနားမှာပဲ အလုပ်အကိုင်ရဖို့ အခွင့်အရေးရှိလာတာမို့ ဝမ်းသာမိပါတယ်" လို့ ညောင်နှစ်ပင်ရွာသား ကိုရွှေမင်းက ပြောပါတယ်။ ဒီလို စီမံကိန်းတွေနဲ့ ပတ်သက်ပြီး အလုပ်အကိုင်သစ်တွေ၊ အခွင့်အလမ်းအသစ်တွေကြောင့် ဒေသခံတွေအတွက် ဝင်ငွေတိုးမြင့်လာစေမှာတော့ အမှန်ပါပဲ။

ရန်ကုန်မြို့ပြနဲ့ မြို့ပြင် ဧရိယာတွေ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဒေသခံတွေရဲ့လူမှုဘဝတွေ တိုးမြင့်လာစေဖို့၊ ဝင်ငွေနဲ့ အလုပ်အကိုင်တွေရရှိစေဖို့ဆိုတာ အောင်မြင်တဲ့၊ ဖွံ့ဖြိုးတဲ့ စက်မှုဇုန်တွေ ဖြစ်ထွန်းလာစေဖို့လည်း လိုအပ်နေတာ မလွဲမသွေ ဖြစ်ပါတယ်။ ။

# စက်မှုဇုန်နှင့်ဈေးများ သန့်ရှင်းသာယာလှပ စည်းစနစ်တကျရှိပါက . . .

**သော်တာနမ့်စန်**

**နံနက်** ၅ နာရီဆိုလျှင် ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ညောင်တုန်း၊ အနော်ရထာလမ်းမကြီးနှင့် တပင်ရွှေထီးလမ်းမကြီးပေါ်တွင် လူနှင့် ယာဉ်များ စည်ကားစပြုနေပြီ ဖြစ်သည်။ လှိုင်သာယာမြို့နယ်တစ်နည်း စက်မှုဇုန်များရှိရာ ဤစက်မှုမြို့၏နေရာတိုင်းရှိ ကျူးကျော်တဲနေပြည်သူတို့ တစ်နေ့တာဝမ်းစာအတွက် စတင်အသက်ဝင်ပြီ ဖြစ်သလို ရပ်ကွက်၊ ကျေးရွာများရှိ ကျူးကျော်တဲများ၊ အဆောင်များနှင့် စက်ရုံလုပ်သားများ လှုပ်လှုပ်ရှားရှားဖြင့် မိမိတို့ တစ်နေ့တာဖြတ်သန်း ကုန်ဆုံးရမည့် ဝမ်းရေးတာဝန်ကို စတင်ဆောင်ရွက်သော အချိန်လည်းဖြစ်သည်။ ဤစက်မှုမြို့၏ အဓိကဈေးများဖြစ်သော ပိတောက်မြိုင်ဈေး (မီးခွက်ဈေး)၊ ပင်လုံဈေး၊ ရွှေရင်အေးဈေး၊ (၂၀)ဈေး၊ ရွှေလင်ပန်းဈေး၊ ရေညက်ကွံဈေးနှင့် ညောင်ရွာ၊ ဒိုင်စုစသည့်ဈေးကြီးတို့တွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ဈေးသည်များ ကုန်ကြိုကားများ တဖွဲဖွဲဖြင့် ဝင်ရောက်ချိန်လည်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင်သာမက မြန်မာပြည်ရှိ ပြည်နယ်တစ်ခုစာပမာ လူဦးရေနေထိုင်မှုများပြားလာသော ဤစက်မှုမြို့အား စည်းစနစ်ကျနစွာဖြင့် မြို့ပြအင်္ဂါ၊ စက်မှုမြို့အင်္ဂါနှင့်အညီ သန့်ရှင်းလှပစွာဖော်ဆောင်နိုင်ပါက မြန်မာပြည်၏ ပုံရိပ်တစ်ခုဖြစ်သော ရန်ကုန်မြို့ စီးပွားရေးမြို့တော်ကြီးအတွက် များစွာအထောက်အပံ့ဖြစ်စေမည်သာ ဖြစ်သည်။





ဓာတ်ပုံ - သစ္စာ

**စက်မှုဇုန်အင်္ဂါ၊ မြို့ပြအင်္ဂါ၊ ဈေးအင်္ဂါနှင့်အညီ**

ဤစက်မှုမြို့မှ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းသို့ လှိုင်မြစ်အတိုင်း သွားလာနိုင်သည့်အပြင် ရေချိုသိုလှောင်ထားရှိသော ပန်းလှိုင်မြစ်ကြီးနံဘေးတွင် မေးတင်ထားသော စက်မှုမြို့ကြီးတစ်ခု ဖြစ်သောကြောင့် ရန်ကုန်မြို့ပြ၏ စီးပွားရေးအချက်အချာကျရာ မြို့နယ်တစ်ခုဆိုလျှင်လည်း မမှားပေ။ ရန်ကုန်တိုင်းဒေသကြီးအတွက် စီးပွားရေးအရ အရေးပါသော ဤမြို့နယ်တွင် စက်မှုဇုန်အင်္ဂါ၊ မြို့ပြအင်္ဂါ၊ ဈေးအင်္ဂါနှင့်အညီ ထားရှိနိုင်ပါက ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ ယုံကြည်စွာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရာနေရာတစ်ခုအဖြစ် ပြောင်းလဲတိုးတက်၍ နိုင်ငံတော်အတွက် ဝင်ငွေခွန်များစွာ နှစ်စဉ်တိုးတက်ရရှိရာ စက်မှုဇုန်ကြီးအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

သို့သော်လည်း စက်မှုဇုန်များရှိ စက်ရုံများဝင်းအတွင်း သန့်ရှင်းလှပမှုမရှိသည့်အပြင် စက်ရုံဝန်းကျင် ရေစီးမြောင်းများ သန့်ရှင်းမှုမရှိဘဲ စက်ရုံရှေ့လမ်းများ၊ ကွန်တိန်နာဖြတ်သန်းရာလမ်းများ ပျက်စီးနေသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ အချို့သော စက်မှုဇုန်ဆိုလျှင် လမ်းများဆိုးရွားစွာပျက်စီးလျက် အနံ့အသက်ဆိုးများကပျံ့လွင့်လျက် ရှိသည်။ ကျူးကျော်နေထိုင်မှုကြောင့် စက်မှုဇုန်အင်္ဂါပျက်ယွင်းခြင်းထက် စက်မှုဇုန်အင်္ဂါနှင့် လိုက်ဖက်မညီသော စက်မှုဇုန်တို့ကို တွေ့မြင်ရမည် ဖြစ်သည်။

လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်များ သန့်ရှင်းသာယာလှပမှုမရှိခြင်းသည် အခြားသော ပြည်ပလုပ်ငန်းရှင်များကို တွန်းထုတ်နေသကဲ့သို့ ဖြစ်ပေါ်နေသည်မှာ ဆယ်စုနှစ်များစွာ ရှိခဲ့ပြီဖြစ်သည်။ ထိုအကျိုးဆက်သည် စက်ရုံအလုပ်သမားများအပေါ် အလုပ်သမားအခွင့်အရေး သတ်မှတ်စံနှုန်းအတိုင်း မရရှိမှုနှင့် ဆက်နွှယ်လျက်ရှိသည်။

စက်ရုံအချို့က အလုပ်ရှင်၊ အလုပ်သမား မပြေလည်မှုတို့တွင် ထိုကဏ္ဍတို့ကို ထည့်သွင်းပြောဆိုလေ့ရှိသည်။ တစ်နေ့တာ စက်ရုံမှ သတ်မှတ်စံနှုန်းအတိုင်းလုပ်ကိုင်ရာ၌ ထိုင်လျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ ထမင်းစားချိန်မှလွဲ၍ ထိုင်ခွင့်မရှိ လုပ်ကိုင်ရသော စက်ရုံအလုပ်သမားတို့မှာ တာဝန်ပြီးဆုံးချိန် အိမ်အပြန်တွင် စက်ရုံကြို၊ ပို့ကားဖြင့် ပို့ဆောင်ရာ၌ မတ်တတ်ရပ်၍ စီးနင်းနေကြရဆဲဖြစ်သည်။ အချို့မှာ တိုးလိုးတွဲလောင်းဖြင့် ညနေပိုင်း ကြားကားများကဲ့သို့ စီးနင်းနေကြရလျက်ရှိသည်။ စက်ရုံအလုပ်သမားများ ထိုင်ခုံကိုယ်စီဖြင့် ထိုင်ရသည်မှာ လွန်စွာပင် နည်းပါးလျက်ရှိသည်။ ထိုသို့စီးနင်းရမှုသည် တစ်ပတ်၊ တစ်လ၊ တစ်နှစ် မဟုတ်ပေ၊ နှစ်ချီ၍ ဖြတ်သန်းခဲ့ကြရသည်မှာ ယနေ့အထိပင်ဖြစ်သည်။

**လမ်းပေါ်ပျံကျဈေးများဖြင့် စည်ကား**

ဤမြို့နယ်တွင် ဈေးများရှိပြီး ဈေးအင်္ဂါနှင့်အညီ တည်ဆောက်ထားသောဈေးအဖြစ် မြို့သစ်တည်ပြီးချိန်မှစ၍ ယခုနှစ်ပိုင်းအတွင်း တည်ဆောက်ခဲ့သောဈေး နှစ်ဈေးသာ ရှိခဲ့သည်။ အမှတ်(၂၀) နှစ်ထပ်ဈေးနှင့် ပိတောက်မြိုင်နှစ်ထပ်ဈေးတို့ပင် ဖြစ်သည်။ ရွှေရင်အေးဈေးအပါအဝင် ဈေးအချို့သာ တစ်ထပ်ဈေးအဖြစ် ပြုပြင်တည်ဆောက်ခဲ့ပြီး ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာပေါင်းကိုးခုမှာ မူလဈေးဟောင်းများအတိုင်း ရောင်းဝယ်ကြလျက် လမ်းပေါ်ပျံကျဈေးများဖြင့် စည်ကားလျက်ရှိသည်။

လမ်းပေါ်ပျံကျဈေးများကြောင့် ကျန်းမာရေး၊ အများပြည်သူသွားလာရေး၊ မှုခင်းဖြစ်ပွားမှုနှင့် ကျူးကျော်ဆိုင်ခန်း ဆောက်လုပ်ရောင်းချခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်စေလျက်ရှိသည်။ လမ်းပေါ်ဈေးသည်တို့ကြောင့် ရဟန်းသံဃာ၊ ကျောင်းသား ကျောင်းသူ၊ ဈေးသွား ဈေးပြန်နှင့် ယာဉ်များ သွားလာ၍မရသည်အထိ ပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရဆဲ ဖြစ်သည်။ စည်ပင်သာယာမှ ရှင်းလင်းဆောင်ရွက်သော ထိုနေ့တစ်နေ့သာ ဈေးသည်၊ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များ ရှင်းလင်းသော်လည်း နံနက်ရှင်းလျှင် ညနေ လမ်းပေါ် ပြန်လည်စည်နေတတ်သည်မှာ ဤလှိုင်သာယာမှ ပျံကျဈေးများတွင် ရိုးရာမပျက် တည်ရှိလျက်ရှိသည်။

**မှုခင်းဖြစ်ပွားမှုကို တွန်းအားပေး**

စက်ရုံလုပ်သားများ လကုန်ပြီး ၅ ရက်သည် လစာထုတ်ရက်ဖြစ်၍ ထိုရက်သည် တနင်္ဂနွေနေ့ဖြစ်ပါက ပိတောက်မြိုင်ဈေး၊ ပင်လုံဈေး၊ ရွှေရင်အေးဈေးတို့ရှိ လမ်းပေါ်တွင် တိုးမပေါက်အောင် ပိတ်ဆို့လျက်ရှိရာ ခါးပိုက်နှိုက်သူ၊ လုယက်သူတို့ ထိုနေ့သည် ပွဲတော်နေ့ဖြစ်သောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှ စောင့်ကြည့်နေသည့်ကြားမှပင် လစဉ်ဖြစ်ပွားလျက်ရှိသည်။ လုယက်မှု၊ ခါးပိုက်နှိုက်မှုခံရပါက သက်ဆိုင်ရာရဲစခန်းသို့ မတိုင်ကြားခြင်းသည်လည်း လုယက်သူတို့ ပို၍လက်ရဲဇက်ရဲ ဖြစ်လာစေလျက် မှုခင်းဖြစ်ပွားမှုကို တွန်းအားပေးသကဲ့သို့ ဖြစ်ပေါ်လျက်ရှိသည်။ ညပိုင်းတွင်သာမက နေ့ပိုင်းတွင်လည်း လူစည်ကားရာ ဗိုလ်အောင်ကျော်လမ်းပေါ်၌ ဆိုင်ကယ်စီး၍ လုယက်မှု လပိုင်းအတွင်း စိပ်လာသည်ကို တွေ့မြင်ရလျက်ရှိသည်။ လမ်းပေါ်ဈေးသည်ရှိ၍ လမ်းပေါ်တွင် ဝယ်ယူသောကြောင့် လမ်းပေါ်တွင် အလု၊ အနှိုက်ခံရခြင်းပင် ဖြစ်သည်။ လမ်းပေါ်ဈေးသည်များ ကင်းရှင်းပါက ဈေးအတွင်း၌ လုယက်မှု၊ ခါးပိုက်နှိုက်မှုကို ပြည်သူတို့ ကင်းဝေးစေမည် ဖြစ်သည်။

**လမ်းပေါ်ဈေးသည်ကြောင့် သွားလာမှုခက်ခဲ**

စက်မှုမြို့ရှိ ရပ်ကွက်၊ ကျေးရွာတို့တွင်ရှိသော စည်ပင်သာယာဈေးများနှင့်ကပ်လျက် ကွန်ကရစ်လမ်းများပေါ်တွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်၊ သစ်သီး၊ လက်ဖက်ရည်ဆိုင်များ ရောင်းချလျက်ရှိရာ လှိုင်သာယာမြို့နယ်တွင် အစည်ကားဆုံးဈေးဖြစ်သော ပိတောက်မြိုင်ဈေး ယာဘက်ခြမ်းရှိ ဖိုးရာဇာလမ်း၊ ဝဲဘက်ရှိ မြို့မငြိမ်း (၃)လမ်းနှင့် အနောက်ဘက်ရှိ အောင်သီတာလမ်းပေါ်တွင် လမ်းပေါ်ဈေးသည်တို့ကြောင့် နေ့စဉ် အများပြည်သူ သွားလာရေး အခက်အခဲကြုံတွေ့နေရလျက်ရှိသည်။

အထူးသဖြင့် အများပြည်သူ သွားလာရေး အဆင်ပြေချောမွေ့စေရန် နိုင်ငံတော်မှ ရှံ့ဗွက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပေးခဲ့သည့် ပိတောက်မြိုင်ဈေး ယာဘက်ရှိ ဖိုးရာဇာ ကွန်ကရစ်လမ်းပေါ်၌ လမ်းလယ်တွင် ဈေးဗန်းချ၍ ရောင်းချနေသောကြောင့် ထိုလမ်းတွင် ဈေးသည် အတန်း သုံးတန်းဖြစ်လျက် ယာဉ်၊ ဆိုက်ကား၊ ဆိုင်ကယ်တို့ထက် ကျောင်းသား ကျောင်းသူများ သွားလာ၍မရသည်အထိ ပိတ်ဆို့လျက်ရှိနေသည်မှာ အများပြည်သူ နေ့စဉ်ကြုံတွေ့နေရလျက်ရှိသည်။ ထိုသို့သောဖြစ်စဉ်များသည် လှိုင်သာယာ မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာတို့ရှိ စည်ပင်ဈေး၊ ပျံကျဈေးတိုင်းတွင် ကြုံတွေ့နေရခြင်းဖြစ်ရာ အခြားသော မြို့နယ်အသီးသီးတို့ရှိ ဈေးများတွင်လည်း ထိုဒုက္ခမျိုးစုံ ကြုံတွေ့နေရမည်မှာ ဧကန်ပင်ဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့ပြ၏ စက်မှုဇုန်များ ခေတ်မီလှပ သန့်ရှင်းသပ်ရပ်မှုနှင့်အတူ မြို့နယ်အသီးသီးမှဈေးများ ဈေးအင်္ဂါနှင့်အညီ ဖွံ့ဖြိုးလာစေရန် တာဝန်ရှိသူအသီးသီးနှင့်အတူ ပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ဆန္ဒပြုလိုက်ရပါသည်။ ။

**"ပိတောက်မြိုင်ဈေး ယာဘက်ရှိ ဖိုးရာဇာ ကွန်ကရစ်လမ်းပေါ်၌ လမ်းလယ်တွင် ဈေးဗန်းချ၍ ရောင်းချနေသောကြောင့် ထိုလမ်းတွင် ဈေးသည် အတန်း သုံးတန်းဖြစ်လျက် ယာဉ်၊ ဆိုက်ကား၊ ဆိုင်ကယ်တို့ထက် ကျောင်းသား ကျောင်းသူများ သွားလာ၍မရသည်အထိ ပိတ်ဆို့လျက်ရှိ"**

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်




**နံပါတ်ထွက်ပြီးသားတွေမှာ ရန်ကုန်လိုင်စင်တင် မကပါဘူး။ နယ်လိုင်စင်ကားလေးတွေပါ အရောင်းအဝယ်ဖြစ်တာ တွေ့လာရတယ်။ ဈေးကွက်မှာ စည်ကားစပြုနေတယ်လို့လည်း ပြောရင်ရပါတယ်။ အားလုံးကတော့ အရောင်းအဝယ်ဖြစ်ရင် ကြိုက်ဈေးရနေတဲ့ အနေအထားကို တွေ့ရတယ်။**

# မုန်တိုင်းမိုးကိုအန်တုရင်း အရောင်းအဝယ်ပြန်ဖြစ်လာတဲ့ ရန်ကုန်ကားဈေးကွက်

မင်းသော်

**ယခုသီတင်းပတ်အတွင်း** မုန်တိုင်းမိုးရွာသွန်းခဲ့သော်လည်း တစ်ပတ်ရစ်ဂျပန်ကားဟောင်းဈေးကွက် ယခင်ကာလထက် ပိုမိုအလုပ်ဖြစ်လာကြောင်း ကားလောကအသိုင်းအဝိုင်းမှ သိရှိရသည်။ အဓိကဝယ်လက်များအဖြစ် နယ်ဝယ်လက်များ ပိုမိုလာရောက်ဝယ်ယူကြခြင်းကြောင့်လည်း ကားလောကအတွင်း အရောင်းအဝယ်အားကောင်းလာခြင်း ဖြစ်သည်။

"အများစုကတော့ နယ်ဝယ်လက်ပေါ့။ ရန်ကုန်ဝယ်လက်ကတော့ မရှိသလောက်နည်းပါးပါတယ်။ အများစုက ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ တနင်္သာရီတိုင်းတို့ကနေ အများဆုံး လာကြတာတွေ့ရတယ်။ နယ်အကြိုက်ကားတွေ ပိုပြီးအလုပ်ဖြစ်လာတယ်။ ဇိမ်ခံအိမ်သုံးကားထက် အကြမ်းခံတဲ့ အင်ဂျင်ပါဝါ ၁၈၀၀ ကနေ ၂၀၀၀အကြားရှိတဲ့ အော်တိုကားတွေနဲ့ ဖိုးဝိုးကားတွေ အများဆုံး အရောင်းအဝယ်ဖြစ်တယ်။ နောက်တစ်ခုက ခရီးသွားလုပ်ငန်းအတွက် ဧရာဝတီတိုင်းဒေသကြီးက အာရာဖတ်နဲ့ နော့ကားတွေ၊ တိုရိုတာတောင်းအေ့စ်လို ကားတွေကို အမေးများတော့ ဈေးကွက်မှာ အနည်းငယ်ဈေးတက်ဖို့ ပြင်နေကြတာတွေ့ရတယ်"ဟု ကားအရောင်းအဝယ်လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်ကျော်က ၂၀၁၉ခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့် မော်ဒယ်သတ်မှတ်ချက်များ ထွက်ရှိလာခဲ့သော်လည်း စိတ်ဝင်စားမှု မရှိသလောက် နည်းပါးနေကြောင်းသိရသည်။ အကြောင်းမှာ ဒေါ်လာဈေးမြင့်တက်ခြင်း၊ ညာမောင်းအသုံးပြုမှု အားသာနေခြင်းနှင့် မော်ဒယ်သတ်မှတ်ချက် မြင့်မားနေသေးခြင်းတို့ကြောင့်ဖြစ်ကြောင်း ကားလောကသားများက ဆိုကြသည်။ ယခင်နှစ်များက မော်ဒယ်သတ်မှတ်ချက် မထွက်ရှိခင်နှင့် ထွက်ရှိပြီးစတွင် ဈေးနှုန်းများ ပြောင်းလဲခြင်းနှင့် အရောင်းအဝယ်ဈေးကွက်ကို ထိခိုက်ခြင်းတို့ ရှိခဲ့ဖူးသော်လည်း ယခုနှစ်တွင်မူ ၂၀၁၈ ဘယ်မောင်းသတ်မှတ်ချက်လောက်ပင် လူစိတ်ဝင်စားမှုမရှိဟု သိရသည်။

"နံပါတ်မထွက်သေးတဲ့ စတီနံပါတ်ကားတွေကတော့ အရောင်းအဝယ်မရှိသလောက်ပါပဲ။ ဈေးကလည်း မြင့်သလို အများစုက တတ်နိုင်ပြီး အကြမ်းလည်းခံတဲ့ ဂျပန်တစ်ပတ်ရစ်ညာမောင်းအပေါ် အာရုံကျနေတုန်းပါပဲ။ ဒါကြောင့် စတီကားတွေက အရောင်းအဝယ်မရှိသလောက်ဖြစ်ရတာ။ နောက်လာမယ့် တစ်နှစ်လောက်အတွင်းမှာလည်း ဒီအတိုင်းသွားနေဦးမယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။ အကြောင်းက လူတွေအားလုံး ဘယ်မောင်းနဲ့ စိမ်းနေသေးတာရော၊ မော်ဒယ်သတ်မှတ်ချက်က မြင့်တာကြောင့် ဈေးကလည်းစွာသေးတာကြောင့် ဖြစ်တယ်"ဟု ကားဝယ်ရောင်း ကိုသစ္စာကလည်း ပြောပြသည်။

| တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
| Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၅ |
| Belta | 2008 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၀ |
| Wish | 2006 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၈၈ |
| RAV4 | 2007 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၇၅ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၅၃ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၈ |
| Surf | 2006 | ရန်ကုန် | 2700cc | အပြင်ဈေး | ၆၆၂ |
| CRV | 2012 | ရန်ကုန် | 2000cc | အပြင်ဈေး | ၆၃၂ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၃ |
| Alphard | 2004 | ရန်ကုန် | 2400cc | အပြင်ဈေး | ၂၆၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ဂျပန်ညာမောင်းကားအများစုမှာတော့ ဒေါ်လာဈေးအတက်အကျနှင့် သက်ဆိုင်မှုများစွာမရှိဘဲ အရောင်းအဝယ်ဖြစ်နေကြပြီး အိမ်စီးကားအများစုတွင် အာရာဖတ်၊ ဟွန်ဒါဖစ်နှင့် ဟွန်ဒါအင်ဆိုက်၊ ကာဒီနားနှင့် စီအာရ်ဗွီတို့ အများဆုံးအရောင်းအဝယ်ဖြစ်ကြသကဲ့သို့ လုပ်ငန်းသုံးပေါ့ပါးသည့် တိုရိုတာတောင်းအေ့စ်၊ ဆာဖ့်၊ ပစ်ကပ်နှင့် ဟိုက်ဂျက်တို့မှာလည်း လူစိတ်ဝင်စားမှုများပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

"နံပါတ်ထွက်ပြီးသားတွေမှာ ရန်ကုန်လိုင်စင်တင်မကပါဘူး၊ နယ်လိုင်စင်ကားလေးတွေပါ အရောင်းအဝယ်ဖြစ်တာတွေ့လာရတယ်။ ဈေးကွက်မှာ စည်ကားစပြုနေတယ်လို့လည်း ပြောရင်ရပါတယ်။ အားလုံးကတော့ အရောင်းအဝယ်ဖြစ်ရင် ကြိုက်ဈေးရနေတဲ့ အနေအထားကိုတွေ့ရတယ်။ ဝယ်လိုအားတက်လာတဲ့အတွက် ပွဲစားနဲ့ ဝယ်ရောင်းသမားတွေကလည်း ကားရှာနေကြတာဆိုတော့ ဈေးကလာမယ့်သီတင်းပတ်အတွင်းမှာ ငွေကျပ် သုံးသိန်းကနေ ငါးသိန်းလောက်အထိ တက်နိုင်တယ်လို့ ထင်ပါတယ်။ ရန်ကုန်ဝယ်လက်ကတော့ စိတ်ကြိုက်ရှာ၊ စိတ်ကြိုက်စစ်ဆေး၊ စိတ်ကြိုက်ဈေးပေးတတ်ကြပေမယ့် နယ်ဝယ်လက်ကတော့ ကားရဲ့ကြံ့ခိုင်မှု၊ အရောင်နဲ့ နံပါတ်ကြိုက်တယ်ဆိုရင် အရောင်းအဝယ်ဖြစ်ရတာ ပိုပြီးလွယ်ကူတယ်။ အခုနောက်ပိုင်းမှာ လိုင်စင်ကလည်း ပဲခူးလိုင်စင်၊ မန္တလေးလိုင်စင်နဲ့ မွန်လိုင်စင်တွေ အများဆုံးဈေးကွက်ထဲ ရောက်လာတယ်"ဟု ကိုကျော်ဇေယျာဝင်းကပြောသည်။

ငွေကျပ် သိန်း ၁၈၀ မှ ၃၀၀ အကြားမော်တော်ကားတန်ဖိုးသင့်များ အရောင်းအဝယ်အဖြစ်များနေပြီး မော်တော်ယာဉ်မှန်ကန်မှုရှိမရှိ စစ်ဆေးခြင်းများလည်း ပိုမိုလုပ်ကိုင်လာနေကြောင်း သိရှိရသည်။ "ဖောက်စွပ်ကတော့ တော်တော်လေး ပူရတာပေါ့။ ဈေးကိုလည်း ကြည့်ရတယ်။ လျှော့ပေးတိုင်းလည်း အားမရပါနဲ့ သေသေချာချာ စစ်ဆေးပြီးမှပဲ ဝယ်သင့်တယ်။ ဝယ်လိုအားတက်လာတဲ့အတွက် ဖောက်စွပ်ပြဿနာကိုလည်း မေ့ထားလို့မရဘူး။ နယ်သမားတွေအတွက် သတိထားပြီး လေ့လာပြီးမှသာ ဝယ်ယူသင့်တယ်"ဟု ကားဝယ်ရောင်းတစ်ဦးက အကြံပြုသည်။




ဂျပန်တစ်ပတ်ရစ်ကားများအပြင် ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ထားသည့် ကားလေးများကိုလည်း ရန်ကုန်လိုင်စင်ဖြင့် ဝယ်ယူရရှိနိုင်သည့်အတွက် ရန်ကုန်ဒေသခံများက ကြိုက်နှစ်သက်ကြကြောင်းနှင့် ပိုမိုစိတ်ဝင်စားလာသည်ကို မြင်တွေ့ရကြောင်း ကားလောကအတွင်းက သိရှိရသည်။

"ရွေးချယ်စရာပိုများလာတာပေါ့။ ရန်ကုန်မှာပဲ စီးမယ်။ ငွေကလည်း ပေးရတာနဲ့ အသစ်ရတာနဲ့ဆိုရင် တန်တယ်လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းထုတ်ကားတွေ ပိုပြီးအလုပ်ဖြစ်လာတာပါ။ ဈေးကွက်က တော်တော်လေးကျယ်ပြန့်လာပြီ။ တစ်ခါတစ်ရံ ပြည်တွင်းထုတ်ကားလေးတွေ တော်တော်လေးသန့်တာတွေကို တစ်ပတ်ရစ်ကားဈေးကွက်ထဲတောင် ရောက်ရောက်လာတတ်တယ်" ဟု ကိုကျော်ဇေယျာဝင်းက ပြောပြသည်။ ။